ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကပ်ညိတွယ်တာခြင်းမရှိဘဲစောင့်ရှောက်**

ဤ(သုံးဆယ့်နှစ်ကောဋ္ဌာသ) ခန္ဓာကိုယ်ကို အိုးနှင့်တူ၏ဟု သိ၍ ဤစိတ်ကို မြို့နှင့်တူ၏ဟု ဉာဏ်၌သက်ဝင်စေလျက် ပညာလက်နက်ဖြင့် ကိလေသာမာန်ကို တိုက်ခိုက်ရာ၏။ (တိုက်ခိုက်၍) အောင်သောတရားကိုလည်း ကပ်ညိတွယ်တာခြင်းမရှိဘဲ စောင့်ရှောက်ထားရာ၏။ စိတ္တဝဂ်(ဓမ္မပဒ-၄၀)

၁၃၇၈ ခုနှစ် ဝါဆိုလဆန်း ၁၀ ရက်၊ ကြာသပတေးနေ့။ 14, Thursday July 2016 (၈၆၂၂)

# (၁၁)ကြိမ်မြောက် အာရှ-ဥရောပထိပ်သီးအစည်းအဝေးတက်ရောက်ရန် နိုင်ငံတော်သမ္မတ ဦးထင်ကျော် မွန်ဂိုလီးယားနိုင်ငံသို့ ထွက်ခွာ

သတင်း၊ စာမျက်နှာ-၃

# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဧကာဒသမအစည်းအဝေး ပထမနေ့ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဧကာဒသမ အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။**(ယာပုံ)**



အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်

စာမျက်နှာ ၄ ကော်လံ ၁ ❒

## (၆၉) နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥသြဆွဲရန်

**နေပြည်တော် ဇူလိုင် ၁၃**

၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၉ ရက်(အင်္ဂါနေ့) (၆၉)နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် အောက်ခြေအဖွဲ့အစည်းအဆင့်ဆင့်သို့ ဆက်လက်ညွှန်ကြားရန် နိုင်ငံတော်သမ္မတရုံးက အစိုးရရုံးဌာနအားလုံးသို့ ညွှန်ကြားထားကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## မြန်မာ-ကိုရီးယားစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

သတင်း၊ စာမျက်နှာ-၈

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားပြတိုက်(ရန်ကုန်)နှင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တို့ကို ကြည့်ရှုစစ်ဆေး

သတင်း၊ စာမျက်နှာ-၈



## ကြေးမုံ

# ကိုယ်ရည်ကိုယ်သွေးနှင့် လူတစ်ဦးချင်းဘဝမြှင့်တင်ရေး

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ ယခုနှစ် ဇွန်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် မနော်ဒါးခူအား ရွေးချယ်၍ ကျေးဇူးတင်လွှာတစ်စောင်ထုတ်ပြန်ခဲ့သည်။ မနော်ဒါးခူသည် မွေးရာပါ ကိုယ်အင်္ဂါချို့တဲ့သူဖြစ်သော်လည်း ဘဝကိုအလွယ်တကူအရှုံးမပေးဘဲ ခိုင်မာသည့် စိတ်ဓာတ်၊ ထက်သန်သည့် လုံ့လဝီရိယရှိသူတစ်ဦးဖြစ်သည်။ သူသည် ၂၀၁၅ -၂၀၁၆ ပညာသင်နှစ်တွင်ခြေထောက်ဖြင့်ရေးဖြေ၍ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အောင်မြင်ခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ ထိုသို့ ချီးကျူးဂုဏ်ပြုခြင်းများကို မှန်မှန်ပြုလုပ်သွားမည်ဖြစ်ရာ လူ့အဖွဲ့အစည်းအတွင်း လူတစ်ဦးချင်းနှင့်အဖွဲ့အစည်းအလိုက်စွမ်းဆောင်ရည်များကို အသိအမှတ်ပြုမြှင့်တင်ပေးခြင်းပင်ဖြစ်သည်။

လူတိုင်းတွင် ဘက်တစ်ဖက်၌ ထူးချွန်နိုင်သော ကိုယ်ရည်ကိုယ်သွေးရှိသည်ဟုယူဆနိုင်သည်။ သို့သော် မဖွံ့ဖြိုးသေးသောနိုင်ငံများ၌ လူအများစုကြီးသည် မိမိ၏ကိုယ်ရည်ကိုယ်သွေးကို ဖွံ့ဖြိုးခွင့်မရဘဲ ဘဝများပြီးဆုံးသွားခဲ့ကြရသည်။ မြန်မာနိုင်ငံလို ပဋိပက္ခပေါင်းစုံပြွမ်းတီးနေသောနိုင်ငံများတွင် လူတစ်ဦးချင်းဘဝများတိုးမြှင့်ရေး၊ ထူးချွန်ထက်မြက်လာရေးနှင့်အောင်မြင်သော ဘဝတစ်ခု ပိုင်ဆိုင်လာရေးမှာ အတော်ပင်ခက်ခဲလှသည်ဟုဆိုနိုင်သည်။

လူအများစု၏ဘဝမှာ သာမန်နေထိုင်မှုဘဝအတွက် ရုန်းကန်ရခြင်းများဖြင့် အချိန်ကုန်ဆုံးကြရသည်။ နေ့စဉ် ထမင်းနပ်မှန်ရေးသည် လူအများစုကြီး၏ အဓိက တာဝန်ဖြစ်နေသည်။ ရရှိသော ဝင်ငွေ၏ ၇၀ ရာခိုင်နှုန်းလောက်ကို နေထိုင်စားသောက်ရေးအတွက် အသုံးပြုနေရသော ပြည်သူများအဖို့ ကိုယ်ရည်ကိုယ်သွေးမြှင့်တင်ဖို့နှင့် မိမိ၏ထူးချွန်နိုင်မှုကို ရှာဖွေဖို့ အချိန်မရှိပေ။ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ပုံမှန်နေထိုင်စားသောက်မှုအတွက် ကုန်ကျငွေမှာ ဝင်ငွေ၏ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းလောက်သာရှိကြသည်။ ထို့ကြောင့် သူတို့အတွက် အနားယူချိန်၊ ခရီးထွက်ချိန်၊ ကိုယ့်ကိုယ်ကိုယ်ရှာဖွေဖို့အတွက် သုံးစွဲရန် ငွေကြေးအင်အား တတ်နိုင်ကြသည်။ ထို့အတွက် စာပေအနုပညာ၊ စီးပွားရေး၊ အတွေးအခေါ်၊ အားကစား၊ ပရဟိတလုပ်ငန်းစသဖြင့် ကိုယ်သန်ရာကို လိုက်စားနိုင်ခွင့်ရှိလာသောကြောင့် သူတို့၏ထူးချွန်ထက်မြက်မှုသည် ပေါ်လွင်လာနိုင်သည်။

ဘီလ်ဂိတ်၊ စတိဗ်ဂျော့၊ ဇူကာဘတ် စသူများသည် အတန်းပညာအရပြောလျှင် ကျောင်းပြီးဆုံးအောင် နေခဲ့သူများ မဟုတ်ပေ။ သို့သော် သူတို့၏ ဘဝဖြတ်သန်းမှုများကို ကြည့်လျှင် လွတ်လပ်သော ပြိုင်ဆိုင်မှုကို အားပေးသော ပတ်ဝန်းကျင်နှင့် အင့်စိတ်ကင်းသော အခြေအနေများကို တွေ့မြင်နိုင်သည်။ တစ်ဖက်က ခေတ်မီတိုးတက်နေသော နည်းပညာရပ်ဝန်းကြီးနှင့် ဖွံ့ဖြိုးပြီးဖြစ်သော လူ့အဖွဲ့အစည်းတို့၏ အနေအထားများကလည်း သူတို့အား ကမ္ဘာကျော်တီထွင်ဖန်တီးသူ၊ စွန့်ဦးတည်ထွင်သူများ ဘဝကို ရောက်စေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာ လွှမ်းမိုးလာသော အတွေးအခေါ်များရှိသည်။ မလုပ်၊ မရှုပ်၊ မပြုတ်။ ခေါ်ရင် သွား၊ ခိုင်းတာလုပ်၊ ခံမပြောနဲ့ စသောစကားများနောက်ကွယ်ရှိ တွေးခေါ်မှုပုံစံသည် ဝန်ထမ်းလောကတွင်သာမက လူ့အဖွဲ့အစည်းတစ်ခုလုံးသို့ ပျံ့နှံ့နေခဲ့ခြင်းဖြစ်သည်။ လုံခြုံမှုဦးစားပေး အစီအစဉ်များအောက်တွင် အရာအားလုံးချုပ်ကိုင်ခံရသည်။ ပိတ်ပင်တားဆီးခံရသည်။ လူမှုလက်တွေ့ဘဝများတွင်သာမက အတွေးအခေါ်မှာပင် လွတ်လပ်ခွင့်မရှိခဲ့ပေ။ ထိုသို့သော လူ့အဖွဲ့အစည်းသည် မည်သို့တိုးတက်နိုင်ပါမည်နည်း။ တီထွင်ဖန်တီးနိုင်စွမ်းရှိသော လူငယ်များ မည်သို့ပေါ်ထွက်လာပါမည်နည်း။

ယခုနိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လှုပ်ရှားဆောင်ရွက်မှုများတွင်လူများ၏လွတ်လပ်စွာဖွံ့ဖြိုးတိုးတက်ခွင့်ကို အထောက်အကူပြုစေသော ဆောင်ရွက်ချက်များပါဝင်နေသည်။ လက်တွေ့တွင်လည်း လွန်ခဲ့သော ငါးနှစ်ခန့်၊ လွတ်လပ်ခွင့်တစ်စုံတစ်ရာရရှိလာသော အခြေအနေကြောင့် မြန်မာလူငယ်၊ လူလတ်များအတွင်း ထူးချွန်ထက်မြက်မှု၊ အောင်မြင်တိုးတက်မှုများကို စတင်တွေ့ရှိလာရသည်။

၂၀၁၈ ခုနှစ် အာဆီယံ၏ လူ့အသိုက်အဝန်းစတင်ထူထောင်ပြီဆိုလျှင် လုပ်အားများ၊ ကျွမ်းကျင်မှုများ၊ ငွေပင်ငွေရင်းများလွတ်လပ်စွာစီးဝင်ကြမည်ဖြစ်ရာ မြန်မာလူငယ်၊ လူလတ်များစွမ်းရည်ပြည့်ဝနေဖို့လိုသည်။ လူ့အဖွဲ့အစည်းတစ်ခုလုံး ဝေဆာပွင့်လန်းလာသော အခြေအနေရောက်ရန် လိုအပ်သေးသော်လည်း လူတစ်ဦးချင်းဘဝ လွတ်လပ်စွာဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ၊ အချက်အလက်ကောင်းများကို အစိုးရမှ ဖန်တီးပေးရန်လိုပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ စိတ်ဓာတ်နှင့် အတွေးအခေါ်ရေးရာ လမ်းပြမှုတစ်ခုတည်းဖြင့် လုံလောက်မည်မဟုတ်ဘဲ အဆင့်ဆင့်တာဝန်ရှိသူများကိုယ်တိုင် သဘောပေါက်နားလည်ပြီး ပြီးမြောက်အောင်မြင်အောင်ဆောင်ရွက်မှသာ လူတစ်ဦးချင်းဘဝများ ရှင်သန်ဖွံ့ဖြိုးလာမည်ဖြစ်ပေသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများအားတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌနှင့် အဖွဲ့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်ဝင်းက သဘာဝသယံဇာတကို အခြေခံသည့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်နိုင်မည့် စီးပွားရေးမဟာဗျူဟာစာတမ်းကို power point ဖြင့် ရှင်းလင်းတင်ပြပြီး မြန်မာ့ကျောက်မျက် လက်ဝတ်ရတနာ အချောထည် ပစ္စည်းများအတွက် ပြည်ပပို့ကုန်မူဝါဒ ပြဋ္ဌာန်းပေးနိုင်ရန်၊ ကျောက်မျက်အချောထည် ထုတ်လုပ်မှုကို အားပေးသည့် အကောက်ခွန်နှုန်းထားများ ပြန်လည်သုံးသပ်ရန်၊ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော လွတ်လပ်သည့် ပို့ကုန်/သွင်းကုန် မူဝါဒများချမှတ်ပေးရန်၊ export processing zone များ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်နှင့် အခြားကြုံတွေ့နေရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုဝန်ကြီးက မိမိဝန်ကြီးဌာနမှ လက်ရှိကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် အခြားသက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့် ပူးပေါင်း ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးပြောကြားပြီး အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက လိုအပ်သည်များကို ဆွေးနွေးတင်ပြကြသည်။

**(သတင်းစဉ်)**



# ဒုတိယအကြိမ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်များအစည်းအဝေးသို့ မြန်မာအားကစားကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**ရန်ကုန် ဇူလိုင် ၁၃**

၂၀၁၇ ခုနှစ် မလေးရှားနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဇူလိုင် ၁၃ ရက်မှ ၁၄ ရက်အထိ ကျင်းပမည့် ဒုတိယအကြိမ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အဖွဲ့ချုပ်များအစည်းအဝေး (2nd SEAGF Meeting)သို့ တက်ရောက်ရန် မြန်မာအားကစားကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၂ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားသည်။



မြန်မာအားကစားကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီအထွေထွေ အတွင်းရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်လွင်၊ ဆေးဘက်ဆိုင်ရာဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာမော်လီချစ်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ တွဲဖက်အထွေထွေအတွင်းရေးမှူး (၂) ဦးခင်မောင်လွင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်နှင့် ဒေါ်စိုးစိုးမြာ တို့ လိုက်ပါသွားကြောင်းသိရသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာ့အားကစားကိုယ်စားလှယ်အဖွဲ့သည် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အောင်မြင်မှုဆုတံဆိပ် အများဆုံးဆွတ်ခူးပေးသော လေ့လှော်အားကစားနည်းပညာများနှင့် ခြင်းလုံးအားကစားနည်းတို့တွင် အမျိုးသမီး Event ပြိုင်ပွဲများကိုပါ ထည့်သွင်းကျင်းပနိုင်ရေးတို့အတွက် အဓိကထား ဆွေးနွေးသွားမည်ဖြစ်ပြီး အိမ်ရှင်နိုင်ငံမှ ရေးဆွဲထားသည့် အားကစားနည်းများအပြင် မြန်မာနိုင်ငံမှ အောင်မြင်မှုရရှိနိုင်သော အားကစားနည်းများကိုပါ ထည့်သွင်းကျင်းပနိုင်ရေး/ပြိုင်ပွဲပွဲစဉ်များထည့်သွင်းကျင်းပနိုင်ရေးတို့အတွက် အဓိကထားဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ၎င်းအပြင် အားကစားသမားများ တားမြစ်ဆေးဝါး သုံးစွဲကင်းစင်ရေး အစည်းအဝေးများသို့ တက်ရောက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်း-သီသီမင်း/ဓာတ်ပုံ-ဖြိုး)**




# ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**ညောင်လေးပင် ဇူလိုင် ၁၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ သန့်ရှင်းသာယာလှပရေးနှင့်ရေစီးရေလာကောင်းမွန်စေရန်အတွက် ဇူလိုင်လပထမပတ်က ညောင်လေးပင်မြို့ မြို့မ(၄)ရပ်ကွက် မန္တလေးလမ်းမကြီးဝဲ/ယာ၌ စုပေါင်းဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ၊ အင်ဂျင်နီယာမှူးနှင့် စည်ပင်ဝန်ထမ်းများ၊ မြို့မ(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများစုပေါင်း၍ ရေမြောင်းများအတွင်းရှိ အမှိုက်များဆယ်ယူခြင်း၊ မြောင်းများ ပြန်လည်တူးဖော်ပေးခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရန် ချုံနွယ်မြက်သစ်ပင်များခုတ်ထွင်ရှင်းလင်းခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။ **(နေလင်း)**

ကြေးမုံ
မနက်စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်

အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း

အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၇၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၇၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

## ၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပစဉ် လမ်းကြောင်းပိတ်ဆို့ထားမှု၊ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ရမည့်လမ်းကြောင်းသတ်မှတ်မှုနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ခွင့်မပြုကြောင်း သတ်မှတ်ကြေညာ

၁။ (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ၂၀၁၆ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီ၌ စတင်ကျင်းပမည်ဖြစ်ရာ ဇူလိုင် ၁၈ ရက် ညနေ ၆ နာရီမှ ဇူလိုင် ၁၉ ရက် ညနေ ၆ နာရီထိ အောက်ဖော်ပြပါလမ်းကြောင်းများကို ဖြတ်သန်းသွားလာမှု ယာယီပိတ်ဆို့ထားမည် ဖြစ်ပါသည်-

(က) ဦးဝိစာရလမ်းနှင့် အနောက်ရွှေဂုံတိုင်လမ်းဆုံရာမှ အနောက်ရွှေဂုံတိုင်လမ်းအတိုင်း လင့်လမ်းနှင့် ဆုံရာအထိ။

(ခ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံဘုရားအရှေ့မုခ် စောင်းတန်းအထိ။

(ဂ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်ဗိမာန်သို့ တက်ရောက်ရာ အုတ်လှေကားလမ်းနှင့် ကျောက်ဆည် ဓမ္မာရုံဘေးလမ်းကြားများ။

၂။ အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားထားသော ဧည့်သည်တော်များသည် ရွှေတိဂုံတောင်ဘက်မုခ်မှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်မှတစ်ဆင့် ရွှေတိဂုံမြောက်ဘက်မုခ်ရှိ အာဇာနည်ဗိမာန်ဝင်ပေါက် ဂိတ်(၂)မှဝင်ရောက်ပြီး အနောက်ရွှေတိဂုံတိုင်လမ်းသို့ ဂိတ်(၃)မှ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

၃။ ဇူလိုင်လ ၁၉ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီထိ အာဇာနည်ဗိမာန်သို့ အများပြည်သူ လာရောက်ဂါရဝပြုနိုင်ရန် ဖွင့်လှစ်ထားမည်ဖြစ်ရာ လာရောက်ကြမည့် ပြည်သူများသည် အနောက်ရွှေဂုံတိုင်လမ်းမှတစ်ဆင့် အနောက်ရွှေဂုံတိုင်လမ်းနှင့် အာဇာနည်လမ်းဆုံရှိ ဂိတ်(၁)မှ ဝင်ရောက်၍ ဂိတ်(၂) မှတစ်ဆင့် အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်စောင်းတန်းသို့ ထွက်ခွာရမည်ဖြစ်ပါသည်။

၄။ အာဇာနည်ဗိမာန်နှင့် ဗိုလ်ချုပ်ပြတိုက်သို့ ဝင်ရောက်ဂါရဝပြုကြမည့်သူများသည် ပန်းခွေ၊ပန်းစည်း၊ပန်းခြင်း အမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးမျိုးမျိုး၊ အလံအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်၊ သံပိုက်၊ ကော်ပိုက်နှင့် ကြိုတင်စစ်ဆေးခံယူမှုမရှိသော လုံခြုံရေးကိုထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ခွင့်မပြုကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။

၅။ အာဇာနည်ဗိမာန်နှင့် ဗိုလ်ချုပ်ပြတိုက်သို့ ဝင်/ထွက်ရာလမ်းကြောင်းနှင့်ဂိတ်များ၌ လုံခြုံရေးအရ ရှာဖွေစစ်ဆေးမှုများကို ပူးပေါင်းကူညီသောအားဖြင့် ကြည်ဖြူစွာအစစ်ဆေးခံပေးကြပါရန်နှင့် သတ်မှတ်လမ်းကြောင်းမှသာ စည်းကမ်းတကျဝင်ရောက်ထွက်ခွာကြပါရန် မေတ္တာရပ်ခံပါသည်။

**၂၀၁၆ ခုနှစ်၊ (၆၉)နှစ်မြောက် အာဇာနည်းနေ့အခမ်းအနား**
**လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ**



## နိုင်ငံရေးနှင့် စည်းကမ်းကို ခွဲခြားနားလည်

နိုင်ငံရေးနှင့်စည်းကမ်းကို ခွဲခြားနားလည်ပါ။ စည်းကမ်းမရှိရင် အလုပ်မဖြစ်ဘူး။ စည်းကမ်းတစ်ခု ဖောက်ဖျက်ချင်တယ်ဆိုရင် ဒီစည်းကမ်းဖောက်ဖျက်လို့ ခံရမယ့်အပြစ်ကို နားလည်စေရမယ်။ အမိန့်ပြင်အောင် စည်းကမ်းနဲ့ ကြိုးစားပါ။ မပြင်ခင် ဒီအမိန့်အတိုင်း လိုက်နာနေပါ။ နိုင်ငံရေးနှင့် စည်းကမ်း ခွဲခြားနားလည်ခြင်းဖြစ်တယ်။

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နတ်မောက်မြို့ အမှုထမ်းပေါင်းစုံ သမဂ္ဂနှင့် ညစာစားပွဲတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**




## (၁၁)ကြိမ်မြောက် အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးတက်ရောက်ရန် နိုင်ငံတော်သမ္မတ ဦးထင်ကျော် မွန်ဂိုလီးယားနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၁၃**

မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့၌ ကျင်းပမည့် (၁၁)ကြိမ်မြောက် အာရှ - ဥရောပ ထိပ်သီးအစည်းအဝေး(ASEM)သို့ တက်ရောက်ရန် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့ ည ၁၁ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

အာရှ - ဥရောပ ထိပ်သီးအစည်းအဝေး (ASEM)ကို ၁၉၉၆ ခုနှစ်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ စတင်ကျင်းပခဲ့သည်။ ယခုနှစ် မွန်ဂိုလီးယားနိုင်ငံ၌ ကျင်းပမည့် အစည်းအဝေးသည် (၁၁)ကြိမ်မြောက် အစည်းအဝေးဖြစ်ပြီး အေဆမ်၏ နှစ် ၂၀ ပြည့် နှစ်ပတ်လည်နေ့ရက်နှင့်လည်း တိုက်ဆိုင်လျက်ရှိသည်။

(၁၁)ကြိမ်မြောက် အာရှ-ဥရောပ ထိပ်သီးအစည်းအဝေး(ASEM)၌ မြန်မာနိုင်ငံသည် အာရှဒေသဆိုင်ရာ ညှိနှိုင်းရေးမှူးအဖြစ် နယူးဇီလန်နိုင်ငံနှင့် တွဲဖက်တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။ ယခုနှစ်တွင် အေဆမ်သည် နှစ် ၂၀ ပြည့်သည့်အတွက် အာရှ - ဥရောပဒေသအကြား အပြန်အလှန်ရောင်ပြန်ဟပ်စေမည့် အခွင့်အလမ်းများကို ဖန်တီးပေးအပ်သွားမည့်အပြင် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ကိုလည်း ချမှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ မေလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၃**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မေလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၁၇ ဒသမ ၁၉ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၁၆ ဒသမ ၆၃ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၃၃ ဒသမ ၈၂ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၇၉ ဒသမ ၂၅ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၄၉ ဒသမ ၇၅ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၂၉ ဒသမ ၀၀ သန်းဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မေလအတွက် စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၃၆၂ ဒသမ ၈၂ သန်း ဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၉၅ ဒသမ ၁၈ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ မေလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၅၃ ဒသမ ၂၈ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၃၅ ဒသမ ၄၃ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၈၈ ဒသမ ၇၁ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈၇၉ ဒသမ ၆၇ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၈၅ ဒသမ ၆၅ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၂၆၅ ဒသမ ၃၂ သန်းဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ မေလအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၀၅၄ ဒသမ ၀၃ သန်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ မေလအတွင်း စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၄၇၆ ဒသမ ၆၁ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေအစီရင်ခံစာအရ သိရသည်။ **(သတင်းစဉ်)**

## မန္တလေးမြို့တွင် (၆၉)နှစ်မြောက်အာဇာနည်နေ့အကြို စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲကျင်းပ

**မန္တလေး ဇူလိုင် ၁၃**

(၆၉)နှစ်မြောက်အာဇာနည်နေ့အထိမ်းအမှတ်အကြို စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို ဇူလိုင် ၁၃ ရက်က မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိများ၊ မိန့်ကြားချက်များနှင့် အပြုအမူများအား ယနေ့ခေတ် မျိုးဆက်သစ်လူငယ်များ သိရှိပြီး လိုက်နာကျင့်သုံးနိုင်စေရန်အတွက် ပြပွဲ၊ ပြိုင်ပွဲများပြုလုပ်ခြင်းဖြစ်ကာ ပြည်ကြီးတံခွန်မြို့နယ်ရှိ အခြေခံပညာကျောင်းများမှ စတုတ္ထတန်းကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြကြောင်း မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သန်းသန်းဝေက ပြောသည်။

"အာဇာနည်နေ့ကို ကလေးတွေ မမေ့စေချင်ဘူး။ ဒီလိုစာဖတ်စွမ်းရည်ပြိုင်ပွဲတွေကတစ်ဆင့် ဗိုလ်ချုပ်အပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ မိန့်ကြားချက်တွေကို မျိုးဆက်သစ်ကလေးတွေက တစ်ဆင့်ပြည်သူတွေသိရှိပြီး လိုက်နာကျင့်သုံးမယ်ဆိုရင် အာဇာနည်နေ့ တို့မမေ့ဆိုတဲ့ ဆောင်ပုဒ်နဲ့ညီတယ်လို့ ထင်ပါတယ်"ဟု ၎င်းကဆိုသည်။

ထို့နောက် စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ငါးဦးနှင့် ကဗျာရွတ်ပြိုင်ပွဲတွင် ငါးဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများအပြင် ပြပွဲ၊ ပြိုင်ပွဲသို့ လာရောက်လေ့လာကြည့်ရှုကြသည့် ကျောင်းသားကျောင်းသူများအား ဗလာစာအုပ်တစ်အုပ်စီနှင့် သုတစာစောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောင်ရဲသွင်)**

# အမျိုး၊ ဘာသာ၊ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)မှ အသိပေးညွှန်ကြားချက် ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၁၃**

အမျိုး၊ ဘာသာ၊ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)မှ မြန်မာပြည်တစ်ဝန်းရှိ (မဘသ)အဖွဲ့များအနေဖြင့် ဆန္ဒဖော်ထုတ်ခြင်း၊ ဆန္ဒဖော်ထုတ်ရန် စည်းရုံးတိုက်တွန်းခြင်းများ မပြုလုပ်ကြရန်နှင့် မိမိတို့၏ အမျိုး၊ ဘာသာ၊ သာသနာပြုလုပ်ငန်းများကို အေးအေးချမ်းချမ်း ဆက်လက်ဆောင်ရွက်ကြရန် ဇူလိုင် ၁၂ ရက်နေ့က အသိပေးညွှန်ကြားချက် ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါ အသိပေးညွှန်ကြားချက်အား အမျိုး၊ ဘာသာ၊ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)မှ အသိပေးညွှန်ကြားချက် အမှတ်စဉ်(၁၂)အဖြစ် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ယင်းထုတ်ပြန်ချက်တွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း စင်ကာပူနှင့် ရန်ကုန်လေဆိပ်တို့၌ "မဘသ မလိုအပ်တော့ပါဘူး"ဟု ပြောကြားချက်အပေါ် မဘသ(ဗဟို)ဦးဆောင်ဆရာတော်များမှ အထူးအစည်းအဝေးတစ်ရပ် ကျင်းပခဲ့ပြီး ဦးဖြိုးမင်းသိန်းပြောဆိုချက်နှင့်ပတ်သက်၍ တာဝန်ယူဖြေရှင်းပေးရန် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ထံ မေတ္တာရပ်ခံလွှာပေးပို့ခဲ့ကြောင်း။

ဦးဖြိုးမင်းသိန်း၏ ပြောကြားချက်နှင့်ပတ်သက်၍ မီဒီယာများ၏မေးမြန်းချက်ကို ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက "တကယ်တော့ ဒီမိုကရေစီမှာ လွတ်လပ်စွာ သဘောထားကွဲလွဲပိုင်ခွင့်ရှိပါတယ်၊ သူရဲ့အယူအဆတစ်ခုကို ထုတ်ဖော်ပြောဆိုတာဖြစ်လို့ ဒါနဲ့ပတ်သက်ပြီးတော့ သီးခြားသဘောထားမှတ်ချက်ပေးစရာမရှိပါဘူး"ဟု ဖြေကြားခဲ့ရာ ယင်းနှင့်စပ်လျဉ်း၍ မဘသအဖွဲ့က "မဘသ မလိုအပ်တော့ပါဘူး"ဟူသော ဦးဖြိုးမင်းသိန်း၏ စကားသည် ၎င်း၏သဘောထားမှတ်ချက်သာဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ "သဘောထားမူဝါဒ"မဟုတ်သည်ကိုသိရှိရသဖြင့် ဦးဖြိုးမင်းသိန်း၏စကားနှင့်ပတ်သက်၍ အလေးဂရုပြုစရာမလိုတော့ဘဲ ဒီမိုကရေစီသဘောတရားအရ ၎င်း၏လွတ်လပ်စွာပြောဆိုခြင်းဖြစ်သည်ဟုသာ မှတ်ယူရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာပြည်တစ်ဝန်းရှိ မဘသအဖွဲ့များအနေဖြင့် "လောကအေးချမ်း မဘသ မေတ္တာလွှမ်း"ဟူသော ဆောင်ပုဒ်နှင့်အညီ ရဟန်းရှင်လူပြည်သူများ နှလုံးစိတ်ဝမ်းအေးချမ်းကြစေရန်အတွက် ဆန္ဒဖော်ထုတ်ခြင်း၊ ဆန္ဒဖော်ထုတ်ရန် စည်းရုံးတိုက်တွန်းခြင်းများ မပြုလုပ်ကြရန်နှင့် မိမိတို့၏ အမျိုး၊ ဘာသာ၊ သာသနာပြုလုပ်ငန်းများကို မေတ္တာရှေ့ထားပြီး အေးအေးချမ်းချမ်း ဆက်လက်ဆောင်ရွက်ကြရန် အသိပေးညွှန်ကြားလိုက်သည်ဟု ဖော်ပြထားကြောင်း သိရသည်။ **(သတင်းစဉ်)**

### ❑ ရွှေဖုံးမှ

ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏိကာဘိဝံသက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

အခမ်းအနားမှူးဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးအထမြောက်ကြောင်း ကြေညာသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်က အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို မြွက်ကြားရာတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၌ အဖွဲ့ခွဲသုံးဖွဲ့ရှိရာ တစ်ဖွဲ့၏ ဆုံးဖြတ်ဆောင်ရွက်ချက်သည် လုပ်ထုံးနှင့် မညီညွတ်ကြောင်း အခြားအဖွဲ့ခွဲက တွေ့ရှိလျှင်လည်း အကျိုးလိုလားသောစိတ်ထားဖြင့် အပြုသဘောဆောင်၍ ထောက်ပြဝေဖန်ကာ အမှန်သို့ရောက်အောင် ပြုပြင်ပေးသင့်ကြပါကြောင်း၊ သို့ရာတွင် သတိပြုရန်မှာ ဆုံးဖြတ်ချက်များ မှားယွင်းသည့်အတွက် ခဏခဏပြုပြင်ပါကလည်း သံဃာထု၏ လေးစားမှုနည်းပါးပြီး ပရူပဝါဒဘေးဖြစ်လာနိုင်သကဲ့သို့ မဟာနာယကအဖွဲ့၏ ဆုံးဖြတ်ညွှန်ကြားချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရသော သက်ဆိုင်ရာလူပုဂ္ဂိုလ် အဖွဲ့အစည်းများမှာလည်း အချိန်ကုန်လူပန်းဖြစ်စေနိုင်ပါကြောင်း၊ ထို့အပြင် ဒီမိုကရေစီသဘောတရားအရ လွတ်လပ်စွာ ပြောဆိုရေးသားခွင့်ရှိသည့် ယခုခေတ်တွင် သတင်းမီဒီယာများက မဟာနာယကအဖွဲ့အပေါ် မလျော်ပြောဆိုရေးသားမိပါကလည်း အကုသိုလ်တရားပွားများနိုင်၍ မှုခင်းများဆုံးဖြတ်ရာ၌ အဆောတလျင် အလျင်စလိုမဆုံးဖြတ်ဘဲ သက်သေသက္ခာယ အချက်အလက်များ ခိုင်မာစွာရရှိပြီးမှသာလျှင် ဓမ္မဝိနယများ၊ ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းများ၊ ဒေသအခြေအနေအရ ပတ်ဝန်းကျင်အခြေအနေဖြင့် လိုက်လျောညီထွေဖြစ်စေရန်တို့ကိုပါ တွက်ချက်စဉ်းစား၍ ရှုထောင့်စုံမှ ဝေဖန်သုံးသပ်ဆုံးဖြတ်ရန်လည်း လိုအပ်ပါကြောင်း၊ သို့မှသာ မဟာနာယကအဖွဲ့၏ ဆောင်ရွက်မှုအပေါ် သံဃာထုက လေးစားမှုရ၍ ပရူပဝါဒဘေးလည်း ကင်းဝေးနိုင်မည်ဖြစ်ပါကြောင်း။

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်ရာ၌ သံဃာတော်များချည်း ဆောင်ရွက်ရုံဖြင့် ပြီးပြည့်စုံမှုရှိနိုင်မည် မဟုတ်ပါကြောင်း၊ နိုင်ငံတော်အစိုးရမင်းတို့၏ အမိုးရရှိမှ ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာများကို ဆောင်ရွက်ရာ၌ လက်ရှိဒီမိုကရေစီစနစ်နှင့်လည်း ကိုက်ညီ၍ ဗုဒ္ဓဘုရားရှင်၏ ဓမ္မဝိနယနှင့်လည်း လုံးဝသွေဖည်မှုမရှိရလေအောင် ဆောင်ရွက်ရသကဲ့သို့ အရပ်ဘက် ဥပဒေများနှင့်လည်း ချိန်ထိုး၍ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ မိမိတို့ယုံကြည်အားထားကိုးကွယ်နေကြသည့် ဒါယကာများက မဟာနာယကအဖွဲ့ကြီးကို ရိုသေလေးစားမှုရှိပြီး ဝိုင်းဝန်း၍ ကူညီကြမှာ ဖြစ်ပါကြောင်း။

သာသနာ့နွယ်ဝင်သီလရှင်များ၏ ပရိယတ်၊ ပဋိပတ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လေ့လာစုံစမ်း၍ သာသနာ့နွယ်ဝင် သီလရှင်များကို ယဉ်ကျေးလိမ္မာ သင်တန်းများပို့ချရန် တာဝန်ပေးခြင်း၊ အမျိုးသမီးသီလရှင်စာသင်ကျောင်းများ ဖွင့်လှစ်ရန်တာဝန်ပေးခြင်းစသော သာသနာပြုလုပ်ငန်းများကို တစ်ခန်းတစ်ကဏ္ဍမှ ဆောင်ရွက်စေခြင်းဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်ရာ၌ တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ကောင်းများ ရရှိနိုင်မည်ဖြစ်၍ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကဲ့သို့ သီလရှင်အမှုဆောင်အဖွဲ့များကို လက်ရှိအခြေအနေနှင့် ကိုက်ညီအောင် ပြန်လည်ဖွဲ့စည်းပြီး အတည်ပြုပြန်တမ်းများ ထုတ်ပြန်ရန်လည်း လိုအပ်ပါကြောင်းဖြင့် မြွက်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် လက်ရှိအခြေအနေတွင် အချို့သောရဟန်း၊သာမဏေများအနေဖြင့် သမဏသာရုပ္ပ မဖြစ်သည့် ပြုမူဆောင်ရွက်ချက်များကို ရဲရဲတင်းတင်း ပြုလုပ်နေကြသည်ကိုလည်း တွေ့မြင်ကြားသိနေရသဖြင့် သာသနာတော်အတွက် စိတ်မချမ်းမြေ့ဖွယ်ဖြစ်ရပါကြောင်း၊ သို့ဖြစ်၍ သာသနာတော်မြတ်ကြီး အရှည်ခံ၍ တည်တံ့စေရန် စိတ်ထားဖြင့် လျှောက်ထားရပါမူ အဆိုပါ သမဏသာရုပ္ပ မဖြစ်သော ကိစ္စရပ်များကို ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး၏ ရေရှည်အကျိုး မြော်ကိုးထောက်ဆ၍ ထိထိရောက်ရောက် နှိမ်နင်းသင့်ပါကြောင်း။

ယနေ့အချိန်အခါတွင် ဆက်သွယ်ရေးနည်းပညာများ တိုးတက်လာသည်နှင့်အညီ ဖေ့စ်ဘွတ်နှင့် လူမှုကွန်ရက်သတင်းမီဒီယာများတွင် ဘာသာရေးအဓိကရုဏ်းနှင့် လူမျိုးရေး အဓိကရုဏ်းများ ဖြစ်ပွားစေနိုင်သည့် အပြောအဆိုအရေးအသားများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြသဖြင့် သာသနာတော်နှင့် လျော်ညီခြင်းမရှိသည့် လုပ်ဆောင်ချက်အရပ်ရပ်များသည် လျင်မြန်စွာ ပျံ့နှံ့ဖြစ်ပွားလာနိုင်သည့်အတွက် အလွန်ဂရုပြုဆောင်ရွက်ရမည့်အခြေအနေသို့ ရောက်ရှိနေပါကြောင်း။

ဒီမိုကရေစီစနစ်၏ လွတ်လပ်စွာ ပြောဆိုရေးသားခွင့်ဟူသော လူ့အခွင့်အရေးကို အကြောင်းပြု၍ မလျော်သည့် အကြောင်းအရာများကို မဟုတ်မမှန်ဖန်တီးရေးသားဖော်ပြနေကြ၍ လူမျိုးရေးနှင့် ဘာသာရေးအဓိကရုဏ်းဖြစ်အောင် ဘာသာဝင်အချင်းချင်းသော်လည်းကောင်း၊ သံဃာတော်အချင်းချင်းသော်လည်းကောင်း၊ အထက်အောက် သံဃာ့အဖွဲ့အစည်းများအတွင်းသော် လည်းကောင်း ပဋိပက္ခများ ဖြစ်ပွားလာစေနိုင်သည့်အတွက် ဆရာတော်ကြီးများအနေဖြင့် သံဃာ့အဖွဲ့အစည်းအားလုံး ညီညွတ်မှုကို ပိုမိုအလေးထားဆောင်ရွက်သင့်သည့် အချိန်အခါဖြစ်ပါကြောင်းကိုလည်း ဖြည့်စွက်လျှောက်ထားလိုပါကြောင်း။

အချို့သော ပုဂ္ဂိုလ်များကလည်း မိမိတစ်ဦးတစ်ယောက်၏ အလိုဆန္ဒဖြင့် သံဃာ့အဖွဲ့အစည်းကြီး ပြိုကွဲပျက်စီးစေရန် ရည်ရွယ်၍ သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ပယ်ဖျက်ရေးအတွက် လွှတ်တော်အသီးသီးသို့ တင်ပြလာသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို သံဃာ့ဦးသျှောင်မထေရ်မြတ်ကြီးများက ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားစေရန်အတွက် ခဲခဲယဉ်းယဉ်းတည်ထောင်ထားရသဖြင့် သံဃာ့အဖွဲ့အစည်းကြီး မပြိုကွဲစေရေးအတွက် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ရမည်ဖြစ်ပါကြောင်း။

ယခုအခါတွင် လစဉ်ထုတ် ဘာသာရေးဆိုင်ရာ စာစောင်များ၊ မဂ္ဂဇင်းများ၊ တရားစာအုပ်များ မြောက်မြားစွာ ထွက်ပေါ်လျက်ရှိပါကြောင်း၊ အချို့စာစောင်များနှင့် စာအုပ်များတွင် ထေရဝါဒပိဋကတ်တော်လာ ကျမ်းဂန်များနှင့်ညီညွတ်မှုမရှိဘဲ မိမိတို့ယူဆထားသည့် အတ္တနောမတိအတိုင်း ရေးသားထားသည့် အဓမ္မဝါဒများပါဝင်နေသည်ကို ကြားသိတွေ့မြင်နေရပါကြောင်း၊ ထေရဝါဒ ဓမ္မဝိနယနှင့် မညီညွတ်သော အဓမ္မဝါဒများ ပြန်လည်ခေါင်းပြူလာမည့် အရိပ်အယောင်များဖြစ်၍ သာသနာတော်သန့်ရှင်းရေးအတွက် အထူးသတိထားရမည့် အနေအထားမျိုးဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ရဟန်း၊ သာမဏေပေါင်း ၅၃၅၃၂၇ ရှိလာခြင်း၊ ပရိယတ္တိသာသနာနှင့် ပဋိပတ္တိသာသနာထွန်းကားလာခြင်းတို့ကြောင့် ရဟန်း၊ သာမဏေအရေအတွက်လည်း တိုးတက်များပြားလာပါကြောင်း၊ သို့ရာတွင် တစ်ချိန်တည်းမှာပင် သီလသိက္ခာနှင့် လျော်ညီစွာ ကျင့်ကြံနေထိုင်ခြင်းမရှိသော ရဟန်း၊ သာမဏေအချို့ ပေါ်ပေါက်လာသည်ကိုလည်း ဝမ်းနည်းဖွယ်ရာတွေ့ရှိရပါကြောင်း၊ ယင်းကဲ့သို့ ရဟန်းသိက္ခာ၊ သာမဏေသိက္ခာကို စောင့်ထိန်းခြင်းမရှိသည့် ပုဂ္ဂိုလ်များမှာ အရေအတွက်အားဖြင့် နည်းပါးသည်ဟု ထင်ပါကြောင်း။

ဘုရားရှင်ဆိုဆုံးမသည့် ဩဝါဒနှင့်အညီ လိုက်နာကျင့်ကြံနေထိုင်ကြသည့် ရဟန်း၊ သာမဏေများမှာ မိမိကျောင်းတိုက်အတွင်း၌ စာကျက် စာအံခြင်း၊ တရားဓမ္မကျင့်ကြံအားထုတ်ခြင်းများဖြင့် သီတင်းသုံးလျက်ရှိကြပါကြောင်း၊ မလျော်ကန်သော ကာလဒေသများနှင့် ဖေ့စ်ဘွတ်နှင့် လူမှုကွန်ရက်များတွင် အကျိုးမဲ့ အချိန်ဖြုန်းနေသည့် ရဟန်း၊ သာမဏေအချို့ကို ပဓာနနာယက ဆရာတော်ကြီးများအနေဖြင့် ညွှန်ကြားလွှာ(၇၂)နှင့်အညီ တင်းတင်းကျပ်ကျပ် ကြပ်မတ်ဆုံးမပေးရန် လိုအပ်လာပါကြောင်း။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် အကျင့်သီလဖောက်ဖျက်သည့် ရဟန်း၊ သာမဏေများကို တားဆီးဆုံးမနိုင်ရန်အလို့ငှာ ညွှန်ကြားလွှာအမှတ်(၇၅)ကို လုပ်ထုံးလုပ်နည်းများနှင့်အညီထုတ်ပြန်ထားပါကြောင်း၊ ယင်းညွှန်ကြားလွှာအမှတ်(၇၅)အရ မြို့နယ်သံဃနာယကအဖွဲ့များသို့ လုပ်ပိုင်ခွင့်များ အပြီးအပြတ် ပေးအပ်ထားသည်ကို တွေ့ရှိရပါကြောင်း၊ သမဏသာရုပ္ပ မဖြစ်သော အမှုများကို ကျူးလွန်သည့် ရဟန်း၊ သာမဏေများအား မြို့နယ်သံဃနာယကအဖွဲ့အနေဖြင့် သီးခြားသံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းစစ်ဆေးနိုင်ခြင်း၊ ဝိနည်းဓိုရ်ဆရာတော်များကို အမှတ်စဉ်အလိုက်မဟုတ်ဘဲ မြို့နယ်သံဃနာယကအဖွဲ့က နှစ်သက်ရာ ဝိနည်းဓိုရ်အဖွဲ့များဖြင့် ဖွဲ့စည်းနိုင်ခြင်း၊ မြို့နယ်သီးခြားသံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်သည် အယူခံခွင့်မရှိတော့ဘဲ နောက်ဆုံးအပြီးအပြတ် အတည်ဖြစ်ခြင်းတို့ကြောင့် သာသနာတော်အတွက် အကျိုးများလှပါကြောင်း။

သို့ဖြစ်၍ ကြည်ညိုဖွယ်မဆောင်သည့်အမှုများကို ကျူးလွန်နေသော ရဟန်း၊ သာမဏေများ လျော့နည်းပပျောက် သွားရေးကိစ္စမှာ အဓိကအားဖြင့် မြို့နယ်သံဃနာယကအဖွဲ့အသီးသီး၏ ဆောင်ရွက်နိုင်စွမ်းအပေါ်တွင် တည်ရှိနေပါကြောင်း၊ ဆရာတော်ကြီးများအနေဖြင့် ရှေ့မှုဦးဆောင်၍ ဓမ္မစက်ဖြင့် ဆုံးဖြတ်ဆောင်ရွက်တော်မူကြခြင်း၊ တပည့်တော်တို့ နိုင်ငံတော်အစိုးရအနေဖြင့် ဝိနိစ္ဆယဆုံးဖြတ်ချက်များကို လိုက်နာစေရန် အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြင့် မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီးသည် အရှည်တည်တံ့ခိုင်ခံ့၍ သန့်ရှင်းစင်ကြယ်စွာ တိုးတက် ပြန့်ပွားနိုင်မည်ဟု အကြွင်းမဲ့ယုံကြည်ပါကြောင်း လျှောက်ထားသည်။

ယင်းနောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဓမ္မာစာရက တင်သွင်းလျှောက်ထားသည်။ ထို့နောက် သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ယင်းနောက် ဝိနိစ္ဆယဆိုင်ရာကိစ္စများ၊ သာသနာရေးကိစ္စများ၊ ပညာရေးဆိုင်ရာကိစ္စများကို တင်ပြလျှောက်ထားရာ တာဝန်ကျအဖွဲ့ခွဲ ဆရာတော်များက ဝေဖန်ဆွေးနွေးပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင်ရပ်နားသည်။

**(သတင်းစဉ်)**

### ○ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းမှ

ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားသည်။ ဒုတိယအဆင့်တွင် အသင်းကြီးဇေယျာရွှေမြေကို အနိုင်ယူလာသည့် မြဝတီအသင်း၏ ရုန်းကန်မှုကြောင့် ရတနာပုံအသင်း အားကုန်ထုတ်ကစားခဲ့ရသော်လည်း အမှားအယွင်းမရှိ နိုင်ပွဲရယူနိုင်ခဲ့သည်။

ရတနာပုံအသင်းသည် ဇေယျာရွှေမြေကို ရှုံးနိမ့်ခဲ့သည့် ပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲပြုလုပ်ခဲ့ပြီး ဒဏ်ရာပြဿနာရှိနေသည့် အောင်သူနှင့် ရဲကိုဦးတို့ပါဝင်နိုင်ခြင်း မရှိခဲ့ပေ။ ပွဲအစ ၁၀ မိနစ်တွင် ဝင်းနိုင်စိုး၏ ဂိုးဖြင့် ရတနာပုံအသင်း ဂိုးစရခဲ့သော်လည်း အနိုင်ရလဒ်ကို မထိန်းနိုင်ခဲ့ပေ။ မြဝတီအသင်းကလည်း ချေပဂိုးရရှိရန် ကြိုးစားလာရာ ၃၉ မိနစ်တွင် ရဲဝေယံစိုးက ဂိုးပြန်သွင်းခဲ့သည်။ ဂိုးပြန်ပေးလိုက်ရသောကြောင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျခဲ့ရာ ရတနာပုံအသင်းသည် ဒုတိယပိုင်းတွင် ဂိုးထပ်မံရရှိရန် အားထည့်ကစားခဲ့သည်။ ရတနာပုံအတွက် အနိုင်ဂိုးများကို ဝင်းနိုင်စိုးက မိနစ် ၅၀၊ ၆၀ တို့တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် နောက်ပိုင်းတွင် အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့ပြီး ဆီမီးဖိုင်နယ်တွင် ပြိုင်ဘက် ရန်ကုန်အသင်းနှင့် ယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။

ကွာတားဖိုင်နယ် လက်ကျန်ပွဲများကို ဇူလိုင် ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မကွေးနှင့် ရှမ်းယူနိုက်တက်၊ ဇွဲကပင်နှင့်ရခိုင်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ယနေ့အနိုင်ရရှိသည့် ရန်ကုန်နှင့် ရတနာပုံအသင်းတို့သည် ဆီမီးဖိုင်နယ်၌ တွေ့ဆုံမည်ဖြစ်သည်။ **(ရှိုင်းထက်ဇော်)**

### ● အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲမှ

မြန်မာကလပ် WF.C အမျိုးသမီးအသင်းသည် ပွဲကျန်လေးပွဲကစားအပြီးတွင် တစ်မှတ်သာရရှိသောကြောင့် အုပ်စုအောက်ဆုံးနေရာရောက်ရှိကာ တတိယနေ့ရှာလှုပွဲကစားခွင့်ပါ လွဲချော်ခဲ့သည်။ ယခုပွဲစဉ်အပြီးတွင် ထိုင်ဆွန်နမ်(ဗီယက်နမ်)က ခုနစ်မှတ်၊ ဂျာရာကန်ဆီနာ(အင်ဒိုနီးရှား)နှင့် နာခွန်(ထိုင်း)တို့က ခြောက်မှတ်စီ၊ ဗန်ကောက်(ထိုင်း)က နှစ်မှတ်ရရှိထားပြီး တစ်ပွဲစီကစားရန် ကျန်ရှိနေသည်။ အုပ်စုနောက်ဆုံးပွဲအဖြစ် ဇူလိုင် ၁၄ ရက် နံနက် ၁၁ နာရီခွဲတွင် ဂျာရာကန်ဆီနာနှင့် ဗန်ကောက်၊ ညနေ ၄ နာရီခွဲတွင် နာခွန်နှင့် ထိုင်ဆွန်နမ်အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အမျိုးသားပြိုင်ပွဲတွင် Black Steel (အင်ဒိုနီးရှား)က Lanexang(လာအို)ကို ၁၃ ဂိုး- ခုနစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ လာအိုကလပ် Lanexang အသင်းသည် အုပ်စုလေးပွဲစလုံး ရှုံးနိမ့်ခဲ့သောကြောင့် ပြိုင်ပွဲမှ ထွက်ခဲ့ရပြီဖြစ်သည်။ ည ၇ နာရီတွင် မြန်မာကလပ် MIC နှင့် လက်ရှိချန်ပီယံ ထိုင်းကလပ် ထိုင်းဆိပ်ကမ်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ထိုင်းဆိပ်ကမ်းအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အမျိုးသားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲအဖြစ် ယနေ့ မွန်းလွဲ ၂ နာရီတွင် MIC အသင်းနှင့် ထိုင်ဆွန်နမ်အသင်း၊ ည ၇ နာရီတွင် Black Steel အသင်းနှင့် ထိုင်းဆိပ်ကမ်းအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **(ရဲရင့်ရှိုင်း)**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# တိုင်းပြည်အတွက် အကောင်းဆုံးလုပ်ပေးခြင်းသည် သမိုင်းတွင် မွန်မြတ်သည့်တာဝန်ယူမှုအဖြစ် ထင်ကျန်ရစ်မည်ဖြစ်





**နေပြည်တော် ဇူလိုင် ၁၃**

စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်လိုသူများသည် သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ စိတ်ရှည်ခြင်း၊ စေ့စပ်ညှိနှိုင်းဖြေရှင်းခြင်းဆိုသည့် ဒီမိုကရေစီ၏ တန်ဖိုးများကို နားလည်ယုံကြည်လက်ခံပြီး လုပ်ဖော်ကိုင်ဖက်အချင်းချင်း မိသားစုစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ရှိ မြို့တော်ခန်းမ၌ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်တွေ့ဆုံစဉ် ပြောကြားသည်။**(ယာပုံ)**

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေပြုရေးမဏ္ဍိုင်တွင် ပါဝင်ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များဖြစ်၍ မိမိတို့ကိုယ်တိုင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုမူနေထိုင်၊ ပြောဆိုလုပ်ကိုင်ဆောင်ရွက်ကြရန် အထူးအရေးကြီးပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ပိုင်ပိုင်နိုင်နိုင် တတ်ကျွမ်းနားလည်အောင် စနစ်တကျ လေ့လာထားရန် လိုအပ်ပါကြောင်း၊ လွှတ်တော်၌ မေးခွန်းများမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် ကန့်သတ်ချက်များ၊ စည်းကမ်းချက်များ၊ တားမြစ်ချက်များနှင့် ကိုက်ညီရန် လိုအပ်ပါကြောင်း၊ မိမိတို့တင်သွင်းမေးမြန်းမည့် မေးခွန်းနှင့်အဆိုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီရန် လိုအပ်သကဲ့သို့ အမျိုးသားရင်ကြားစေ့ရေးမှုနှင့်လည်း ကိုက်ညီရန်လိုအပ်ပါကြောင်း၊ ထို့ပြင် အစိုးရ၏ ပေါ်လစီ၊ အခြေအနေအချိန်အခါနှင့်လည်း ကိုက်ညီရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် ဥပဒေကြမ်းများတင်သွင်းမည်ဆိုပါကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဇယားနှင့် ကိုက်ညီမှု ရှိ၊ မရှိ၊ နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့် ဆီလျော်မှုရှိ၊ မရှိ၊ နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားအားလုံးအတွက် အကျိုးဖြစ်ထွန်းမှု ရှိ၊ မရှိ လေ့လာစိစစ်ရန် လိုအပ်ပါကြောင်း။

ဥပဒေကြမ်းတစ်ခုကို ပြုစုရေးဆွဲရာတွင် မည်သည့်အတွက်ကြောင့်ဆိုသည့် ရည်ရွယ်ချက်နှင့် မည်သူများအကျိုးအတွက် ရေးဆွဲသည်ဆိုသည့် အကျိုးဖြစ်ထွန်းမှုများကို လိုရင်းတိုရှင်း၊ စကားလုံးအထားအသို မှန်မှန်ကန်ကန်ဖြင့် ပေါ်လွင်အောင် ရေးသားနိုင်ရေးကို အလေးအနက်ထားစဉ်းစားရန်လိုပါကြောင်း၊ လွှတ်တော်၌ ဆွေးနွေးကြရာတွင် အချက်အလက်များ၊ အထောက်အထားများဖြင့် အပြုသဘောဆောင်၍ အကြံပြုဆွေးနွေးမှုများဖြစ်ရန်လည်း အရေးကြီးပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လုပ်ပိုင်ခွင့်ကိုအလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာမှု၊ လာဘ်ပေးလာဘ်ယူမှု၊ ခြိမ်းခြောက်မှုများကို အထူးရှောင်ကြဉ်ရန်လိုအပ်ပါကြောင်း၊ ပြည်သူလူထုနှင့် ပြောဆိုဆက်ဆံရာတွင် ပြည်သူသာအမိ ပြည်သူသာအဖဆိုသည်ကို မမေ့လျော့ကြရန် လိုအပ်ကြောင်း၊ ထို့အတူ ရပိုင်ခွင့်နှင့် အခွင့်အရေးများကိုသုံးစွဲရာ၌ မရှိမဖြစ် လိုအပ်ချက်ထက် ပိုမိုမသုံးစွဲကြရန်လိုကြောင်း၊ မိမိတို့တာဝန်ယူချိန်ကာလတွင် တိုင်းပြည်အတွက် အကောင်းဆုံးလုပ်ပေးခြင်းသည် သမိုင်းတွင် မွန်မြတ်သည့် တာဝန်ယူမှုအဖြစ် ထင်ကျန်ရစ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် တရားမျှတသည့် လူ့အဖွဲ့အစည်းနှင့် အဂတိကင်းစင်သည့် လူ့အသိုင်းအဝိုင်းကို တည်ဆောက်ကြရန်လိုအပ်ကြောင်း၊ အဆိုပါလူ့အဖွဲ့အစည်းနှင့် လူ့အသိုင်းအဝိုင်း တည်ဆောက်နိုင်ရေးသည် မိမိတို့နိုင်ငံတွင် ဒီမိုကရေစီအခြေခံအုတ်မြစ် ခိုင်မာတောင့်တင်းရေးပင်ဖြစ်ကြောင်း၊ မိမိတို့ကိုယ်စားလှယ်များ၏ ယာယီသက်သာမှုကို ငဲ့ကွက်မစဉ်းစားဘဲ နောင်မျိုးဆက်များ ခံစားကြရမည့် ရေရှည်အကျိုးစီးပွားကို အလေးအနက်ထားစဉ်းစားပြီး ဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ်နှင့် ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော်မှ ဥပဒေများ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့မှု၊ အစည်းအဝေးများကျင်းပနိုင်ခဲ့မှုနှင့် အစည်းအဝေးဆောင်ရွက်ချက်များ၊ ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ ကွင်းဆင်းဆောင်ရွက်ခဲ့မှု၊ အဆိုနှင့် မေးခွန်းများ တင်သွင်းမေးမြန်းခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်ဆိုင်ရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များအားလုံး အဂတိတရားလေးပါး ကင်းရှင်းစွာဖြင့် မဲဆန္ဒရှင် မိဘပြည်သူများ၏အကျိုးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကျရာတာဝန်ကို မာန်မာနမထားဘဲ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။ **(သတင်းစဉ်)**




# (၃၄)ကြိမ်မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ကျင်းပလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၃**

အာဆီယံစွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍခွဲများဖြစ်သော အာဆီယံ ရေနံကောင်စီ၊ ကျောက်မီးသွေးနှင့် သန့်စင်သော ကျောက်မီးသွေးသုံးစွဲရေး နည်းပညာဆိုင်ရာ၊ အာဆီယံလျှပ်စစ်စွမ်းအားဆိုင်ရာ၊ စွမ်းအင်အကျိုးရှိထိရောက်စွာအသုံးပြုရေးနှင့် စွမ်းအင်ခြိုးခြံချွေတာရေးဆိုင်ရာ၊ ပြန်ပြည့်မြဲ စွမ်းအင်ဆိုင်ရာ၊ ဒေသတွင်း စွမ်းအင်မူဝါဒနှင့် စီမံခန့်ခွဲရေးဆိုင်ရာ၊ မြို့ပြသုံး နျူကလီးယားစွမ်းအင်ဆိုင်ရာ၊ အာဆီယံစွမ်းအင် မူဝါဒချမှတ်သူများ အဖွဲ့အစည်းကွန်ရက်နှင့် အာဆီယံစွမ်းအင်ဗဟိုဌာန အဆင့်မြှင့်တင်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို အပြန်အလှန် ညှိနှိုင်းဆွေးနွေးသွားကြမည်ဖြစ်ကြောင်း အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွင် အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သူ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထိန်လွင်က ပြောကြားသည်။

ဆွေးနွေးပွဲတွင် အာဆီယံ+၃ နိုင်ငံများနှင့် အရှေ့အာရှနိုင်ငံများအကြား စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ပြီးခဲ့သည့် လုပ်ငန်းများနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်း ဆွေးနွေးအတည်ပြုကြမည်ဖြစ်ကြောင်း သိရှိရပြီး အာဆီယံဒေသတွင်း စွမ်းအင်ကဏ္ဍအပေါ် "အာဆီယံဒေသတွင်း စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးဟာ အရေးကြီးပါတယ်။ အာဆီယံဖွံ့ဖြိုးတိုးတက်ရေးသာမက အရှေ့အာရှနဲ့ တောင်အာရှဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူပြုနိုင်တယ်။

စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြရာမှာ သန့်စင်တဲ့ စွမ်းအင်သုံးစွဲနိုင်ဖို့၊ စွမ်းအင်ခြိုးခြံချွေတာသုံးစွဲဖို့၊ စွမ်းအင်ဖူလုံဖို့ကိုလည်း အာဆီယံနိုင်ငံများက ပူးပေါင်းဆောင်ရွက်သွားမယ်။ ပြီးတော့ ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ စွမ်းအင်သုံးစွဲမှုနဲ့သက်ဆိုင်တဲ့ စံစနစ်တွေ လိုက်လျောညီထွေဖြစ်အောင် ပူးပေါင်းဆောင်ရွက်သွားမယ်။ အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်တဲ့ အစီအစဉ် ၂၀၁၀-၂၀၁၅ အကောင်အထည်ဖော်တာ ၉၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်နိုင်ခဲ့တယ်"ဟု အမြဲတမ်းအတွင်းဝန်က အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ဇူလိုင် ၁၂ ရက်မှ ၁၅ ရက်ထိ ကျင်းပမည်ဖြစ်ပြီး အစည်းအဝေးသို့ အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံများဖြစ်သော ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယား၊ နယူးဇီလန်၊ ရုရှားနှင့် အမေရိကန်နိုင်ငံတို့မှ စွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

ယခု (၃၄)ကြိမ်မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွင် ဆွေးနွေးညှိနှိုင်းကာ ထွက်ပေါ်လာမည့် သဘောတူညီချက်များကို လာမည့် စက်တင်ဘာလတွင် ကျင်းပမည့် (၃၄)ကြိမ်မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ ဝန်ကြီးများအစည်းအဝေးတွင် တင်ပြအတည်ပြုချက် ရယူသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ၂၀၀၉ ခုနှစ်တွင် (၂၇) ကြိမ်မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပြီး ယခု ဒုတိယအကြိမ်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **(ဟန်နီဝင်း)**

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား IMS/FOJO နှင့် DW Akademie မှ ကိုယ်စားလှယ်အဖွဲ့ တို့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် နိုင်ငံတကာမီဒီယာ ကူညီပံ့ပိုးမှုအဖွဲ့အစည်း (International Media Support-IMS)နှင့် FOJO:Media Institute ၏ Deputy Program Manager ဖြစ်သူ Ms. Petra Qiding ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေအရ ရပ်ရွာလူထုအခြေပြုရေဒီယိုအသံထုတ်လွှင့်မှုလုပ်ငန်း (Community Radio Services) ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့် လူထုအတွင်း အသံလွှင့်ပညာရပ် ပြန့်ပွားရေးဆောင်ရွက်နိုင်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် ဂျာမနီနိုင်ငံအခြေစိုက် DW Akademie ၏ မြန်မာနိုင်ငံဆိုင်ရာ တာဝန်ခံဖြစ်သူ Ms. Isabella Kurkowski ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် အဆိုပါဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအား အများပြည်သူဝန်ဆောင်မှုရုပ်သံလွှင့်လုပ်ငန်းအဖြစ်သို့ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဒေသဆိုင်ရာသတင်းများစုဆောင်းရယူခြင်းနှင့် ထုတ်လွှင့်ခြင်းလုပ်ငန်းများ တိုးချဲ့နိုင်ရေးအတွက် ဗဟိုဦးစီးမှု လျှော့ချရေး (Decentralization) ဆိုင်ရာ အစီအမံများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်များအား အင်တာနက် On Line မှတစ်ဆင့် လွယ်ကူစွာ ကြည့်ရှုနိုင်ရေးအတွက် အင်တာနက်စာမျက်နှာ အဆင့်မြှင့်တင်ရေး အစီအစဉ်များနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံရာတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်၏သား ပြောပြသည့် အာဇာနည်နေ့နှင့် မိသားစုအကြောင်း

## သတင်းဆောင်းပါး-ဇော်ကြီး(ပဏ္ဍိတ)
## မင်းသစ်(သတင်းစဉ်)၊ဓာတ်ပုံ-ဇော်မင်းလတ်



"အဖေက သူ့ရဲ့ကျောင်းသားတွေကို စစ်ပညာတတ်စေချင်တယ်။ စစ်ပညာတတ်မှ တိုင်းပြည်ကို ကာကွယ်နိုင်မယ်ဆိုပြီး ခံယူထားတယ်။ ပြည်သူတွေ ဇာတိသွေး၊ ဇာတိမာန်ပိုမိုတက်ကြွအောင် သူက ရဲဗိုလ်ချုပ်ဝတ်စုံဝတ်ပြီး ကျောင်းသား ကျောင်းသူတွေပါဝင်တဲ့ ဘင်ခရာအဖွဲ့နဲ့အတူ အဖိတ်၊ ဥပုသ်နေ့တွေမှာ မန္တလေးမြို့ကို လှည့်ပြလေ့ရှိတယ်"ဟု အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်၏ အကြီးဆုံးသားဖြစ်သူ ဦးတင်မြင့်က ပြောသည်။

အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်သည် မြန်မာ့လွတ်လပ်ရေး ရရှိရန် ကြိုးစားအားထုတ်ခဲ့ရုံသာမက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေသည့် အမျိုးသားကျောင်းများ ပေါ်ထွန်းလာစေရန်နှင့် ပညာရေး၊ စစ်ရေး၊ နိုင်ငံရေးအသိအမြင် နိုးကြားလာစေရန် မျိုးစေ့ချပေးခဲ့သည့်အပြင် ပါဠိဘာသာထွန်းကားပြန့်ပွားရေးအတွက်လည်း ဆောင်ရွက်ခဲ့ရာ မင်းကွန်းကျောင်းတိုက်၌ ကိုရင်လေးများကို ပါဠိဘာသာသင်ကြားပေးခဲ့သည်။ ထို့အပြင် ၎င်းသင်ကြားပေးသည့် မန္တလေး ဗဟိုအမျိုးသားအထက်တန်း



အာဇာနည်ခေါင်းဆောင် ဦးရာဇတ်၏အကြီးဆုံးသား ဦးတင်မြင့်နှင့် အငယ်ဆုံးသား ဦးလှကြည်။

ကျောင်းတွင် ကိုရင်လေးများအတွက် အတန်းတစ်တန်းဖွင့်လှစ်၍ အင်္ဂလိပ်စာကို သင်ကြားပေးခဲ့ကြောင်းလည်း သိရသည်။

"အဖေက သူ့ကျောင်းက ကျောင်းသား ကျောင်းသူတွေကို ကျောင်းတက်တဲ့အချိန်မှာ ဗုဒ္ဓဘာသာဓလေ့ထုံးစံနဲ့အညီ ဘုရားရှိခိုးတာကို လုပ်ဆောင်စေတယ်။ မလုပ်တဲ့ကလေးတွေကို ဆုံးမတယ်။ နောက်ပြီး ကျောင်းသားတွေကိုလည်း အင်္ဂလိပ်လက်ဝှေ့ပညာကို တတ်မြောက်အောင် ပညာရှင်တွေခေါ်ပြီး သင်ကြားပေးတာမျိုးတွေလုပ်ခဲ့တယ်။ ဒါ့အပြင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးအတွက်လည်း သင်ကြားပေးခဲ့ပါတယ်"ဟု ဦးတင်မြင့်က ဆိုသည်။

အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်သည် ၁၉၁၂ ခုနှစ်တွင် မန္တလေးမြို့ ဝက်စလီယောကျ်ားလေးကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်ခဲ့သည်။ တက္ကသိုလ်ကျောင်းသားဘဝတွင် တက္ကသိုလ်သပိတ်ကြီး၌ ပါဝင်ခဲ့သည်။ ၁၉၂၁ ခုနှစ်တွင် မန္တလေး ဗဟိုအမျိုးသားအထက်တန်းကျောင်းကြီးကို ဖွင့်လှစ်ခဲ့သည်။

၁၉၂၂ ခုနှစ်တွင် အမျိုးသားပညာရေးအဖွဲ့ကြီး၏ ဘီအေစာမေးပွဲကြီးကို အောင်ခဲ့၍ အေ၊ ရာဇတ်-ဘီအေ (နေရှင်နယ်)အမည်ခံခဲ့သည်။ ထို့နောက် မန္တလေးဗဟိုအမျိုးသားကျောင်းအုပ်ကြီးအဖြစ်ဆောင်ရွက်စဉ် ရဲညွှန့်တပ်ဖွဲ့စည်းပြီး ကျောင်းသားလူငယ်များကို စစ်ပညာသင်ကြားပေးခဲ့သည်။

၁၉၂၂ ခုနှစ်မှ ၁၉၄၁ ခုနှစ်တိုင် ဗဟိုအမျိုးသားအထက်တန်းကျောင်းတွင် ဆရာအဖြစ်ဆောင်ရွက်ခဲ့ပြီး ၁၉၃၈ ခုနှစ်တွင် ဒေါ်ခင်ခင်နှင့် လက်ထပ်သည်။

ဆရာကြီးဦးရာဇတ်သည် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် အစိုးရအဖွဲ့တွင် ပညာရေးနှင့် အမျိုးသားစီမံကိန်းဝန်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်နေစဉ် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ ကျဆုံးခဲ့ရရှာသည်။ ၎င်းကွယ်လွန်ချိန်တွင် ဇနီးဖြစ်သူ ဒေါ်ခင်ခင်နှင့်အတူ သားနှစ်ဦး၊ သမီးတစ်ဦး ကျန်ခဲ့သည်။

"မန္တလေးမြို့ကနေ ရန်ကုန်ကိုပြောင်းလာပြီး တစ်နှစ်ခွဲလောက်အကြာ ကျွန်တော်ခြောက်နှစ်ကျော်အရွယ်မှာ အဖေဆုံးသွားတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးသွားတဲ့နောက် အင်္ဂလိပ်အစိုးရက ဖဆပလအဖွဲ့က တစ်ဆင့် ခေါင်းဆောင်ကြီးတစ်ဦးစီအတွက် နစ်နာကြေးငွေကျပ်တစ်သိန်းစီ ပေးပါတယ်။ အဲဒီငွေတွေကိုတော့ ဘဏ္ဍာရေးဝန်ကြီးအဖြစ် တာဝန်ယူထမ်းဆောင်ခဲ့တဲ့ မြန်မာ့အလင်း ဦးတင်က ထိန်းသိမ်းပေးထားပြီး သူကနေ တစ်ဆင့် ပြန်လည်ထုတ်ပေးပါတယ်။ ဖဆပလအဖွဲ့ကလည်း ရန်ကုန်မှာ အိမ်မရှိသေးတဲ့ ခေါင်းဆောင်ကြီးတွေရဲ့ မိသားစုနေထိုင်နိုင်ဖို့ အိမ်၊ ဒါမှမဟုတ် မြေနေရာရှာပေးပါတယ်။ ရှာပေးတယ်ဆိုတာ အလကားပေးတာမဟုတ်ဘူး။ မြေနေရာကို ခေါင်းဆောင်ကြီးတွေရဲ့ ဇနီးတွေက တန်ရာတန်ကြေးပေးပြီး ဝယ်ရတာပါ"ဟု အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးပြီးနောက် အခြေအနေများနှင့် ပတ်သက်၍ ဦးတင်မြင့်က ပြောသည်။

အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးပြီးနောက် အစိုးရအနေဖြင့် မိသားစုဝင်များ စားဝတ်နေရေးအဆင်ပြေစေရန် သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းများချပေးခြင်း၊ BOC ရေနံကုမ္ပဏီကလည်း မိသားစုများ သက်သာချောင်ချိစေရန် ဓာတ်ဆီအရောင်းဆိုင်တစ်ဆိုင်စီ ဖွင့်လှစ်ပေးခဲ့ကြောင်းလည်း သိရသည်။

"နောက်ပိုင်းမှာတော့ ပြည်သူပိုင်သိမ်းတဲ့ခေတ်မှာ ကုမ္ပဏီတွေ၊ ဓာတ်ဆီဆိုင်တွေ အားလုံးပါကုန်တယ်။ ဒါပေမယ့် ဗိုလ်ချုပ်နေဝင်းက မနစ်နာစေရအောင် သီးသန့်အစီအစဉ်တစ်ခုအနေနဲ့ အထူးပင်စင်တစ်လတစ်ထောင်ယူပြီး အေးအေးဆေးဆေးနေကြပါဆိုပြီး ခေါင်းဆောင်ကြီးတွေရဲ့ဇနီးတွေအတွက် အထူးသီးသန့် ပင်စင်ပေးခဲ့ပါတယ်။ အဲဒီပင်စင်ကလည်း အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ဇနီးတွေ သက်ရှိထင်ရှားရှိတဲ့အချိန်ထိပဲ ခံစားခွင့်ပြုခဲ့တာပါ။ သားသမီးတွေဆက်လက်ခံစားခွင့်မရှိပါဘူး"ဟု ၎င်းတို့မိသားစု နောက်ပိုင်းကြုံတွေ့ခဲ့ရမှုကို ဦးတင်မြင့်က ပြောသည်။

ခေတ်အဆက်ဆက် အာဇာနည်နေ့အခမ်းအနားကျင်းပမှုနှင့် ပတ်သက်၍ ၎င်းက "သမ္မတ မန်းဝင်းမောင်လက်ထက်မှာတော့ အာဇာနည်နေ့ကို ကိုယ်တိုင်တက်ရောက်ပြီး ခေါင်းဆောင်ကြီးတွေရဲ့ မိသားစုတွေနဲ့အတူ အာဇာနည်ကုန်းမှာ လွမ်းသူ့ပန်းခွေချတယ်။ မေတ္တာပို့အမျှဝေဖို့ နှစ်မိနစ်ငြိမ်သက်တယ်။ ပြီးတော့မှ အာဇာနည်မိသားစုတွေကို လိုက်လံနှုတ်ဆက်ပါတယ်"ဟု ဆိုသည်။

ဗိုလ်ချုပ်နေဝင်းလက်ထက်မှစတင်၍ အာဇာနည်နေ့အခမ်းအနားကို စစ်အခမ်းအနား၊ စစ်ပုံစံဖြင့် ပန်းခွေချခြင်း၊ ကျဆုံးသွားသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းများကို ပြုလုပ်ခဲ့သည်။ ထို့အပြင် ဗိုလ်ချုပ်အောင်ဆန်း အုတ်ဂူမှစတင်၍ ဝဲ၊ ယာ အစဉ်လိုက်ရှိနေသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အုတ်ဂူများအား အစဉ်လိုက်ပန်းခွေချခြင်း၊ အလေးပြုခြင်းများကို ပြုလုပ်လေ့ရှိသည့်အပြင် ပန်းခွေချနေစဉ် အချိန်အတွင်း၌လည်း စစ်တီးဝိုင်းက စည်းချက်ကျကျ လွမ်းမောဖွယ်ရာ တီးမှုတ်နေခဲ့ကြကြောင်း သိရသည်။

"၁၉၈၃ ခုနှစ်မှာတော့ အာဇာနည်ဗိမာန်ဗုံးခွဲခံခဲ့ရတယ်။ အဲဒီနောက်ပိုင်းမှာတော့ နိုင်ငံတော်အကြီးအကဲတွေအနေနဲ့ တက်ရောက်မှုမရှိတော့ပါဘူး။ နောက်ပြီး ပန်းခွေချ အလေးပြုတော့လည်း အရင်တုန်းကလို အာဇာနည်မိသားစုဝင်တွေနဲ့အတူ မလုပ်တော့ဘူး။ အာဇာနည်ဗိမာန်ကလည်း အခုမြင်တွေ့ရတဲ့ပုံစံမျိုးဖြစ်သွားတယ်။ အာဇာနည်ကြီးတွေရဲ့ ဂူဗိမာန်နေရာတွေ ပျောက်ကုန်တယ်။ ဗိုလ်ချုပ်က ဘယ်နေရာ၊ ဦးဘဝင်းက ဘယ်နေရာ အစရှိသဖြင့် မသိတော့ပါဘူး"ဟု ၎င်းက သူ၏ အတွေ့အကြုံကိုပြောသည်။

ဒီမိုကရေစီပြည်သူ့အစိုးရသစ်လက်ထက်တွင် ယခင်နှစ်များနှင့်မတူ အာဇာနည်ဗိမာန်အား အကြီးစားပြုပြင်မွမ်းမံခြင်းများ ပြုလုပ်နေသည့်အတွက် ၎င်းတို့မိသားစုအနေဖြင့် ဝမ်းသာကြည်နူးမှုများ ဖြစ်ပေါ်ရသည့်အပြင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ပြည်သူများ မျှော်လင့်စောင့်စားခဲ့ရသော အာဇာနည်နေ့ အခမ်းအနားမျိုးအဖြစ် ကျင်းပပေးရန် မျှော်လင့်နေကြောင်း အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်၏ မိသားစုဝင်များက ဆိုသည်။

အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်၏ဇနီး ဒေါ်ခင်ခင်သည် ၁၉၈၁ ခုနှစ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားခဲ့ကြောင်း သိရသည်။ အကြီးဆုံးသားဖြစ်သူ ဦးတင်မြင့်သည် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံ ကမ်းလွန်ဌာနတွင် ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ယခုအခါ ၎င်း၏ မိသားစုနှင့်အတူ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက်၊ မောရဝတီလမ်း အိမ်အမှတ်(၁၃၅/အက်ဖ်)တွင် နေထိုင်လျက်ရှိသည်။ ထို့အတူ ၎င်း၏ ညီဖြစ်သူ ဦးလှကြည်မှာ သတ္တုတွင်းဝန်ကြီးဌာနတွင် ဘူမိဗေဒအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ညီမဖြစ်သူ ဒေါ်ခင်ခင်စိန်မှာ ပြည်ပတွင် နေထိုင်လျက်ရှိကြောင်း သိရသည်။ ။

# (၆၉)နှစ်မြောက် အာဇာနည်နေ့အကြိုအခမ်းအနားများ မြို့နယ်အသီးသီး၌ ပြုလုပ်



**ကျောက်မဲ**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ အမှတ်(၉)ရပ်ကွက် အထက(၂) ပတ္တမြားခန်းမ၌ ဇူလိုင် ၁၂ ရက် မွန်းလွဲပိုင်းက (၆၉)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲကိုပြုလုပ်ရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျောက်မဲခရိုင်ရုံးမှ ခရိုင်ဦးစီးအရာရှိ ဒေါ်ကေသွယ်ဟန်က ဟောပြောပွဲပြုလုပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာ မောင်သန်းကို (သလ္လာမြေ)က မမေ့နိုင်တဲ့အမှတ်တရနေ့ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာ ကျော်ဝင်းမောင်(ကျောက်မဲ)က ဇော်ဂျီ၏ဆန်းကဗျာကို လည်းကောင်း၊ စာရေးဆရာ မောင်စေတနာ(ကျောက်မဲ)က အာဇာနည်ဆိုင်ရာ ဂုဏ်ပြုကဗျာကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ပြီး အာဇာနည်ခေါင်းဆောင် (၉)ဦး၏ အမည်များကို မေးမြန်းရာ ဦးစွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူ နှစ်ဦးအား ခရိုင်ဦးစီးအရာရှိမှ ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းပြီး ကျောက်မဲမြို့ပေါ်ရှိ အခြေခံပညာကျောင်းများတွင် အသိပညာပေးဟောပြောပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မလတ်(ကျောက်မဲ)**

**လွိုင်ကော်**

(၆၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖြစ် ကျောင်းတွင်းကဗျာရွတ်ဆိုပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းက လွိုင်ကော်မူလတန်းကြိုကျောင်း၌ပြုလုပ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၊ လွိုင်ကော်မူလတန်းကြိုကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသန်းက ကဗျာရွတ်ဆိုပြိုင်ပွဲ ပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လွိုင်ကော်မူလတန်းကြိုကျောင်းရှိ တန်းခွဲ(A,B,C,D)တို့မှ မူကြိုကလေးငယ်များက 'အာဇာနည်နေ့'ကဗျာနှင့် 'ဂုဏ်ပြုကြစို့'ကဗျာတို့အား ရွတ်ဆိုပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ကြည်နှင့် တာဝန်ရှိသူများက ကဗျာရွတ်ဆိုပြိုင်ပွဲဝင် မူကြိုကလေးငယ်များအား မေတ္တာလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဝါးခယ်မ**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် အလက(၂)ကျောင်း၌ (၆၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းကကျင်းပရာ အာဇာနည်နေ့အကြောင်း သိကောင်းစရာများကို မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်နှင့် ဆရာမ ဒေါ်သိန်းသိန်းဆွေတို့က ဟောပြောခဲ့ကြသည်။

ဆက်လက်၍ အလက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်သိန်းက 'အာဇာနည်နေ့တို့မမေ့' ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲမှ ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်က ပညာရတနာ ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်နှင့် စာစောင်များ ပေးအပ်ခဲ့သည်။

ထို့နောက် အာဇာနည်နေ့တို့မမေ့ ခေါင်းစဉ်ဖြင့် ဆုရစာစီစာကုံးများ၊ ဆောင်းပါးများ၊ ကဗျာများ၊ ဓာတ်ပုံများ ခင်းကျင်းပြသထားမှုကို ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများက ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

ပြည်တွင်းရေးရာ

# မမီလိုက်ပေမယ့် သိခဲ့ရသည့် အာဇာနည်ခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချို၏မြေး ပြောပြသည့် အာဇာနည်အဘိုးအကြောင်း

သတင်းဆောင်းပါး - မင်းသစ်(သတင်းစဉ်)၊ ဇော်ကြီး(ပဏ္ဍိတ)

ဓာတ်ပုံ - ဇော်မင်းလတ်

**ရန်ကုန် ဇူလိုင် ၁၃**

"ချင်းတောင်ကို အဘိုး ချစ်ကြည်ရေးသွားတုန်းက လက်ဆောင်ရခဲ့တဲ့ ချင်းစောင်နဲ့ ချင်းပလိုင်းကို ငါးနှစ်သားအရွယ်ကစပြီး သတိထားမိတာပေါ့။ ကလေးဆိုတော့ စိတ်ဝင်စားပြီးမေးတော့ အဘွားနဲ့အမေက အဘိုးအကြောင်း



ဒီးဒုတ်ဦးဘချို၏ ဇနီး ဒေါ်လှမေနှင့်သမီးများ မှတ်တမ်းပုံ

ပြောပြတယ်။ အဲဒီမှာ စွဲစွဲထင်ထင် အဘိုးအကြောင်း သိရတယ်။ နောက်ပြီး အဘွားက ကျွန်တော်တို့ မောင်နှမတွေကို ငယ်ငယ်ကတည်းက အာဇာနည်နေ့ရောက်တိုင်း အာဇာနည်ကုန်းကို အမြဲခေါ်သွားတယ်"ဟု ဒီးဒုတ်ဦးဘချို၏ မြေးဖြစ်သူ ဦးသန့်စင်ချိုက ပြောသည်။

"အဘိုးက ဖြောင့်တယ်၊ မှန်တယ်။ နိုင်ငံရေးကိုလည်း တိုင်းပြည်လွတ်လပ်ရေးအတွက်လုပ်နေတာ။ တိုင်းပြည်လွတ်လပ်ရေးရပြီးသွားရင် နိုင်ငံရေးမလုပ်တော့ဘူး။ ဝါသနာပါတဲ့ သတင်းစာအလုပ်ကိုလုပ်ပြီး အသက်မွေးတော့မယ်လို့ အဘွားက ပြောပြတယ်"ဟု ဦးသန့်စင်ချိုက ဆိုသည်။

ဒီးဒုတ်ဦးဘချိုကွယ်လွန်ချိန်တွင် ဇနီးဒေါ်လှမေနှင့် သမီးခြောက်ယောက် ကျန်ရစ်ခဲ့ပြီး လွတ်လပ်ရေးရရှိချိန်တွင် သမီးနှစ်ယောက်သာကျန်ရှိကြောင်း၊ ယခုအခါ အားလုံးကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်း ဒီးဒုတ်ဦးဘချို၏ သမီးအငယ်ဆုံးမှ မွေးဖွားသည့် မြေးဖြစ်သူ ဦးသန့်စင်ချိုက ပြောသည်။

"အဘိုးက အကျင့်စာရိတ္တပိုင်းကို အစွန်းအထင်းမခံဘူး။ အကျင့်စာရိတ္တက အရေးကြီးတယ်လို့ ပြောတယ်။ အဘိုးက စကောလားရှစ်ရခဲ့တာ။ သမီးတွေ၊ မြေးတွေကို အဘိုးလိုကြိုးစားဖို့ အဘွားက အမြဲတမ်းဆုံးမတယ်"ဟု အဘိုးဖြစ်သူ ဒီးဒုတ် ဦးဘချိုနှင့်စပ်လျဉ်းပြီး ဦးသန့်စင်ချိုက ဆိုသည်။



အာဇာနည်ခေါင်းဆောင်
ဒီးဒုတ်ဦးဘချို၏ ဇနီး ဒေါ်လှမေ



အာဇာနည်ခေါင်းဆောင်
ဒီးဒုတ်ဦးဘချို၏မြေး ဦးသန့်စင်ချို

ဒီးဒုတ်ဦးဘချို ကွယ်လွန်သွားပြီးနောက်ပိုင်း ဖဆပလခေတ်တွင် ကျန်ရစ်သူ မိသားစုများအား ဒီးဒုတ်ဦးဘချိုနှင့်လုပ်ဖော်ကိုင်ဖက်များဖြစ်သည့် ဝန်ကြီးချုပ်ဦးနု၊ ဦးကျော်ငြိမ်းတို့က ဂရုတစိုက်စောင့်ရှောက်ခဲ့ကြောင်း၊ ခံစားခွင့်များလည်း ရရှိခဲ့ကြောင်း သိရသည်။ ဒီးဒုတ်ဦးဘချိုသည် အမျိုးသားလွတ်လပ်ရေးတိုက်ပွဲ၊ အမျိုးသားပညာရေး၊ အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေးတို့အတွက် ၁၉၂၅ ခုနှစ်တွင် ကိုယ်ပိုင် ဒီးဒုတ်ဂျာနယ်ကို ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ်လမ်းပေါ်ရှိ အမှတ်(၈၄)နေအိမ်တွင် ထုတ်ဝေခဲ့ပြီး တစ်ဖက်တွင်လည်း စာပေများ ရေးသားခဲ့သည်။

"အဘိုးရေးခဲ့တဲ့ စာအုပ်ထဲမှာတော့ ဘွေသီဟာဝတ္ထုစာအုပ်ကို အကြိုက်ဆုံးပဲ။ ငယ်ငယ်တုန်းကလည်း ဖတ်တယ်။ အခုထိ စွဲလမ်းတုန်းပဲ။ အရေးအသား၊ အဖွဲ့အနွဲ့ကအစ ကောင်းတယ်"ဟု ဦးသန့်စင်ချိုက ပြောပြသည်။

ထို့ပြင် ဒီးဒုတ်ဦးဘချို တီးခတ်ခဲ့သည့် စောင်း၊ ရေးသားခဲ့သည် စာအုပ်စာပေများကို မြေးဖြစ်သူ ဒေါက်တာဒေါ်ခင်လှချို၏နေအိမ်တွင် သမိုင်းမှတ်တမ်းအဖြစ် သိမ်းဆည်းထားရာ ယနေ့ထိတိုင် ရှိနေသေးသည်။

"အင်္ဂလိပ်ခေတ်မှာ သခင်တွေက အဘိုးတို့အိမ်မှာ စားအိမ်၊သောက်အိမ်ပေါ့။ တစ်ခါတလေ မိုးချုပ်မှလာရင် အဘွားကမရှိ၊ ရှိတာရှာကြံ ချက်ကျွေးရတယ်။ တစ်ခါတလေ သခင်တွေ ထမင်းဆိုင်မှာ ထမင်းစားပြီး ရှင်းစရာငွေမရှိရင် အဘလုပ်ပါဦးလို့ စာရေးပြီး အဘိုးဆီကိုလွှတ်တယ်။ အဘိုးက အိမ်က တူ၊ တူမလေးတွေလွှတ်ပြီး ဒီကောင်တွေ လုပ်ပြန်ပြီကွာဆိုပြီး ပါးစပ်က ပြောလည်းပြော သတင်းစာဖိုးထဲက ပိုက်ဆံကို ထုတ်ပေးတယ်"ဟု လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေသည့် သခင်လူငယ်များအပေါ် ဒီးဒုတ်ဦးဘချိုထားသည့် စိတ်နေစိတ်ထားကို အဘွားဖြစ်သူ၏ ပြောပြချက်အရ သိရကြောင်း ဦးသန့်စင်ချိုက ပြောသည်။

"အဘိုးဆုံးပြီး အဘိုးမိတ်ဆွေအပေါင်းအသင်းတွေက သတင်းစာလုပ်ငန်းကို ဝိုင်းလုပ်ပေးကြတယ်။ အထူးသဖြင့် ရန်ကုန်သတင်းစာက ဦးအောင်မြင့်ပေါ့၊ ဆရာ ဇဝနလည်း ဝိုင်းကူပါတယ်။ နောက်ပိုင်းစိုက်ထားတဲ့ ငွေတွေပြန်မရတော့ သတင်းစာကို ရပ်လိုက်ပြီး အဘွားက ဆက်မလုပ်တော့ဘူး"ဟု ပြောသည်။

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးပြီးနောက်ပိုင်း မိသားစုဝင်များအား အဆင်ပြေစွာ လုပ်ကိုင်စားသောက်နိုင်ရန် BOC ကုမ္ပဏီမှ ဓာတ်ဆီဆိုင်ပါမစ်များကို ချပေးရာတွင် ဒီးဒုတ်ဦးဘချို၏ ဇနီးဖြစ်သူလည်း ဆီဆိုင်ပါမစ်ရရှိခဲ့ကြောင်း၊ ပြည်သူပိုင်မသိမ်းခင် ဆီဆိုင်ပါမစ်ကို ကုမ္ပဏီသို့ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

"ဆီဆိုင်ပါမစ်ကို အဘွားကမလုပ်နိုင်တော့လို့ ကုမ္ပဏီပြန်အပ်လိုက်တယ်။ ပြည်သူပိုင်သိမ်းတော့ ဆိုင်ပါမသွားဘူး။ တချို့ပြည်သူပိုင်သိမ်းတဲ့အထဲ အဆောက်အအုံတွေ ပါသွားတယ်။ အဘိုးကို ဝန်ကြီးတာဝန်ပေးအပ်ခံရစဉ် စီးဖို့ပေးထားတဲ့ ဝစ္စလီကား တစ်စီးရှိတယ်။ အဲဒီကားကို နိုင်ငံခြားသားတစ်ယောက်ပိုင်တဲ့ ဂိုဒေါင်မှာသွားထားတာ၊ ပြည်သူပိုင်သိမ်းတော့ အဲဒီကားပါသွားတယ်။ တော်တော်ကြာမှ ကားထဲအပင်တွေ ပေါက်နေပြီး ပျက်စီးနေတော့မှ ပြန်ရတယ်"ဟု ဦးသန့်စင်ချိုက ပြောသည်။

"အာဇာနည်နေ့နဲ့ပတ်သက်ပြီး မေးမှိန်လာတော့ အာဇာနည်မိသားစုဝင်တွေ အနေနဲ့ သတိထားမိကြတယ်။ ဒါပေမယ့် ခေတ်အခြေအနေအရဖြစ်လာတာ ဘာတတ်နိုင်မှာလဲ၊ စိတ်ထဲကတော့ ခံစားမှုရှိတာပေါ့။ ဒီမိုကရေစီခေတ်မှာ အာဇာနည်နေ့နဲ့ ပတ်သက်ပြီး အလေးထားပြီး လုပ်လာတာတွေ့ရတော့ မိသားစုအနေနဲ့ ဝမ်းသာတာပေါ့"ဟု ဦးသန့်စင်ချိုက ပြောသည်။

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသည့် ဇူလိုင် ၁၉ ရက်နေ့ရောက်တိုင်း ဒီးဒုတ်ဦးဘချိုအတွက် ကောင်းမှုကုသိုလ်အဖြစ် ဗိုလ်ချုပ်လမ်း နေအိမ် ဒီးဒုတ်တိုက်တွင် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ရာမှ နောက်ပိုင်း နှင်းဆီကုန်း ဘိုးဘွားရိပ်သာတွင်သာ အလှူပြုလုပ်ခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း အဘိုးဖြစ်သူ ဒီးဒုတ်ဦးဘချိုအတွက် မြေးများက နှင်းဆီကုန်း ဘိုးဘွားရိပ်သာတွင် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။



ဒီးဒုတ်ဦးဘချို၏ စောင်းကောက်နှင့် မှတ်တမ်းမှတ်ရာစာအုပ်များ

## အခြေခံသမဝါယမအသင်းများအား အသေးစားအရင်းအနှီးချေးငွေပေးအပ်

**သရက် ဇူလိုင် ၁၃**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်သမဝါယမအသင်းစုရုံး အစည်းအဝေးခန်းမ၌ ဇူလိုင်လ ပထမပတ်တွင် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်း ၁၂၅ သင်းသို့ အသေးစားအရင်းအနှီးချေးငွေများပေးအပ်ပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးရွှေဝင်းက အခြေခံသမဝါယမအသင်းများအား အသေးစားအရင်းအနှီးချေးငွေများ ထုတ်ပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်း၍ အခြေခံသမဝါယမအသင်းပေါင်း ၁၂၅ သင်းသို့ အရင်းအနှီးချေးငွေ စုစုပေါင်း ကျပ် ၁၃၄၅၀ ဒသမ ၃၅ သိန်းကို ထုတ်ချေးပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ မြို့နယ် သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးမြတ်သူက အခြေခံသမဝါယမအသင်း ၁၂၅ သင်းသို့ ချေးငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## ဒေးဒရဲမြို့နယ် ဆင်ကူးကျေးရွာတွင် မိုးရာသီသစ်ပင်စိုက်ပျိုး

**ဒေးဒရဲ ဇူလိုင် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ဆင်ကူးကျေးရွာတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၈ နာရီက ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးနိုင်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တာဝန်ရှိသူများ စုစုပေါင်း ၁၃၅ ဦးတို့က ကျွန်းပင်၊ ပိတောက်ပင်၊ ယူကလစ်နှင့် မန်ကျည်းရှားပင် စသည့် ပျိုးပင်ပေါင်း ၂၀၀ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(သပြေထွန်း)**




## ဝန်မြစ်ရေ ငါးသိုင်းချောင်းမြို့၌ စိုးရိမ်ရေအမှတ်သို့စတင်ရောက်ရှိသော်လည်း ဒေသခံများ ပုံမှန်သွားလာရောင်းဝယ်လျက်ရှိ

**ငါးသိုင်းချောင်း ဇူလိုင် ၁၃**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ဝေန်မြစ်ရေသည် ဇူလိုင် ၁၂ ရက် မွန်းလွဲ ၁ နာရီအချိန် တိုင်းထွာချက်အရ အဆိုပါမြို့၏ စိုးရိမ်ရေအမှတ် ၂၇ ပေသို့စတင်ရောက်ရှိခဲ့ပြီး သုညဒသမ ၂၀ ပေ ကျော်လွန်လျက်ရှိရာ ငါးသိုင်းချောင်းမြို့ပေါ်နှင့် ဝေန်မြစ်ကမ်းတစ်လျှောက်ရှိ ကျေးရွာများမှ အခြေခံပညာကျောင်းများအားလုံး ပုံမှန်ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ဒေသခံပြည်သူများမှာလည်း ပုံမှန်ဆက်သွယ် သွားလာရောင်းဝယ်လျက်ရှိသည်။

ဆက်လက်၍ ဝေန်ရေကာတာ လုံခြုံရေးအတွက် ဌာနဆိုင်ရာ ဆည်မြောင်း ရေကင်းများကို မြစ်ရေ ၂၆ ပေသို့ရောက်ရှိစဉ်ကတည်းက တာဝန်ချထား၍ နေ့၊ ညမပြတ်စောင့်ကြပ်လျက်ရှိကြောင်း၊ စိုးရိမ်ရေအမှတ်သို့ရောက်ရှိလာချိန်တွင် ဝေန်ရေကာတာတစ်လျှောက်ရှိ သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုအလိုက် ရေကင်းများ ချထားဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် ဌာနဆိုင်ရာ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ဆက်လက်စုပေါင်းဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

သွေးသည်
အသက်

## ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးတွင် ယာဉ်မောင်းများ အရက်သေစာသောက်စားခြင်းရှိ၊ မရှိ စစ်ဆေးပညာပေး

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်-နေပြည်တော်အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၁၆/၂) တွင် ဇူလိုင် ၁၂ ရက် ညပိုင်းက အမြန်လမ်းမကြီး ရဲတပ်ဖွဲ့ ဒုတိယရဲတပ်ဖွဲ့မှူးကြီး စိုးမြင့်ဦး ဦးစီး၍ ဖြူးအမြန် လမ်းမကြီးရဲစခန်း စခန်းမှူး ရဲအုပ်ဝင်းထွဋ်အောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့ချောင်းအမြန်လမ်းရဲစခန်း စခန်းမှူး ဒု-ရဲမှူး ထွန်းထွန်းဦးနှင့် တပ်ဖွဲ့ဝင်များက လမ်းမကြီးတွင် ပြေးဆွဲမောင်းနှင်နေသော ခရီးသည်တင်ယာဉ်မောင်းများ၊ အကူယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များအား အရက်သေစာသောက်စားထားခြင်းရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ခဲ့ပြီး ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ လိုက်နာမောင်းနှင်ကြရန်နှင့် အရက်သေစာသောက်စားခြင်း ကင်းဝေးနိုင်ရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# မြန်မာ-ကိုရီးယားစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဇူလိုင် ၁၃**
ဒုတိယသမ္မတ ဦးမြင့်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယူဂျယ်ကျောင်းအား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ယနေ့ ညနေ ၃ နာရီတွင် လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ကိုရီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ကလေးဝမြို့တွင် မြစ်ရေများပြန်လည်ကျဆင်း

**ကလေးဝ ဇူလိုင် ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တွင် ဇူလိုင် ၁၂ ရက်မှစ၍ ရေများ ပြန်လည်ကျဆင်းနေပြီဖြစ်သည်။ ကလေးဝမြို့နယ် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ညနေ ၆ နာရီတိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေမှာ ၁၆၁၂ စင်တီမီတာနှင့် မြစ်သာမြစ်ရေမှာ ၁၅၉၅ စင်တီမီတာတွင်ရှိနေပြီး ၎င်းမြို့၏ စိုးရိမ်ရေအမှတ်အထက်တွင် တည်ရှိနေသည်။ ဇူလိုင် ၁၁ ရက် ညနေ ၅ နာရီတွင် ချင်းတွင်းမြစ်ရေမှာ ၁၆၂၀ စင်တီမီတာနှင့် မြစ်သာမြစ်ရေမှာ ၁၆၀၃ စင်တီမီတာသို့ အမြင့်ဆုံးရောက်ရှိခဲ့ပြီး လက်ရှိအချိန်ထိ ၇ စင်တီမီတာခန့်စီ ကျဆင်းသွားကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားပြတိုက်(ရန်ကုန်)နှင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တို့ကိုကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၃**
မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ဗိုလ်ချုပ်သန်းထွဋ်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ရန်၊ လူငယ်ထုအတွင်း မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများစိတ်ဝင်စား တန်ဖိုးထားလေးစားစေရန်၊ ပြတိုက်ပစ္စည်းများ စုဆောင်းထားရှိမှုနှင့် ပြသမှုများကောင်းမွန်စေရန်အတွက် ရန်ကုန်တိုင်းဒေသကြီးရှိ အမျိုးသားပြတိုက်(ရန်ကုန်)နှင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတသည် နံနက် ၁၀ နာရီတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန အမျိုးသားပြတိုက်(ရန်ကုန်)သို့ရောက်ရှိရာ ညွှန်ကြားရေးမှူး ဒေါ်နန်းလောင်ဝ်င်းက ဧည့်သည်ဝင်ရောက်မှု၊ နိုင်ငံခြားဧည့်သည့်များအား ဘာသာရပ်အလိုက်ရှင်းပြမှု၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ပြတိုက်ရှိရှေးဟောင်းပစ္စည်းများ ထိန်းသိမ်းထားရှိမှုနှင့် ပြတိုက်ရှိ အထပ်လိုက်ပြခန်းပြသထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။**(ယာပုံ)**

ထို့နောက် ပြတိုက်ရှိ မြန်မာအက္ခရာလက်ရေးမူပြခန်း၊ သီဟာသနပလ္လင်ပြခန်း၊ ရတနာပုံခေတ်ပြခန်း၊ ဗုဒ္ဓအနုပညာပြခန်း၊ တိုင်းရင်းသားယဉ်ကျေးမှုပြခန်း၊ သဘာဝပြခန်းနှင့် မြန်မာ့သမိုင်းမတင်မီပြခန်း၊ မြန်မာ့မြို့ပြယဉ်ကျေးမှုပြခန်းတို့ကို လိုက်လံကြည့်ရှုသည်။

အမျိုးသားပြတိုက်ကို ၁၉၅၂ ခုနှစ်တွင် ရန်ကုန်ဂျူဗလီဟော၌လည်းကောင်း၊ ၁၉၇၀ ပြည့်နှစ်တွင် ရန်ကုန်မြို့ ပန်းဆိုးတန်းရှိ (ယခု မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်) ၌လည်းကောင်း၊ ၁၉၉၆ခုနှစ်မှစပြီး ပြည်လမ်းရှိ ယခုအမျိုးသားပြတိုက် အဆောက်အအုံ၌လည်းကောင်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း သီရိမင်္ဂလာလမ်းသွယ်ရှိ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက်(ရန်ကုန်)သို့ရောက်ရှိရာ ညွှန်ကြားရေးမှူး



ဒေါ်မြဦးက စာကြည့်တိုက်နှင့်ပတ်သက်သည့်အချက်အလက်များ၊ ရှားပါးစာအုပ်များထိန်းသိမ်းထားရှိမှု၊ ဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ဆောင်ရွက်မည့်အစီအမံ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ပေပုရပိုက်နှင့် လက်ရေးဌာနစိတ်၊ စာနယ်ဇင်းအခန်း၊ အင်္ဂလိပ်စာအခန်း၊ သတင်းစာအခန်း၊ မြန်မာ့စာအုပ်စင်အခန်းနှင့် ရှားပါးစာပေအခန်းတို့ကို လှည့်လည်ကြည့်ရှုသည်။

အမျိုးသားစာကြည့်တိုက်ကို ၁၉၅၂ ခုနှစ်တွင် ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာနက နိုင်ငံတော်စာကြည့်တိုက်အမည်ဖြင့် ရန်ကုန်မြို့ ဂျူဗလီဟော၌လည်းကောင်း၊ ၁၉၆၂ ခုနှစ်တွင် အမှတ် (၁၆၆) ပန်းဆိုးတန်းလမ်း၌လည်းကောင်း၊ ၁၉၆၄ ခုနှစ် ဩဂုတ်လတွင် မြို့တော်ခန်းမ၌လည်းကောင်း၊ ၁၉၈၄ ခုနှစ် ဩဂုတ်လတွင် ကမ်းနားလမ်း ခြောက်ထပ်ရုံး၌လည်းကောင်း၊ ၂၀၀၂ ခုနှစ် ဇွန်လတွင် တာမွေမြို့နယ် အမျိုးသားစာကြည့်တိုက်၌လည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင် ကမ္ဘာအေးဘုရားလမ်း သီရိမင်္ဂလာလမ်းသွယ်၌လည်းကောင်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ချင်းတွင်းမြစ်ရေနှင့် ငဝန်မြစ်ရေ စိုးရိမ်ရေအမှတ်အထက် ဆက်လက်မြင့်တက်နိုင်

**နေပြည်တော် ဇူလိုင် ၁၃**
ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် လေးပေခန့်၊ ကလေးဝမြို့တွင် နှစ်ပေခန့်၊ မင်းကင်းမြို့တွင် နှစ်ပေခွဲခန့်နှင့် ကနီမြို့တွင် သုံးပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေအမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေများသည် နောက်နှစ်ရက်အတွင်း မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် တစ်ပေခွဲခန့်စီ၊ မင်းကင်းမြို့တွင် တစ်ပေခန့်၊ ကနီမြို့တွင် ပေဝက်ခန့်ကျဆင်းနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်ပြီး မုံရွာမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ချင်းတွင်းမြစ်တစ်လျှောက်နှင့် ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားသည်။

**(ကြေးမုံ)**

## အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ YMCA အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးများ ညီလာခံ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၃**
မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်အဖြစ် ပထမဆုံးလက်ခံကျင်းပသည့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ YMCA အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးများ ညီလာခံ "Asia & Pacific Alliance of YMCAs, General Secretaries Conference"ကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် မြန်မာနိုင်ငံကလျာဏယုဝ ခရစ်ယာန်အသင်းများ၏ အမျိုးသားကောင်စီ (မြန်မာ YMCA)၌ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက်ပြီး နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ YMCA အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr. Nam Boo Won ၊ မြန်မာ YMCA အထွေအထွေအတွင်းရေးမှူး ဦးမောင်မောင်ဝင်း၊ မြန်မာ YMCA စည်းမျဉ်းသုံးသပ်ရေးကော်မတီမှ ပူးတွဲသဘာပတိ သိက္ခာတော်ရဆရာ ဒေါက်တာဦးဝင်းတင်နှင့် YMCA အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသာစိန်တို့က ဆုတောင်းစကား ပြောကြားကြသည်။

အဆိုပါညီလာခံကို တူညီသော အနာဂတ်မျှော်မှန်းချက်များဖြင့် ရေရှည်စဉ်ဆက်မပြတ် လူမှုအဖွဲ့အစည်းအား တည်ဆောက်ခြင်း၊ နိုင်ငံအချင်းချင်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး၊ ငြိမ်းချမ်းသာယာသော လူမှုအဖွဲ့အစည်းဖြစ်ရေး ရည်မှန်းချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၉ နိုင်ငံမှ အထွေထွေအတွင်းရေးမှူးများတက်ရောက်ကာ လုပ်ငန်းမဟာဗျူဟာရေးဆွဲခြင်း၊ လူငယ်များဖွံ့ဖြိုးတိုးတက်ရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံဆိုင်ရာလုပ်ငန်းအစီရင်ခံစာများ၊ လူမှုရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေး စသည်တို့ကို ဆွေးနွေးကြမည်ဖြစ်သည်။

ယင်းညီလာခံကို ၂၀၁၆ ခုနှစ် ဇူလိုင် ၁၃ ရက်မှ ၁၅ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံအနေနှင့် အပြည်ပြည်ဆိုင်ရာဥပဒေ အခြေခံမှုများနှင့်အညီ ငြိမ်းချမ်းစွာဖြေရှင်းရန် ကြိုးပမ်းမှုများအားလုံးကို ထောက်ခံ

**ကုလသမဂ္ဂ ပင်လယ်ပြင်ဥပဒေဆိုင်ရာ ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ "၇" အရ တောင်တရုတ်ပင်လယ်အရေးကိစ္စတွင် အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်အပေါ် မြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်**

**၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၃**

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ၁၉၈၂ ခုနှစ် ကုလသမဂ္ဂ ပင်လယ်ပြင်ဥပဒေဆိုင်ရာ ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ "၇"အရ တောင်တရုတ်ပင်လယ်အရေးကိစ္စနှင့်ပတ်သက်သည့် အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံက မှတ်သားထားပါသည်။ အဆိုပါ အနုညာတခုံရုံးဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှုနှင့်ဒေသအတွင်းနှင့် ပြင်ပသို့ရိုက်ခတ်လာနိုင်မည့် ဂယက်ကို မြန်မာနိုင်ငံမှ စောင့်ကြည့်လေ့လာလျက်ရှိသည်။

မြန်မာနိုင်ငံသည် တောင်တရုတ်ပင်လယ်ပိုင်ဆိုင်မှုကို ကြေညာသည့် နိုင်ငံမဟုတ်သော်လည်း တောင်တရုတ်ပင်လယ်၏ ဖြစ်ပေါ်တိုးတက်မှုများကို အလေးအနက်ထားရှိပါသည်။ မြန်မာနိုင်ငံအနေနှင့် အငြင်းပွားမှုကို ၁၉၈၂ ပင်လယ်ပြင်ဥပဒေဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအပါအဝင် နိုင်ငံအားလုံးမှ အသိအမှတ်ပြုသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေအခြေခံမှုများနှင့်အညီ ဆွေးနွေးမှုနှင့် ချစ်ကြည်ရင်းနှီးစွာ ညှိနှိုင်းမှုများမှတစ်ဆင့် ငြိမ်းချမ်းစွာဖြေရှင်းရန် ကြိုးပမ်းမှုများအားလုံးကို အစဉ်အမြဲအားပေးထောက်ခံပါသည်။

သက်ဆိုင်သည့်နိုင်ငံများအနေနှင့် အခြေအနေကို တင်းမာစေမည့် လုပ်ဆောင်မှုများအပေါ် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ရန်နှင့် ပြဿနာကို အင်အားသုံးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းမှ ရှောင်ကြဉ်ရန် တိုက်တွန်းပါသည်။

မြန်မာနိုင်ငံသည် စည်းမျဉ်းဥပဒေကို အခြေပြုသည့် အာဆီယံ၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အလျောက် နိုင်ငံတကာအသိုက်အဝန်းအတွင်း နိုင်ငံခြားဆက်ဆံရေးကို အကောင်အထည်ဖော်မှုတွင် စည်းမျဉ်းဥပဒေကို လေးစားလိုက်နာရန် ကတိပြုထားပါသည်။

မြန်မာနိုင်ငံအနေဖြင့် တောင်တရုတ်ပင်လယ်တွင်းနိုင်ငံများ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြေညာချက် အပြည့်အဝနှင့် ထိရောက်စွာ အကောင်အထည်ဖော်ရေးနှင့် တောင်တရုတ်ပင်လယ်တွင်း ကျင့်ထုံးတစ်ရပ် ဆောလျင်စွာ ပေါ်ထွက်ရေးအတွက် တူညီဆန္ဒအပေါ် အခြေပြု၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့နှင့် ဆက်လက်ပြီး လက်တွဲလုပ်ကိုင်သွားမည်ဖြစ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရခိုင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇူလိုင် ၁၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် မြောက်ဦးမြို့သို့ရောက်ရှိပြီး မြောက်ဦးမြို့ရှိ အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်း၌ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသည့် ကယ်ဆယ်ရေးပစ္စည်းများအား ထောက်ပံ့ပေးအပ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျောက်တော်မြို့ရှိ မဟာမြတ်မုနိဘုရားကြီးတွင် ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြား၍ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသည့် ကယ်ဆယ်ရေးပစ္စည်းများအား ထောက်ပံ့ပေးအပ်သည်။

ယင်းတွေ့ဆုံပွဲများတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့အနေဖြင့် ဇူလိုင် ၁၂ ရက်က လာရောက်ရန် ကြိုးစားခဲ့သော်လည်း ရာသီဥတု အခြေအနေအရ ယနေ့မှလာရောက်နိုင်ခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်သည် လူဦးရေ သုံးသန်းကျော်ရှိပြီး စပါးအဓိက စိုက်ပျိုးသော နယ်မြေဖြစ်ကြောင်း၊ လူတစ်ဦး တစ်နှစ်လိုအပ်စပါး ၁၅ တင်းနှုန်းဖြင့် တွက်ချက်ပါက တစ်ဧက အထွက်နှုန်းတင်း ၁၀၀ ဖြင့် စပါးစိုက်ဧက လေးသိန်းခွဲခန့်စိုက်ပျိုးမှသာ စားရေးအတွက်စိတ်ချရပြီး ဖူလုံမှုရှိနိုင်ကြောင်း၊ မိုးတွင်းကာလ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာပါက စပါးများ ပျက်စီးဆုံးရှုံးမှုများဖြစ်နိုင်သဖြင့် နွေစပါးစိုက်ပျိုးရေးကို အလေးထားလုပ်ဆောင်ရန် လိုအပ်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း တတ်နိုင်သရွေ့ ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မဟာမြတ်မုနိဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ထို့အတူ နံနက်ပိုင်းကလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကျောက်တော်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တပ်နယ်အားကစားခန်းမ၌ တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ❂ ကျောဖုံးမှ

ညနေပိုင်း ပွဲစဉ်အဖြစ် ညနေ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းအမှတ်(၁)၌ အုပ်စု(ဃ)မှ ဆောက်လုပ်ရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာနဘောလုံးအသင်းက ကိုးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဇူလိုင် ၁၄ ရက်နေ့ပွဲစဉ်များအဖြစ် နံနက်ပိုင်း ၇ နာရီခွဲ ပွဲစဉ်တွင် အုပ်စု (က)မှ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအသင်းတို့ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌လည်းကောင်း၊ အုပ်စု(က)မှ ပြည်ထဲရေးဝန်ကြီးဌာနဘောလုံးအသင်းနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းတို့သည် လေ့ကျင့်ရေးကွင်းအမှတ်(၄)၌လည်းကောင်း၊ ညနေပိုင်းပွဲစဉ်များအဖြစ် ညနေ ၃ နာရီခွဲတွင် အုပ်စု(ခ)မှ ပညာရေးဝန်ကြီးဌာနဘောလုံးအသင်းနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အသင်းတို့သည် လေ့ကျင့်ရေးကွင်းအမှတ်(၁)၌လည်းကောင်း၊ အုပ်စု(ခ)မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့သည် လေ့ကျင့်ရေးကွင်းအမှတ်(၃)၌လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်းသိရသည်။ **(မောင်မောင်ဇော်)**

## ❖ ညောင်တုန်းမြို့မှ

"ကျွန်တော်တို့တည်ဆောက်ရေး (၉)က (၉)လမ်း နှင့်(၁၁)လမ်းကြားမြစ်ကမ်းပါးအိကျမှုကြောင့် ကမ်းအိကမ်းလျှောမှုပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုဆောင်ရွက်ရပါတယ်။ နိမ့်ကျသွားတဲ့ကမ်း ထပ်ပြီးမအိကျသွားဖို့ကို ထိန်းထိန်းသိမ်းသိမ်းနဲ့ဆောင်ရွက်သွားရပါတယ်။ ကမ်းလျှောလုပ်ငန်းဆောင်ရွက်နေတဲ့ကမ်းနဲ့ပေ ၅၀ ခန့်အကွာမှာ ပေ ၆၀ ခန့်နက်တဲ့ရေနက်အိုးကို စမ်းသပ်တွေ့ရှိတဲ့အပြင် လက်ရှိကမ်းအိကျတဲ့နေရာရဲ့အောက် မြေအနက်ပေ ၈၀ ခန့်မှာရေနက်အိုးများကိုထပ်တွေ့ရပါတယ်။ ဒါတွေကိုကမ်းထပ်အိမကျအောင် ကမ်းနဲ့ပေ ၅၀ မှ ပေ ၁၅၀ ခန့်ကွာတဲ့ရေနက်အိုးထဲကို (Geo.Bags) ဂျီအိုဗက်စ်လို့ခေါ်တဲ့ တစ်တန်ခွဲခန့်လေးတဲ့သဲအိတ်တွေကိုပြည့်အောင်ဖြည့်ရပါတယ်။ သဲအိတ်ချခြင်းဖြင့် ကမ်းအိကျမှုကိုကာကွယ်တဲ့အပြင် ရေစီးကြောင်းကိုလည်းပြောင်းလဲစေပါတယ်။ အခုဆိုရင် ရေစီးကြောင်းက ညောင်တုန်းကမ်းနဲ့ခွာပြီးရေလယ်ဘက်ကိုပြောင်းသွားပါပြီ။ ရေနက်အိုးပြည့်တော့မှ Tetra Pod တက်ထရိုပေ့ါလို့ခေါ်တဲ့ လေးမြှောင့်ရေထိန်းတုံးတွေကိုရေနက်အိုးအတွင်းမှ မြစ်ကမ်းစပ်အထိစီပြီးချရပါတယ်။ (၈)လမ်းကနေပြီး(၁၁)လမ်းထိပ်အတွင်း Tetra Pod တွေကိုစီပြီးချပါတယ်။ ဒီ Tetra Pod တွေချခြင်းအားဖြင့် ကမ်းကိုမြစ်ရေတိုက်စားမှုမှကာကွယ်ပေးတဲ့အပြင် ကမ်းငြိမ်အောင်လည်းထောက်ထားပေးသလိုဖြစ်ပါတယ်။ ဒီလေးမြှောင့်တုံးတွေကို ကျွန်တော်တို့ဆည်မြောင်းကညောင်တုန်းမြို့မှာ ပထမဆုံးအသုံးပြုတာပါ။

"ဒါတွေပြီးမှ အခုနိမ့်ကျသွားတဲ့နေရာရဲ့ မြေသားအောက်ကရေနက်အိုးကို Bored Pile နဲ့ Sheet Pile လုပ်ငန်း (မြေကျောဖြတ်ခြင်း)လုပ်ငန်းတွေကို လုပ်ရပါတယ်။ ဒီ Bored Pile နဲ့ Sheet Pile ကိုနှစ်တန်းရိုက်တယ်။ကမ်းအိကမ်းလျှောလုပ်ငန်းကို ထိန်းပြီးဆောင်ရွက်တဲ့နေရာမှာပထမ Bored Pile စင်တစ်စင်၊ နှစ်စင်၊ သုံးစင်နဲ့ တဖြည်းဖြည်းခုနစ်စင်းနဲ့ဆောင်ရွက်သွားတာပါ။ အခုတော့ ဒီမြစ်ကမ်းကစိတ်ချသွားပါပြီ။ (၁၉)လမ်းထိပ်က ကမ်းစပ်နဲ့ ပေ ၅၀ အကွာ ရေနက်အိုးအသေးစားကိုတော့ Geo.Bags အိတ် ၄၀၀ လည်း ရေနက်အိုးပြည့်အောင်ထည့်ထားပြီးပါပြီ။ ကျောက်စီနံရံတွေကိုလည်း ညောင်တုန်းမြို့ (၄)လမ်းထိပ်ကနေ (၁၁)လမ်းထိပ်အထိဆောင်ရွက်ထားပါတယ်။

"ကျောက်စီနံရံတွေ ပြုလုပ်ထားတာလည်းသိပ်မကြာသေးတော့ မြေအသားမကျသေးတာကလည်းတစ်ကြောင်း၊ လုပ်ငန်းပြီးစီးတာလည်းနှစ်လကျော်ကျော်ပဲရှိသေးတော့ ဒီကျောက်နံရံပေါ်ကနေ လေးလံတဲ့ ကုန်ပစ္စည်းတွေ တာပေါ်ကနေတွန်းချတာတို့၊ တွန်းတင်တာတို့၊ ကုန်အိတ်တွေထမ်းတင်ထမ်းချတဲ့အပြင် စက်တပ်ရေယာဉ်တွေနဲ့ လှေသမ္ဗန်တွေဆိုက်ကပ်ခြင်း မပြုလုပ်စေချင်ပါဘူး။ ပျက်စီးသွားရင် တာရေနူးပြီးအန္တရာယ်ဖြစ်နိုင်တာကြောင့် ဒါတွေကိုတော့ မြို့နေပြည်သူတွေက ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးစေချင်ပါတယ်။ တာပေါ်ကနေ ကမ်းစပ်အထိ လှေကားတွေလည်းပြုလုပ်ထားပါတယ်။ လှေကားတွေကနေ ကုန်ပစ္စည်းအတင်အချနဲ့ အဆင်းအတက်လုပ်စေချင်ပါတယ်။ ကျွန်တော်တို့လည်း မြစ်ကမ်းမြို့ပတ်တာမြှင့်တင်ခြင်းနဲ့ ကမ်းအိကမ်းလျှောလုပ်ငန်းတွေပြီးစီးသွားပြီဖြစ်လို့ မကြာခင် မြို့ကသက်ဆိုင်ရာဌာနကို လွှဲပြောင်းပေးအပ်တော့မှာပါ။ လိုအပ်ရင်လိုအပ်တဲ့နေရာမှာ ဖြည့်ဆည်းပေးဖို့ စောင့်ကြည့်အနေအထားနဲ့ စောင့်ဆိုင်းနေတာပါ" ဟု တည်ဆောက်ရေး(၉) ဆ/မ ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"မြစ်ရေကြီးပြီဟေ့ဆိုရင် ကျွန်တော်တို့ညောင်တုန်းက ရေဘေးစိုးရိမ်နေရတာအမြဲပါပဲ။ အခုတော့ ရေကြီးရေလျှံမှုတွေကိုမစိုးရိမ်ရတော့ပါဘူး။ ကျွန်တော်နဲ့အတူ မြို့နေပြည်သူတွေစိတ်အေးချမ်းသာရှိကြပါပြီ။ နိုင်ငံတော်အစိုးရနဲ့ဆောင်ရွက်ပေးကြတဲ့ ဆည်မြောင်းဌာနကိုလည်းကျေးဇူးတင်ပါတယ်။ ဒီကမ်းကြီးစပြီး အိကျခဲ့စဉ်က မြို့နေပြည်သူတွေအထိတ်တလန့်နဲ့ မိုးတွင်းမြို့ထဲ စိတ်မချရတာတို့၊ ကျွန်တော်တို့နေတဲ့ ကမ်းနားပိုင်းတွေကအိမ်တွေဖျက်ရွှေ့ပေးရမှာတို့ ကောလာဟလတွေပြောကြဆိုကြတာပေ့ါဗျာ။ အခုတော့ ကျွန်တော်တို့ အိမ်တန်းတွေလည်းမပြောင်းရွှေ့ရတော့ပါဘူး။ ပြောဆိုနေကြတဲ့ ကောလာဟလတွေလည်းမပြောကြတော့ပါဘူး"ဟု မြို့ခံတစ်ဦးကပြောသည်။

ယခင်နှစ်က မြန်မာတစ်နိုင်ငံလုံးတွင် သဘာဝရေဘေးကြောင့် ခံစားခဲ့ရသည့်မြို့နယ်ပေါင်း ၂၂ မြို့နယ်တွင် ညောင်တုန်းမြို့လည်းအပါအဝင်ဖြစ်ခဲ့သည်။ ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ညောင်တုန်းမြို့နယ်အတွင်းရှိ ကျေးရွာအချို့ ရေကြီးနစ်မြုပ်မှုဒဏ်ခံစားခဲ့ကြရသည်။ မြို့ပတ်ရေကာတာများ တာပေါ်ရေကျော်မည့်အနေအထားကြောင့် သဲအိတ်များဆင့်ခြင်း၊ ရေစိမ့်ဝင်ခြင်းနှင့် ထူးပေါက်ပေါက်ခြင်းဖြစ်ပေါ်ခဲ့သည်။ မြို့၏စိုးရိမ်ရေအမှတ်သည် ၂၂ ဒသမ ၅ပေရှိပြီး မြို့၏အန္တရာယ်ရေအမှတ်မှာ ၂၄ ဒသမ ၈ ပေကိုကျော်လွန်ကာ ၂၅ ဒသမ ၈ ပေအထိမြင့်တက်ခဲ့မှုကြောင့် မြို့၏ ရေဘေးအန္တရာယ် လိမ္မော်ရောင်အဆင့်သို့ရောက်ရှိနေကြောင်း သတင်းထုတ်ပြန်ခဲ့ရသည်။ ယင်းအခြေအနေများကြောင့် နိုင်ငံတော်အကြီးအကဲများ လာရောက်ကြည့်ရှုပြီး ရေဘေးကာကွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သည်များကို ပံ့ပိုးထောက်ပံ့ပေးခဲ့ကြသည်။

နိုင်ငံတော်အကြီးအကဲများက အဆိုပါသဘာဝဘေးအန္တရာယ်ကို နောင်နှစ်များတွင်မဖြစ်ပေါ်စေရေး၊ ရေဘေးကြိုတင်ကာကွယ်ရေးအတွက် ၁၁၄၀၀ ပေ (နှစ်မိုင်ကျော်)ရှည်သည့် ညောင်တုန်းမြို့ပတ်တာကို ၂၀၁၅-၂၀၁၆ ခုနှစ် ပွင့်လင်းရာသီတွင် ပြန်လည်ပြုပြင်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့မှုကြောင့် စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၉)မှ တာဝန်ယူဆောင်ရွက်ခဲ့သည်။

ညောင်တုန်းမြို့သည် ဧရာဝတီမြစ်မကြီး၏ အရှေ့ဘက်ကမ်းတွင်တည်ရှိပြီး ဧရာဝတီမြစ်ရေ၏ ကောင်းမွေဆိုးမွေကိုခံစားရသောမြို့ဖြစ်သကဲ့သို့ ရေလမ်းကုန်းလမ်းဖြင့် ရောင်းဝယ်ဖောက်ကားရာမြို့လည်းဖြစ်သည်။ အဆိုပါ ညောင်တုန်းမြို့ပတ်ရေကာတာသည် နှစ်မိုင်ကျော်ရှည်လျားပြီး မြစ်ရေကြီးသည့်နှစ်တိုင်း တာပေါ်ရေကျော်ခြင်းများဖြစ်ပေါ်ခဲ့သည်။ ယခုအခါ ဧရာဝတီမြစ်ရေကြီးမြင့်သော်လည်း မြို့ပတ်ရေကာတာပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပြီဖြစ်၍ တာပေါ်ရေကျော်ခြင်းဘေးအန္တရာယ်မှ ကင်းဝေးကြပြီဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

# ဦးပိန်တံတားလာရောက်လည်ပတ်သူများ အမရပူရမြို့သမိုင်းဝင်ကြေးပိသာချိန် တစ်သောင်းငါးထောင်ရှိ ခေါင်းလောင်းကြီးကို ဝင်ရောက်လေ့လာ

**အမရပူရ ဇူလိုင် ၁၃**
ခေတ်တိုင်းတွင် ယဉ်ကျေးမှုရှိနေပေသည်။ ခေတ်တိုင်းတွင် ပြုလုပ်ပြောဆိုခဲ့သောအရာများနှင့် ပြုလုပ်ခဲ့သော အနုပညာလက်ရာများစွာသည် ထိုခေတ်၏သမိုင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံမှာ ရှည်လျားသော သမိုင်းကြောင်းနှင့်အတူ ဖြစ်တည်လာပြီး ရှေးဟောင်းလက်ရာ သမိုင်းအမွေအနှစ်များနှင့် သဘာဝအလှအပများကို လေ့လာနိုင်သည်။ မြန်မာနိုင်ငံသည် နိုင်ငံတကာ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လေ့လာချင်အောင် ဆွဲဆောင်နိုင်သည့် သဘာဝအရင်းအမြစ် အလှအပ၊ ဓလေ့သဘာဝ၊ ယဉ်ကျေးမှုများစွာရှိနေသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မန္တလေးမြို့တောင်ဘက် ကပ်လျက်ရှိသော ရှေးခေတ်မင်းနေပြည် အမရပူရမြို့သို့ လာရောက်လည်ပတ်သူများမှာ သမိုင်းဝင်နေရာများ၊ အနုပညာမြောက်လက်ရာများ ကမ္ဘာကျော်သစ်သားတံတားဖြစ်သည့် ဦးပိန်တံတားကို အရောက်သွားလေ့ရှိသည်။ ထိုအထဲတွင် ပုထိုးတော်ကြီးဘုရားရှိ ခေါင်းလောင်းကြီးလည်း ပါဝင်သည်။

အမရပူရနန်းတော်ဟောင်း နေရာ၏ အနောက်တောင်ဘက်တွင် ဘကြီးတော်ဘုရား တည်ထားကိုးကွယ်ခဲ့သော မဟာဝိဇယရံသီပုထိုးတော်ကြီးဘုရားတည်ရှိသည်။ ဘုရားဝင်းအတွင်း မဟာရံတံတိုင်း၏ အရှေ့မြောက်ထောင့်နေရာတွင် စေတီတော်ကြီး သမိုင်းရေးထိုးထားသော ကြေးပိသာချိန် တစ်သောင်းငါးထောင်ရှိသည့် ခေါင်းလောင်းကြီးရှိသည်။ ခေါင်းလောင်းကြီးအား "မဟာမေရုမကုဋ္ဌယက္ခရာဇာ"ဟု ခေါ်တွင်သည်။



ခေါင်းလောင်းကြီးသည် မဟာဝိဇယရံသီပုထိုးတော်ကြီး၏ သမိုင်းကို ရေးထိုးထားသော သမိုင်းဝင်အဖိုးတန်အမွေအနှစ်ပင်ဖြစ်သည်။ ထိုအဖိုးတန် အနုပညာလက်ရာကို နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ စိတ်ဝင်တစား လေ့လာကြသည်။

မြန်မာတို့၏ အဖိုးတန်အနုလက်ရာများကို နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ လေ့လာနိုင်စေရန် ဧည့်လမ်းညွှန်များကလည်း ကူညီလျက်ရှိသည်။ ယခုအခါတွင် အမရပူရမြို့ရှိ သမိုင်းဝင် နှစ်ပေါင်း ၁၉၀ ကျော် ကြေးပိသာချိန် တစ်သောင်းငါးထောင်ရှိသော ခေါင်းလောင်းကြီးအား နိုင်ငံတကာခရီးသွားဧည့်သည်များ၊ ပြည်တွင်းဘုရားဖူးဧည့်သည်များ နေ့စဉ် လာရောက်လေ့လာလျက်ရှိသည်။ ခေါင်းလောင်းကြီးရှိရာ ပုထိုးတော်ကြီးဘုရားမှာ ဦးပိန်တံတားနှင့် တောင်သမန်အင်းသို့ လာရောက်လည်ပတ်သူများ အများဆုံးသွားရောက်လေ့လာသော နေရာတစ်ခုအဖြစ် ထင်ရှားလျက်ရှိကြောင်း သိရသည်။

**(တိမ်တမန်)**

# (၆၉)နှစ်မြောက် အာဇာနည်နေ့အကြို စာပေဟောပြောပွဲကျင်းပ

**ပဲခူး ဇူလိုင် ၁၃**
ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ သီရိပညာခန်းမ၌ ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီက (၆၉)နှစ်မြောက် အာဇာနည်နေ့အကြို စာပေဟောပြောပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးမြို့နယ် ပညာရေးမှူး ဆရာကြီးဦးဝင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာမ ဒေါ်ဝတ်ရည်ခင်(ပဲခူး)က အာဇာနည်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာကြီး မောင်ခြိမ့်က ၁၉ ဇူလိုင် မျက်ရည်ဖြိုင်ခေါင်းစဉ်ဖြင့်လည်းကောင်း ကျောင်းသား ကျောင်းသူများအား ဟောပြောပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# သမဝါယမအသင်းသားများအား ချေးငွေများထုတ်ချေး

**ပဲခူး ဇူလိုင် ၁၃**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးမြို့နယ် သမဝါယမဦးစီးဌာနသည် မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်၊ မွေးမြူရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်၊ လက်လုပ်လက်စား ငွေစုငွေချေးသမဝါယမအသင်းလီမိတက် အသင်း ၂၂၀ အား Exim Bank မှ ချေးငွေကျပ်သန်း ၂၇၅၉ ဒသမ ၆၂၇ ကို ကျေးရွာများရှိ သမဝါယမအသင်းသားများ လက်ဝယ်အရောက် ထုတ်ချေးပေးလျက်ရှိသည်။

ထိုသို့ ထုတ်ချေးရာတွင် ပဲခူးတိုင်းဒေသကြီး သမဝါယမအသေးစားချေးငွေဝန်ဆောင်မှုကြီးကြပ်ရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သက်သက်ဝေနှင့် မြို့နယ်သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးစိုးဝင်းတို့ ပူးပေါင်း၍ ချေးငွေများကို ဝိုင်းကြီးချုပ်စနစ်ဖြင့် ကျေးရွာအရောက် ကွင်းဆင်းထုတ်ချေးပေးလျက်ရှိသည်။**(အပေါ်ပုံ)**

**(စည်သူ-မြို့နယ်သ/မ)**

# ရပ်ဆိုင်းထားသော သန်လျင်အိုင်စီတီစီးတီးစီမံကိန်း ပြန်လည်စတင်နိုင်ရန် အစိုးရသစ်အား တင်ပြထားဟုဆို

**ရန်ကုန် ဇူလိုင် ၁၃**
သန်လျင်မြို့အနီးရှိ မြေဧက ၃၆၀ ပေါ်တွင် အိုင်စီတီစီးတီးတည်ဆောက်ရန် စီစဉ်ထားသည့် စီမံကိန်းမှာ အစိုးရအပြောင်းအလဲကြောင့် ရပ်ဆိုင်းထားကာ ပြန်လည်စတင်နိုင်ရန်အတွက် အစိုးရသစ်အား တင်ပြထားကြောင်း မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးခွန်ဦးက ပြောသည်။

အဆိုပါစီမံကိန်းအတွက် ယခင်အစိုးရလက်ထက်က နောက်ဆုံးအဆင့်ခွင့်ပြုချက်ပေးမည့်အချိန်၌ အစိုးရအပြောင်းအလဲဖြစ်ခဲ့၍ လက်ရှိအချိန်အထိ ရပ်ဆိုင်းထားရခြင်းဖြစ်ကာ လုပ်ငန်းစတင်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

"ဒီစီမံကိန်းကို အရင်အစိုးရနဲ့ လုပ်ဆောင်ခဲ့တာမပြီးပြတ်ခဲ့ဘူး။ ဒါကြောင့် အစိုးရသစ်လက်ထက်မှာ ဘာတွေလုပ်ထားလဲဆိုတာ ပြန်ရှင်းပြနေတယ်။ စီမံကိန်းအတွက် မြေနေရာတွေကိုလည်း ကုမ္ပဏီ ၇၀ ကျော်က ကျပ်သိန်းလေးသောင်းနီးပါးပေးလို့ ဝယ်ထားပြီးပါပြီ"ဟု ၎င်းကပြောသည်။

အိုင်စီတီစီးတီးကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရန်အတွက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းအဖွဲ့များမှ တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ တင်ပြတောင်းဆိုထားကြောင်း သိရသည်။

"ဒီစီမံကိန်းပြီးသွားရင် လူငယ်တွေအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိနိုင်မှာဖြစ်တဲ့အပြင် အိုင်စီတီဖွံ့ဖြိုးတိုးတက်ဖို့အတွက်လည်း များစွာအထောက်အကူဖြစ်စေမှာပါ။ ဒါတွေက တစ်ဦးတစ်ယောက်ကောင်းစားဖို့ လုပ်တာမဟုတ်ဘဲ Industryကောင်းစားဖို့ လုပ်တယ်ဆိုတာ ရှင်းပြထားပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

စီမံကိန်းမြေနေရာတွင် ရှော့ပင်းမောလ်၊ ရုပ်ရှင်ရုံ၊ အားကစားစင်တာများလည်း ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပြီး အဆောက်အအုံဒီဇိုင်းရေးဆွဲခြင်းနှင့် တည်ဆောက်ရေးအတွက် နိုင်ငံတကာအဆင့်မီကုမ္ပဏီများအား တင်ဒါခေါ်၍ လုပ်ကိုင်ခွင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ရဲဝင်း)**

# ဝန်မြစ်ရေကြီးမြင့်လာခြင်းကြောင့် ဝန်တာကြံ့ခိုင်မှုရှိရေးဆောင်ရွက်

**သာပေါင်း ဇူလိုင် ၁၃**
သာပေါင်းမြို့နယ်တွင် ဇူလိုင်လအတွင်း မိုးရွာသွန်းမှုနှင့် မြစ်ရေတက်လာခြင်းကြောင့် သာပေါင်းမြို့နယ် စိုးရိမ်ရေအမှတ် ၁၇ ပေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နှင်းအောင်က ဇူလိုင် ၁၁ ရက် ညနေ ၃ နာရီ ဝန်မြစ်ရေတိုင်းတာချက်အရ ပြောကြားသည်။

ဝန်တာအတွင်းရှိ ကျေးရွာအုပ်စုများ ဘေးအန္တရာယ်ကင်းရှင်းလုံခြုံစေရေးအတွက် ဝန်တာတောင့်တင်းကြံ့ခိုင်မှုရှိရေး လှိုင်းကာတန်းများ တာပတ်လည်တွင် ကာရံခြင်း၊ အရေးပေါ်အခြေအနေတွင်အသုံးပြုရန် သဲ၊ ကျောက်၊ သစ်၊ မျောတိုင်များ၊ ယိုင်လိတ်များ၊ ဝါးများ၊ ပီနံအိတ်များ အဆင်သင့်ထားရှိဆောင်ရွက်ထားပြီး ဆည်မြောင်းဦးစီးဌာနမှ ရေကင်းတဲ(၁၆)တဲအား ရေကင်းတဲ တစ်ခုနှင့်တစ်ခု နှစ်ဖာလုံအကွာထားရှိပြီး တာဝန်ကျဝန်ထမ်းများကို နေ့ညမပျက် တာဝန်ချထား စောင့်ကြည့်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

**မျိုးဇော်သိန်း (ပြန်/ဆက်)**

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်

**မန္တလေး ဇူလိုင် ၁၃**
သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးတွင် ပြည်သူလူထု၏ ပူးပေါင်း ပါဝင်ဆောင်ရွက်မှုသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဇော်လင်းက ပြောသည်။

တိုင်းဒေသကြီးအတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် အဖွဲ့အစည်းအသီးသီးနှင့် သက်ဆိုင်ရာဌာနအလိုက် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်နေသကဲ့သို့ ပြည်သူလူထုဘက်ကလည်း အသိပညာ ဗဟုသုတရှိစွာဖြင့် မဖြစ်မနေ ပူးပေါင်းပါဝင်ရမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

"သွေးလွန်တုပ်ကွေးရောဂါ ပိုင်းရပ်စ်ပိုးကို ခြင်ကျားက သယ်ဆောင်လာတာပါ။ ဒီခြင်ကျားဖြစ်စေမယ့် ပိုးလောက်လန်းတွေကို နှိမ်နင်းတဲ့နေရာမှာ ပြည်သူလူထုနဲ့ ဌာနဆိုင်ရာ ပူးပေါင်းပြီး အားစိုက်လုပ်ဆောင်ရင် ရောဂါကျဆင်းသွားမှာပါ။ ဝန်ကြီးဌာနကလည်း ကာကွယ်နှိမ်နင်းရေးအတွက် တစ်နှစ်ထက်တစ်နှစ် ပိုပြီးထောက်ပံ့ပေးနေပါတယ်"ဟု ၎င်းက ဆိုသည်။

ထို့အပြင် ယခုနှစ် ဇူလိုင် ၈ ရက်အထိ သွေးလွန်တုပ်ကွေးဖြစ်ပွားမှုမှာ ယမန်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ဖြစ်ပွားမှု သိသိသာသာကျဆင်းနေပြီး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအား အပတ်စဉ် သောကြာနေ့တိုင်းတွင် မြို့နယ်အလိုက် ကွင်းဆင်းဆောင်ရွက်နေကြောင်း တိုင်းဒေသကြီးငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာတင့်ဝေက ဆက်လက်ပြောကြားသည်။

သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှု စာရင်းများအရ ၂၀၁၅ ခုနှစ်တွင် တစ်နှစ်လုံးအတိုင်းအတာဖြင့် ရောဂါဖြစ်ပွားသူ ၆၄၄၂ ဦး၊ သေဆုံးသူ ၁၇ ဦးရှိခဲ့ပြီး ကာလတူနှိုင်းယှဉ်ချက်များအရ ၂၀၁၅ ခုနှစ် ဇူလိုင် ၈ ရက်တွင် ရောဂါဖြစ်ပွားသူ ၂၆၈၅ ဦးနှင့် သေဆုံးသူ ၁၂ ဦးရှိခဲ့ပြီး ယခုနှစ် ဇူလိုင် ၈ ရက်တွင် ရောဂါဖြစ်ပွားသူ ၄၇၃ ဦးနှင့် သေဆုံးသူမရှိခဲ့ဘဲ ယမန်နှစ်ကထက် ရောဂါဖြစ်ပွားမှုလျော့ကျသွားခဲ့ကြောင်း သိရသည်။

**(အောင်ရဲသွင်)**

# လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ပညာပေးဟောပြော

**ပဲခူး ဇူလိုင် ၁၃**
လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ပညာပေးဟောပြောပွဲကို ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီက ပဲခူးမြို့ ပဲခူးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပဲခူးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာရင်ရင်သန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု ပဲခူးတိုင်းဒေသကြီး ခေတ္တတပ်ဖွဲ့စုမှူး ဒုရဲမှူး မောင်မောင်ဝင်းက လူကုန်ကူးမှုနောက်ခံသမိုင်းကြောင်းနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ ရဲအုပ်လှဖုန်းက လူမှောင်ခို၊ လူကုန်ကူးနှင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း ဟောပြောခဲ့ကြသည်။

အဆိုပါ ပညာပေးဟောပြောပွဲသို့ ပဲခူးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၇၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်( ပြန်/ဆက်)**

# အရိပ်ရသစ်ပင်များ စုပေါင်းစိုက်ပျိုး

**ကျောက်တန်း ဇူလိုင် ၁၃**
ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ကျောက်တန်းမြို့ ဘန့်ဘွေးကုန်းသစ်တောပျိုးဥယျာဉ်မှ ပျိုးပင်ပေါက်များ အခမဲ့ဖြန့်ဝေပေးလျက်ရှိရာ ကဒပွနကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ဦးနှင့် ရပ်မိရပ်ဖများက ပျဉ်းကတိုးပင် ၁၅၀၊ မဟော်ဂနီပင် ၁၀၀၊ ယူကလစ်ပင် ၁၅၀ နှင့် မလေးရှားပင် ၃၀၀ တို့ကို ယမန်နေ့ နံနက်ပိုင်းက ကဒပွန-ဇီးဖြူပင်တာလမ်းဝဲ၊ ယာတစ်လျှောက် စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(၆၈၉)**



# အာဇာနည်ခေါင်းဆောင်ကြီးများ၏ ပုံတူကြေးရုပ်တုများသယ်ဆောင်ခြင်းခရီးစဉ် ရေနံချောင်းမြို့သို့ရောက်ရှိ

**ရေနံချောင်း ဇူလိုင် ၁၃**



မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ အာဇာနည်ရင်ပြင်တွင်ဂုဏ်ပြုထားရှိမည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ပုံတူကြေးရုပ်တုများကို မန္တလေးမြို့မှ ကျောက်ပန်းတောင်းမြို့၊ ရေနံချောင်းမြို့နှင့် မကွေးမြို့များကို ဖြတ်သန်း၍ တောင်တွင်းကြီးမြို့သို့ သယ်ဆောင်ခြင်းခရီးစဉ်သည် ရေနံချောင်းမြို့သို့ ယမန်နေ့နံနက် ၁၀ နာရီခွဲခန့်က ရောက်ရှိလာခဲ့ရာ မြို့နေပြည်သူလူထုက အောင်သပြေပန်းများ၊ အလှပန်းကုံးများဖြင့် ကြိုဆိုဂုဏ်ပြုခြင်း၊ နံနက် ၁၁ နာရီခန့်တွင် ရေနံချောင်းမြို့ ပြည်သူ့ပန်းခြံ၌ ကြိုဆိုလိုက်ပါ ပို့ဆောင်သောအဖွဲ့များဖြစ်သည့် ရေနံချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာချို နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ကြီးများအဖွဲ့၊ တောင်းတွင်းကြီးမြို့မှ အာဇာနည်ခေါင်းဆောင်ကြေးရုပ်တုကြီးများ သယ်ဆောင်ခြင်းခရီးစဉ်မှတာဝန်ရှိသူများ၊ လာရောက်ကြည့်ရှုသူ ပြည်သူများက ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အလံအား အလေးပြုခြင်း၊ ဗိုလ်ချုပ်ကြေးရုပ်နှင့် တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုခြင်းများ ဆောင်ရွက်ခဲ့သည်။

"ယခုကဲ့သို့ အာဇာနည်ခေါင်းဆောင် (၉)ဦး၏ ကြေးရုပ်တုများကို တောင်တွင်းကြီးမြို့နယ် အာဇာနည်ရင်ပြင်တွင် ထားရှိရခြင်းသည် နောင်လာနောက်သား လူငယ်လေးများ မိမိတို့နိုင်ငံ၏ အာဇာနည်ခေါင်းဆောင်ကြီး (၉)ဦး၏ အတ္ထုပ္ပတ္တိ သမိုင်းကြောင်းများ၊ နိုင်ငံတော်အကျိုးအတွက် မည်ကဲ့သို့ အသက်ပေးစတေးခဲ့ရကြောင်းများကို သိရှိစေရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါ အာဇာနည်ခေါင်းဆောင်ကြီးများ ကြေးရုပ်တု ဆောင်ရွက်မှုအတွက် ကုန်ကျငွေသိန်းပေါင်းတစ်ထောင်ခန့်ကို တောင်တွင်းကြီးမြို့ ဒေသခံမြို့သူ မြို့သားများ၊ အဝေးရောက်မြို့သူ မြို့သားများ စုပေါင်းအားဖြင့် ဆောင်ရွက်ခဲ့ကြပြီး အခြားမြို့နယ်များတွင်လည်း ယခုကဲ့သို့ ဆောင်ရွက်စေလိုကြောင်း" တောင်တွင်းကြီးမြို့နယ် မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လှိုင်(ခ)ကိုလှိုင်လှိုင်က ပြောကြားခဲ့သည်။

၎င်းနောက် နံနက် ၁၁ နာရီခွဲတွင် ရေနံချောင်းမြို့မှ မကွေးမြို့သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

**ငြိမ်းငြိမ်းအိ(ပြန်/ဆက်)**

■

# ပွင့်ဖြူမြို့နယ်တွင် နွေနှမ်းစိုက်တောင်သူများ အရှုံးပေါ်၍ မိုးစပါးစိုက်ပျိုးရန် ပြင်ဆင်

**ပွင့်ဖြူ ဇူလိုင် ၁၃**

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် နွေနှမ်း(မိုးကြိုနှမ်း)စိုက်တောင်သူများ ရာသီဥတု ဖောက်ပြန်မှုများကြောင့် နှမ်းခင်းများ အောင်မြင်မှုမရှိဘဲ စိုက်ပျိုးစရိတ်များ အရှုံးပေါ်လျက်ရှိရာ မိုးစပါးစိုက်ပျိုးရန် ပြင်ဆင်နေလျက်ရှိသည်။

"ဒီနှစ်မှာ အယ်နီညို ရာသီဥတုအပူရှိန်ကြောင့် ရေပေးစိုက်ပျိုးလို့ နှမ်းပင်တွေ ပွင့်ဖူးစမှာ မိုးအဆက်မပြတ် ရွာသွန်းလာတယ်။ မိုးရေကို စက်နဲ့စုပ်ထုတ်နေရတယ်။ နှမ်းပင်တွေ အမြစ်ပုပ်ရောဂါဝင်ပြီး သေကုန်တယ်။ ကုန်းမြင့်ကျတဲ့ နှမ်းခင်းအချို့တော့ ကောင်းပါတယ်။ အများစုက စိုက်စရိတ်တောင် မရတော့ဘူး။ နှမ်းခင်းတွေဖျက်ပြီး မိုးစပါးစိုက်ဖို့ ပြင်ဆင်နေတယ်။ နှမ်းဈေးကလည်း မကောင်းဘူး။ နှမ်းဖြူတစ်တင်း ကျပ် ၂၀၀၀၀ ဝန်းကျင်ပဲရှိတယ်။ ပြည်ပပို့တဲ့ စမုန်နက်နှမ်းတစ်တင်းကို ကျပ် ၄၇၀၀၀ ပဲရတယ်။ အရင်နှစ်ထက် နှမ်းအထွက်မကောင်းသလို နှမ်းဈေးလည်းမကောင်းဘူး" ဟု မုန်းတောကြီးကျေးရွာနေ တောင်သူ ဦးစိုးဝင်းက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် မဲဇလီ ရေလွှဲဆည်ရေပေးစနစ် ကောင်းမွန်မှုကြောင့် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်နေကြသည့် တောင်သူများ ရာသီဥတုဖောက်ပြန်မှုများကြောင့် စိုက်ပျိုးရေးလုပ်ငန်း အဆင်မပြေမှုများ ကြုံတွေ့လျက်ရှိရာ နွေနှမ်းမှ မိုးစပါးအောင်မြင်စွာ စိုက်ပျိုးနိုင်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**သူရထွန်း(ပွင့်ဖြူ)**

# သုံးရက်ဆက်တိုက် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဒါးကမြစ်ရေ မြင့်တက်



**ပုသိမ် ဇူလိုင် ၁၃**

သုံးရက်ဆက်တိုက် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဒါးကမြစ်ရေသည် ငါးပေခန့်မြင့်တက်လာရာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အနိမ့်ပိုင်းဒေသများတွင် ရေစတင်နစ်မြုပ်နေပြီဖြစ်သည်။

လာနီညာအရှိန်ကြောင့် မိုးရွာသွန်းမှုမှာ အားကောင်းပြီး ရေပါသောကြောင့် ယခုကဲ့သို့ မြစ်ရေလျင်မြန်စွာ မြင့်တက်လာရခြင်းဖြစ်သည်။ ကျောင်းကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဈေးဝယ်လာကြသော ခရီးသည်တင် စက်လှေများနှင့် ခရီးသည်များ ဘေးအန္တရာယ်မရှိစေရေး ရေယာဉ်ဂိတ်မှူးက သတိပေးထားကြောင်း သိရသည်။

ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် ကျောင်းကုန်းမြို့ ဆိပ်ကမ်း၌ ဈေးဝယ်လာကြ သော စက်လှေများနှင့် လှေလေးယာဉ်များ ကမ်းနားလမ်းအားမေးတင်၍ ဆိုက်ကပ်ထားရာ နောက်ထပ်အမြင့်ပေ နှစ်ပေခန့် ထပ်မံမြင့်တက်လာမည်ဆိုလျှင် ကမ်းနားလမ်းများ ရေနစ်မြုပ်မည်ဖြစ်၍ သတိနှင့်နေထိုင်ကြရန်လိုကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်(ရွှေဈေး) ၈၃၈၃၀၀ - ၈၃၉၃၀၀ မန္တလေး(ရွှေဈေး) ၈၃၈၃၀၀ - ၈၃၉၃၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၅၀/၅၇၀ ကျပ်၊ | ၅၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၅၀ ကျပ်၊ | ၇၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၆၀/၅၇၀ ကျပ်၊ | ၆၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၈၀/၆၀၀ ကျပ်၊ | ၆၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၉၁ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၃၂ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၄၇၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၇၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၂၉၉. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၇၅. ၆၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၃. ၃၈၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၅. ၇၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၅၄၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၂၁. ၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၂. ၆၆ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၈၉၃. ၁၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၇၂. ၀၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# မကြွေပန်း

❖ ဖြေနိုင်ပေါင်ကွယ်
တဘောင်အတိတ်
နိမိတ်ပြခဲ့၊
တောက်ပကြယ်စင်
မိုးကောင်းကင်မှ
တစ်စစီကြွေ မြေမြေဆီသို့. . .။

❖ နေနိုင်ပေါင်ကွယ်
ညိုမှောင်မျက်ဝန်း
ကိုယ်စီသွန်းဖြိုး
မျက်ရည်မိုးတွေ
တတွေတွေနဲ့
မပြေတမ်းတ နွမ်းလျမဆုံး . . .။

❖ သေနိုင်ပေါင်ကွယ်
ဘယ်သူခြွေခြွေ
မကြွေသည့်ပန်း
တို့စိတ်ဝမ်းမှာ
အောင်ဆန်းဗိုလ်ချုပ်
ပြယုဂ်ရှင်သန်
တစ်ဖန်ထမြောက်
တောက်ပကြယ်စင်
တို့ရင်ခွင်မှာ
ရှင်သန်နေမြဲ သေနိုင်ခဲ။

ဇအုပ်ခိုင်

(၆၉)နှစ်မြောက် အာဇာနည်နေ့ကို ဂုဏ်ကဗျာဖြင့် ဦးညွတ်ပါ၏။

# (၆၉)နှစ်မြောက် အာဇာနည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာစီစာကုံးပြိုင်ပွဲကျင်းပ

**ငါးသရောက် ဇူလိုင် ၁၃**

ငါးသရောက်မြို့နယ်တွင် (၆၉)နှစ်မြောက် အာဇာနည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ငါးသရောက်မြို့(အထက)ကျောင်းတွင် ကျင်းပရာ ကျောင်းသား ကျောင်းသူ ၁၃၆ ဦးခန့် ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။

စာစီစာကုံးပြိုင်ပွဲအား 'အာဇာနည်နေ့ တို့မမေ့'ခေါင်းစဉ်ဖြင့် ဖြေဆိုခဲ့ကြပြီး ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုများ ရွေးချယ်၍ ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# ကုလသမဂ္ဂအကြီးအကဲသစ် ရွေးချယ်ရေးလုပ်ငန်းစဉ်အရ ကိုယ်စားလှယ်လောင်းများ၏ စကားစစ်ထိုးပွဲပထမဆုံးအကြိမ်ကျင်းပ

**နယူးယောက် ဇူလိုင် ၁၃**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရာထူးနေရာအတွက် ယှဉ်ပြိုင်အရွေးခံမည့် ကိုယ်စားလှယ်လောင်း ၁၂ ဦးအနက် ၁၀ ဦးသည် ကုလသမဂ္ဂအထွေထွေညီလာခံ ခန်းမဆောင်ကြီး၌ကျင်းပသော အချေအတင်စကားစစ်ထိုးပွဲ၌ ပါဝင်ခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇူလိုင် ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။


သံတမန်များနှင့်ပြည်သူများ၏ မေးမြန်းချက်များကို ဖြေကြားရသည့် စကားစစ်ထိုးပွဲကို ကုလသမဂ္ဂ၏သမိုင်းတွင် ပထမဆုံးအကြိမ်ပြုလုပ်ခြင်းဖြစ်သည်။

ဇူလိုင် ၁၂ ရက်က စကားစစ်ထိုးပွဲကို သုံးနာရီကြာမျှ ပြုလုပ်ခဲ့ပြီး ရုပ်မြင်သံကြားမှတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရာထူးနေရာအတွက် ရွေးချယ်မှုတွင် ပွင့်လင်းမြင်သာမှုရှိရှိ၊ အများဆန္ဒနှင့်အညီ ပြုလုပ်ရန်ရည်ရွယ်၍ စကားစစ်ထိုးပွဲကို ပြုလုပ်ခြင်းဖြစ်သည်။

ကုလသမဂ္ဂ၏ လက်ရှိအကြီးအကဲဖြစ်သူ ဘန်ကီမွန်းသည် ယခုနှစ်ကုန်၌ အတွင်းရေးမှူးချုပ်ရာထူးမှ ဆင်းပေးတော့မည်ဖြစ်ရာ အတွင်းရေးမှူးချုပ် ရာထူးနေရာအတွက် ရွေးချယ်တင်မြှောက်မှုအသစ်ပြုလုပ်နိုင်မည့် လုပ်ငန်းစဉ်မှာ ဧပြီလလယ်တွင် စတင်ခဲ့ပြီဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့ကြီးနှင့် အတွင်းရေးမှူးချုပ်အသစ်တို့ ရင်ဆိုင်ရဖွယ်ရှိသော စိန်ခေါ်မှုများ၊ အခွင့်အလမ်းများနှင့်



ပတ်သက်၍ မိမိတို့၏သဘောထားအမြင် မည်သို့မည်ပုံရှိကြသည်ကို ကိုယ်စားလှယ်လောင်းအသီးသီးက ကုလသမဂ္ဂအထွေထွေညီလာခံရှေ့မှောက်တွင် ရှင်းလင်းတင်ပြခဲ့ကြပြီးဖြစ်သည်။

နှစ်ပေါင်း(၇၀)သက်တမ်းရှိသည့် ကုလသမဂ္ဂအဖွဲ့ကြီးသည် အကြီးအကဲသစ်ကို တင်မြှောက်ခြင်းမပြုမီ ကိုယ်စားလှယ်လောင်းများကို အများပြည်သူတို့၏ဆန္ဒနှင့်အညီရွေးချယ်ခြင်း၊ ကိုယ်စားလှယ်လောင်းများ၏ စကားစစ်ထိုးပွဲကျင်းပခြင်းစသည့် နည်းလမ်းသစ်များ ကျင့်သုံးသွားမည်ဖြစ်သည်။

**ရိုက်တာ။**

## ပိုင်နက်အငြင်းပွားကျွန်းစုရှိ လေဆိပ်သစ်နှစ်ခု၌ တရုတ်အရပ်ဘက် လေယာဉ်များ စမ်းသပ်ဆင်းသက်

**ပေကျင်း ဇူလိုင် ၁၃**

တရုတ်နိုင်ငံက ထိန်းချုပ်ထားသည့် တောင်တရုတ်ပင်လယ်တွင်းမှ နန်ရှား(စပရက်တလီ)ကျွန်းစုများရှိ လေယာဉ်ကွင်းသစ်နှစ်ကွင်း၌ အရပ်ဘက်လေယာဉ်နှစ်စင်း စမ်းသပ်ဆင်းသက်ခြင်းကို ဇူလိုင် ၁၃ ရက်က ပြုလုပ်ခဲ့ကြောင်း၊ ယင်းလေယာဉ်ကွင်းသစ်များမှာ မစ်ချိဖ်သန္တာကျောက်တန်းနှင့် ဆူဘီသန္တာကျောက်တန်းများနယ်မြေတွင်တည်ရှိကြောင်း နိုင်ငံပိုင်ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

အဆိုပါလေယာဉ်များသည် စမ်းသပ်မှုပြုလုပ်ခဲ့ကြပြီးနောက် တောင်တရုတ်ပင်လယ်တွင်းရှိ အဆိုပါကျွန်းများဆီမှ တရုတ်တောင်ပိုင်း ကျွန်းစုပြည်နယ်ဖြစ်သော ဟိုင်နန်သို့ပြန်လည်ထွက်ခွာသွားခဲ့ကြကြောင်း ဆင်ဟွာသတင်းဌာန၏ မိုက်ခရိုဘလော့တွင် သတင်းအကျဉ်းအဖြစ် ဖော်ပြခဲ့သည်။

အဆိုပါလေယာဉ်နှစ်စင်းစလုံး သန္တာကျောက်တန်းရှိ လေဆိပ်သစ်နှစ်ခုတွင် ဆင်းသက်ခဲ့ခြင်းရှိ၊ မရှိ သို့မဟုတ် လေယာဉ်တစ်စင်းစီသည် လေဆိပ်သစ်တစ်ခုစီ၌ ဆင်းသက်ခြင်း ဟုတ်၊ မဟုတ် ရှင်းလင်းစွာ မသိရပေ။

**ဆင်ဟွာ။**

## ဗြိတိန်နိုင်ငံ၏ ဒုတိယမြောက်အမျိုးသမီးဝန်ကြီးချုပ်ထရီစာမေ ဖြစ်လာ၊ နုတ်ထွက်ဝန်ကြီးချုပ်ကင်မရွန်းမိသားစု ဒေါင်းနင်းလမ်းမှ ထွက်ခွာ

**လန်ဒန် ဇူလိုင် ၁၃**

ဗြိတိန်ဝန်ကြီးချုပ်သစ်ဖြစ်လာသည့် ထရီစာမေသည် ဗြိတိန်ဘုရင်မကြီးက အစိုးရသစ်ဖွဲ့စည်းရန် ဖိတ်ကြားချက်အရ ဇူလိုင် ၁၃ ရက်တွင် ဘက်ကင်ဟမ်းနန်းတော်သို့ ရောက်ရှိလာခဲ့သည်။

ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်သွားသည့် ဒေးဗစ်ကင်မရွန်းက ဒေါင်းနင်းလမ်းနေအိမ်မှ ဇနီးနှင့် သားသမီးများကို ခြံရံလျက်ထွက်ခွာသွားခဲ့ပြီး နောက်ဆုံးအနေဖြင့် မိန့်ခွန်းပြောကြားရာတွင် သူတာဝန်ယူသည့်အချိန်တွင် ဗြိတိန်နိုင်ငံသည် ပိုမိုတောင့်တင်းလာခဲ့သည်ဟု ပြောကြားသည်။ ကင်မရွန်းက ၎င်း၏ ဆုံးဖြတ်ချက်အားလုံး မှန်ကန်မှုမရှိ လွဲချော်မှုအချို့ ရှိခဲ့သော်လည်း ယနေ့အချိန်တွင် ဗြိတိန်နိုင်ငံသည် ပိုမိုတောင့်တင်းလာသည်ကို ယုံကြည်ကြောင်း၊ ဝန်ကြီးချုပ်သစ်ဖြစ်လာသည့် ထရီစာမေသည် ထက်မြက်သူတစ်ဦးဖြစ်သည့်အတွက် သူ့ အပေါ်ယုံကြည်မှုရှိကြောင်းနှင့် သူ၏ ခေါင်းဆောင်မှုတည်တံ့ခိုင်မြဲစေရန် မိမိတို့မိသားစုက ဆုမွန်ကောင်းတောင်းပေးပါကြောင်းနှင့် ကျွန်တော်ချစ်သည့် ဗြိတိန်နိုင်ငံကြီး အောင်မြင်မှုများ ဆက်လက်ရရှိနိုင်ပါစေဟု ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ဝန်ကြီးချုပ်ဖြစ်လာသည့် ထရီစာမေသည် မာဂရက်သက်ချာပြီးလျှင် ဗြိတိန်နိုင်ငံ၏ ဒုတိယမြောက် အမျိုးသမီးဝန်ကြီးချုပ်ဖြစ်သည်။ သူ၏အစိုးရအဖွဲ့သစ်ကိုလည်း ဇူလိုင် ၁၃ ရက် နှောင်းပိုင်းတွင်ဖွဲ့စည်းခဲ့သည်။

**ဘီဘီစီ။**








## ဘာနီဆန်ဒါးစ်က ကလင်တန်ကို ထောက်ခံလိုက်ပြီ

**ဝါရှင်တန် ဇူလိုင် ၁၃**

အမေရိကန်ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ် ဘာနီဆန်ဒါးစ်က ၎င်း၏ သမ္မတလောင်းရွေးပွဲပြိုင်ဘက် ဟီလာရီကလင်တန်ကို ဒီမိုကရက်တစ် သမ္မတလောင်းအဖြစ်ထောက်ခံလိုက်ပြီဖြစ်သည်။ ကလင်တန်နှင့် ဆန်ဒါးစ်တို့သည် အင်္ဂါနေ့က နယူးဟမ်းရှိုင်းယားပြည်နယ်တွင် ပူးတွဲ၍လူထု စည်းဝေးပွဲတစ်ရပ် ကျင်းပခဲ့ကြသည်။

ဆန်ဒါးစ်က ဒီမိုကရက်တစ်ပါတီတွင်း သမ္မတလောင်းပြိုင်ပွဲတွင် ကလင်တန်ကို ရှုံးနိမ့်ကြောင်း ဝန်ခံခဲ့သည်။ ကလင်တန်သည် အမေရိကန်နိုင်ငံ ရင်ဆိုင်နေရသော ပြဿနာများအတွက် ဖြေရှင်းပေးနိုင်မည့် အကောင်းဆုံးသမ္မတလောင်း ဖြစ်သကဲ့သို့ နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲတွင် ရီပတ်ဘလီကန် သမ္မတလာင်း ဖြစ်လာမည့် ဒေါ်နယ်လ်ထရန့်ကို အနိုင်ယူနိုင် မည့်သူဖြစ်ကြောင်း ဆန်ဒါးစ်က ထုတ်ဖော်ပြော ကြားခဲ့သည်။

ကလင်တန် အနိုင်ရရှိရေးအတွက် သူ့အနေဖြင့် အကောင်းဆုံးကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်းလည်း ကတိပြုပြောကြားသည်။

ကလင်တန်ကလည်း ဆန်ဒါးစ်၏ ထောက်ခံမှုအတွက် ကျေးဇူးတင်ကြောင်းနှင့် ၎င်းတို့နှစ်ယောက် ပူးပေါင်း၍ ထရန့်ကို အနိုင်ယူသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

သို့သော်လည်း နောက်ဆုံးကောက်ယူခဲ့သည့် လူထုစစ်တမ်းအရ နိုဝင်ဘာရွေးကောက်ပွဲတွင် ဆန်ဒါးစ်ကို ထောက်ခံသူတစ်ဝက်လောက်သာ ကလင်တန်ကို ထောက်ခံမဲပေးသွားဖွယ်ရှိသည်ဟု ယူဆရသည်။

ရီပတ်ဘလီကန်တို့က ကလင်တန် နိုင်ငံခြားရေးဝန်ကြီး တာဝန်ထမ်းဆောင်စဉ်က အီးမေးလ် အသုံးပြုမှုနှင့် ပတ်သက်သည့် အရှုပ်တော်ပုံကို အဓိကထား ဝေဖန်ထိုးနှက်တိုက်ခိုက်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ။**

# ယူရို – ၂၀၂၀ပြိုင်ပွဲကို ဥရောပမြို့ကြီး၁၃မြို့တွင် ထူးထူးခြားခြား ကျင်းပမည်



ယူအီးအက်ဖ်အေ( ဥရောပ ဘောလုံးအဖွဲ့ချုပ်) သည် ယူရိုပြိုင်ပွဲ ကျင်းပခဲ့သည့် နှစ် (၆၀) ပြည့် အထိမ်းအမှတ်အဖြစ် ယူရို-၂၀၂၀ပြိုင်ပွဲကို ဥရောပမြို့ကြီး ၁၃မြို့တွင် ထူးထူးခြားခြား ကျင်းပသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ယူရို-၂၀၂၀ပြိုင်ပွဲကို အသင်း၂၄ သင်းဖြင့် ဆက်လက်ယှဉ်ပြိုင်သွားစေမည်ဖြစ်ပြီး ယခင်ပြိုင်ပွဲများတွင် အိမ်ရှင်အသင်းများက အလိုအလျောက် ခြေစစ်ပွဲအောင်ခဲ့သော အစဉ်အလာမျိုး ယင်းပြိုင်ပွဲတွင် ရှိလာမည်မဟုတ်ကြောင်းလည်း သိရသည်။

ခြေစစ်ပွဲ ပွဲစဉ်များကို ၂၀၁၉ ခုနှစ် မတ်လမှ နိုဝင်ဘာလအတွင်း အပြီးယှဉ်ပြိုင်စေမည်ဖြစ်ပြီး အုပ်စု ၁၀အုပ်စုမှ ထိပ်ဆုံးနှစ်သင်းမှာ တိုက်ရိုက်ခြေစစ်ပွဲအောင်ခွင့်ရရှိမည်ဖြစ်ကာ ကျန်လေးနေရာအတွက် ထပ်ကျော့ရှုံးထွက်ခြေစစ်ပွဲ(Play-Offs)ကို ၂၀၂၀ပြည့်နှစ် မတ်လအတွင်း ကျင်းပသွားမည်ဖြစ်သည်။

ယူအီးအက်ဖ်အေတာဝန်ရှိသူများက“ဥရောပနိုင်ငံတွေအားလုံး ညီမျှတဲ့ စီးပွားရေးတိုးတက်မှု အခွင့်အလမ်းတွေရစေချင်တာရယ်၊ ၂၀၂၀ ပြည့်နှစ်ဟာ ယူရိုဖလား ကျင်းပခဲ့တာ နှစ် (၆၀) ပြည့်မြောက်တဲ့ နှစ်ဖြစ်တာရယ်ကြောင့် အခုလို မြို့ကြီး ၁၃ မြို့မှာ ထူးထူးခြားခြား ကျင်းပဖို့ ဆောင်ရွက်တာဖြစ်ပါတယ်”ဟု ရှင်းလင်းခဲ့သည်။

| ပြိုင်ပွဲကျင်းပမည့်မြို့ကြီးများ | ပွဲစဉ် |
|---|---|
| မြူးနစ်မြို့( ဂျာမနီ) | အုပ်စုပွဲစဉ်သုံးပွဲနှင့် ကွာတားဖိုင်နယ်ပွဲစဉ် တစ်ပွဲ |
| ဘာကူမြို့( အဇာဘိုင်ဂျန်) | အုပ်စုပွဲစဉ်သုံးပွဲနှင့် ကွာတားဖိုင်နယ်ပွဲစဉ် တစ်ပွဲ |
| ရောမမြို့ (အီတလီ) | အုပ်စုပွဲစဉ်သုံးပွဲနှင့် ကွာတားဖိုင်နယ်ပွဲစဉ် တစ်ပွဲ |
| စိန့်ပီတာစဘတ်မြို့(ရုရှား) | အုပ်စုပွဲစဉ်သုံးပွဲနှင့် ကွာတားဖိုင်နယ်ပွဲစဉ် တစ်ပွဲ |
| ဘရပ်ဆဲလ်မြို့(ဘယ်လ်ဂျီယံ) | အုပ်စုပွဲစဉ်သုံးပွဲနှင့် ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ် တစ်ပွဲ |
| ကိုပင်ဟေဂင်မြို့(ဒိန်းမတ်) | အုပ်စုပွဲစဉ်သုံးပွဲနှင့် ၁၆သင်းအဆင့်ရှုံးထွက်ပွဲစဉ် တစ်ပွဲ |
| ဘူဒါပတ်မြို့( ဟန်ဂေရီ) | အုပ်စုပွဲစဉ်သုံးပွဲနှင့် ၁၆သင်းအဆင့်ရှုံးထွက်ပွဲစဉ် တစ်ပွဲ |
| အမ်စတာဒမ်မြို့(နယ်သာလန်) | အုပ်စုပွဲစဉ်သုံးပွဲနှင့် ၁၆သင်းအဆင့်ရှုံးထွက်ပွဲစဉ် တစ်ပွဲ |
| ဒူဘလင်မြို့(မြောက်အိုင်ယာလန်) | အုပ်စုပွဲစဉ်သုံးပွဲနှင့် ၁၆သင်းအဆင့်ရှုံးထွက်ပွဲစဉ် တစ်ပွဲ |
| ဘူခါရက်မြို့(ရိုမေးနီးယား) | အုပ်စုပွဲစဉ်သုံးပွဲနှင့် ၁၆သင်းအဆင့်ရှုံးထွက်ပွဲစဉ် တစ်ပွဲ |
| ဂလက်စကို(စကော့တလန်) | အုပ်စုပွဲစဉ်သုံးပွဲနှင့် ၁၆သင်းအဆင့်ရှုံးထွက်ပွဲစဉ် တစ်ပွဲ |
| ဘီဘာအို(စပိန်) | အုပ်စုပွဲစဉ်သုံးပွဲနှင့် ၁၆သင်းအဆင့်ရှုံးထွက်ပွဲစဉ် တစ်ပွဲ |
| လန်ဒန်မြို့( အင်္ဂလန်) | အကြိုဗိုလ်လုပွဲစဉ်နှစ်ပွဲနှင့် ဗိုလ်လုပွဲ |

လန်ဒန်မြို့ရှိ ဝင်ဘလေအားကစားကွင်းကြီးတွင် အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲ ကျင်းပခွင့်ရခြင်းမှာ ၁၉၆၆ ကမ္ဘာ့ဖလားနှင့် ယူရို-၁၉၉၆ ပြိုင်ပွဲနှစ်ရပ်အား အင်္ဂလန်အိမ်ရှင်အဖြစ် ကျင်းပခွင့်ရပြီးနောက်ပိုင်း ၂၄နှစ်အကြာ အဓိကပြိုင်ပွဲကြီးတွင် အိမ်ရှင်အဖြစ် ပြန်လည်ဆောင်ရွက်ခွင့်ရရှိခြင်းလည်း ဖြစ်သည်။

## နာပိုလီသို့ ပြောင်းရွှေ့ရလျှင်လည်း ဂီရောဒ်ပျော်ရွှင်မည်

အာဆင်နယ်တိုက်စစ်မှူးဂီရောဒ်၏ ကိုယ်စားလှယ်ဖြစ်သူ မာန့်ျုလိုက ဂီရောဒ်အနေဖြင့် နာပိုလီသို့ ပြောင်းရွှေ့ရလျှင်လည်း ပျော်ရွှင်စွာသွားရောက်ကစားနိုင်မည်ဖြစ်ကြောင်း စီအာရ်စီသတင်းဌာနသို့ သတင်းပေးခဲ့သည်။ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် နာပိုလီတိုက်စစ်မှူးဟီဂူအင်ကို ခေါ်ယူရန်အတွက် ပြောင်းရွှေ့ကြေး ယူရိုသန်း ၅၀ အပြင် တိုက်စစ်မှူး ဂီရောဒ်ကိုပါ အလိုက်ပေး၍ကမ်းလှမ်းရန် စီစဉ်လျက်ရှိရာ ဂီရောဒ်၏ ကိုယ်စားလှယ်ဖြစ်သူက ယခုကဲ့သို့ တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

ဝင်းဂါးက အာဆင်နယ်၏ အားနည်းလျက်ရှိသော တိုက်စစ်နေရာအတွက် ထိပ်တန်းကစားသမား တစ်ဦးအား ဖြည့်တင်းရန် ဆန္ဒပြင်းပြလျက်ရှိပြီး လက်စတာတိုက်စစ်မှူးဗာဒီအား ခေါ်ယူရန် ကြိုးပမ်းမှု မအောင်မြင်ခဲ့ပြီးနောက် ဟီဂူအင်အား ရရှိနိုင်ရန် အရှိန်ဖြင့် ကြိုးပမ်းလာခြင်းဖြစ်သည်။

ဟီဂူအင်ကိုယ်တိုင်ကလည်း ရီးယဲလ်မှ နာပိုလီသို့ မပြောင်းရွှေ့မီ ပရီမီယာလိဂ်အသင်းတစ်သင်းသို့သာ ပြောင်းရွှေ့ရန် ဆန္ဒရှိနေခဲ့ကြောင်းလည်း သိရသည်။ ထို့ကြောင့် အာဆင်နယ်နှင့် ဟီဂူအင်အပြောင်းအရွှေ့မှာ နွေရာသီ အပြောင်းအရွှေ့ဈေးကွက် မပိတ်သိမ်းမီ အစောပိုင်းကာလအတွင်းမှာပင် ဖြစ်မြောက်ရန် အလားအလာကောင်းနေခြင်းဖြစ်သည်။

မာန့်ျုနိုကမူ နာပိုလီအသင်းအခြေစိုက်ရာ နေပယ်မြို့မှာလည်း ကမ္ဘာ့အလှဆုံးနှင့် နေထိုင်ချင်စရာ အကောင်းဆုံးမြို့ တစ်မြို့ဖြစ်သောကြောင့် ဂီရောဒ်အနေဖြင့် အသင်းပြောင်းရန် တောင်းဆိုခံရလျှင်လည်း အာဆင်နယ်မှ ပျော်ရွှင်စွာပင် ထွက်ခွာမည်ဖြစ်ကြောင်း ဆိုခဲ့ခြင်းဖြစ်သည်။

## ပါယက်အား ရောင်းချမည်မဟုတ်

ဝက်စ်ဟမ်းတိုက်စစ်မှူး ပါယက်မှာ ပေါင်သန်း၁၀၀တန်ကစားသမားဖြစ်ပြီး ၎င်းအား မည်သည့်ဈေးနှုန်းနှင့်မျှ ရောင်းချမည်မဟုတ်ကြောင်း ဝက်စ်ဟမ်းအသင်းပိုင်ရှင် ဒေးဗစ်ဆူလီဗန်က ပြောကြားလိုက်သည်။ ပါယက်သည် ယူရိုပြိုင်ပွဲကာလအတွင်း ဝက်စ်ဟမ်းအသင်းမှ ထွက်ခွာချင်သည်ဟု ထုတ်ဖော်ပြောကြားခဲ့သူဖြစ်သည်။

သို့သော် ဆူလီဗန်က ပါယက်အနေဖြင့် ဝက်စ်ဟမ်းအသင်းတွင် ဆက်လက်ကစားချင်သည်ဖြစ်စေ၊ မကစားချင်သည်ဖြစ်စေ အသင်းမှ ထွက်ခွာခွင့်ပေးမည်မဟုတ်ကြောင်းလည်း ဆိုလိုက်သည်။ ပါယက်မှာ ဝက်စ်ဟမ်းအသင်း၏ သမိုင်းတွင် ကြေးအမြင့်ဆုံးပေးချေရသော ကစားသမားဖြစ်ပြီး တစ်ပတ်ပေါင်၁၂၀၀၀၀ ရရှိနေသူဖြစ်သော်လည်း လာမည့်ခရစ္စမတ်ကာလ မတိုင်မီမှာပင် တစ်ပတ်ပေါင်၁၅၀၀၀၀ အထိပေးချေကာ စာချုပ်သက်တမ်းတိုးမြှင့်ရန် ဝက်စ်ဟမ်းအသင်း တာဝန်ရှိသူများဘက်မှ လိုလားလျက်ရှိသည်။

ပါယက်မှာ ပြီးခဲ့သည့် ဖေဖော်ဝါရီလကပင် ဝက်စ်ဟမ်းအသင်းနှင့် ငါးနှစ်ခွဲသက်တမ်းရှိ စာချုပ်သစ်ချုပ်ဆိုခဲ့သော်လည်း ယခုမူ အခြားအင်အားကြီး ဥရောပအသင်းကြီးတစ်သင်းသို့သာ ပြောင်းရွှေ့လိုနေသည်။ ဆူလီဗန်က ယူရိုပြိုင်ပွဲအတွင်း ပါယက်ပြသခဲ့သော ခြေစွမ်းကြောင့် ၎င်းအား အလိုရှိသည့်အသင်းများ ပိုမိုများပြားလာပြီး ပါယက်ဘေး ဝိုင်းဝိုင်းလည်နေသည့် အသင်းများကြောင့် ဝက်စ်ဟမ်းအသင်းမှာ နွေ့ခင်းကြောင်တောင် ဓားပြတိုက်ခံနေရသကဲ့သို့ပင် ခံစားလာရကြောင်း သုံးသပ်ခဲ့သည်။



## ဘောလုံးလောကကို ကျောခိုင်းရမှာကြောက်တဲ့နေမာ

ဘာစီလိုနာတိုက်စစ်မှူး နေမာက ပြီးခဲ့သည့် ၂၀၁၄ ကမ္ဘာ့ဖလား ကွာတားဖိုင်နယ် ကိုလံဘီယာအသင်းနဲ့ ယှဉ်ပြိုင်ခဲ့စဉ်မှာ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ပြီးနောက် သူ့အနေနဲ့ ဘောလုံးလောကကို ကျောခိုင်းရတော့မလား ဆိုပြီး စိုးရိမ်စိတ်တွေ ပြင်းထန်စွာ ဝင်ရောက်ခဲ့တယ်လို့ ဆိုပါတယ်။ နေမာဟာ ကိုလံဘီယာ ကစားသမား ဇူနီဂါရဲ့ ကြမ်းတမ်းတဲ့ ဖြတ်ထုတ်မှုကြောင့် ဒဏ်ရာရရှိခဲ့ပြီး ဂျာမနီကို ရှုံးနိမ့်ခဲ့တဲ့ ပွဲစဉ်မှာ ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိပါဘူး။



နေမာကတော့ ဖြစ်နိုင်ရင် အဲဒီတုန်းက အဖြစ်အပျက်ကို မေ့ပျောက်ချင်ပြီး သူ့ရဲ့ အသက်မွေးဝမ်းကျောင်း ကာလတစ်လျှောက် အဆိုးရွားဆုံး ကာလတစ်ခုဖြစ်ခဲ့တယ်လို့လည်း ဆိုပါတယ်။

နေမာက သူ့ရဲ့ အကြီးကျယ်ဆုံး ငယ်အိပ်မက်တစ်ခုက ဘရာဇီးမြေမှာ ကမ္ဘာ့ဖလားချန်ပီယံဆု ကိုင်မြှောက်ချင်တဲ့ ဆန္ဒပဲဖြစ်ပြီး ဒဏ်ရာပြဿနာက ဒီအိပ်မက်ကို အလုံးစုံဖျက်ဆီး ပစ်နိုင်ခဲ့တယ်လို့လည်း မှတ်ချက်ချပါတယ်။ နေမာ ဒဏ်ရာရရှိခဲ့ပြီးနောက် ဘရာဇီးအသင်းဟာ ဂျာမနီကို ခုနစ်ဂိုး - တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့သလို တတိယနေရာလုပွဲ ပွဲစဉ်မှာလည်း နယ်သာလန်ကို သုံးဂိုးပြတ်နဲ့ ထပ်မံအရေးနိမ့်ခဲ့ပါသေးတယ်။

## စီရိုနယ်လ်ဒိုအား ဘိုင်ယန်မြူးနစ်သို့ လာရောက်ကစားရန် မစွမ်းဆောင်နိုင်ဟု အန်စလော့တီဝန်ခံ

ဘိုင်ယန်မြူးနစ်နည်းပြသစ် အန်စလော့တီက စီရိုနယ်လ်ဒိုနှင့် လက်တွဲအလုပ်လုပ်လိုသော်လည်း ဘိုင်ယန်မြူးနစ်သို့ ၎င်းလာရောက်ကစားရန် မိမိအနေဖြင့် စည်းရုံးနိုင်မည်မဟုတ်သောကြောင့် ခေါ်ယူရန်လည်း ကြိုးပမ်းလိမ့်မည် မဟုတ်ကြောင်း ဆိုလိုက်သည်။ စီရိုနယ်လ်ဒိုမှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက်သာ ဆက်လက်ကစားရန် ဆန္ဒရှိသူဖြစ်၍ အခြား ကလပ်အသင်းမှ ၎င်းအား ခေါ်ယူရန် မဖြစ်နိုင်ကြောင်းလည်း အန်စလော့တီက ယုံကြည်ထားသည်။



“ကျွန်တော့်အနေနဲ့ စီရိုနယ်လ်ဒိုရဲ့ ပရော်ဖက်ရှင်နယ်ဆန်လွန်းတဲ့ စိတ်ဓာတ်ကို တကယ့်ကို ချစ်မြတ်နိုးမိပါတယ်။ကျွန်တော့်ကို ဂျာနယ်လစ်တွေက ကမ္ဘာကျော်ကစားသမားတွေနဲ့ အလုပ်လုပ်ရတာ တကယ်ခက်မှာပဲလို့ မကြာခဏမေးမြန်းကြပါတယ်။ တကယ်တမ်း ဇလာတန်အီဘရာဟီမိုဗစ်ချ်နဲ့ တွဲပြီး အလုပ်လုပ်ရတာ လွယ်ကူသလို စီရိုနယ်လ်ဒိုလည်း အလားတူပါပဲ”ဟု အန်စလော့တီက Bildသို့ ပြောကြားလိုက်သည်။

မေလှဲသင်း - စုစည်းသည်။

# မိုးပဲတီစိမ်းများ ပိုးမွှားကင်း၍ အောင်မြင်ဖြစ်ထွန်းပြီး အကျိုးအမြတ်နည်းလျက်ရှိ

**တပ်ကုန်း ဇူလိုင် ၁၃**

နေပြည်တော် တပ်ကုန်းမြို့နယ် ဆင်သေ၊ ခြုံကြီး၊ ကင်မွန်းတန်း၊ ကြံဖို၊ ရွှေဥဒေါင်း၊ ပေါက်ပင်သာ၊ ငွေးပင်၊ ရွေးစု၊ ကျားသေအိုင်ကျေးရွာများတွင် မိုးပဲတီစိမ်းများ ပိုးမွှားကင်း၍ အောင်မြင်ဖြစ်ထွန်းပြီး အကျိုးအမြတ်နည်းလျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။



"ကျွန်မတို့ လယ်/ယာမြေများတွင် ပဲတီစိမ်း ရေဆင်း(၁၁) မျိုးတွေကို နယုန်လလောက်မှာ စတင်စိုက်ပျိုးပါတယ်။ မျိုးစေ့တစ်ပြည်ကို လေးထောင်နှုန်းနဲ့ဝယ်ယူရပါတယ်။ တစ်ဧကကို မျိုးစေ့လေးပြည်နှုန်း စိုက်ပျိုးပြီး ဆေးဖိုး၊ အလုပ်သမားနဲ့ ထွန်ယက်ခတွေ အပါအဝင် တစ်ဧကသွင်းအားစုပေါင်း တစ်သိန်းနှုန်း ခန့်ကုန်ကျပါတယ်။ မိုးပဲတီစိမ်းမှာ မိုးပုံမှန်ရွာဖို့က အဓိကဖြစ်ပါတယ်။ ကျန်တာတွေကတော့ ပေါက်ပြားလိုက်၍ ပေါင်းမြက်သင်ပေးရတဲ့ အပြင် လူကလည်းပြုပြင်ဖို့ကြည့်ရှုပြီး လိုအပ်ရင်ဆေးဖျန်းပေးရပါတယ်။ ယခု စိုက်ပျိုးထားတဲ့ မိုးပဲတီစိမ်း အခြောက်တောင့်တွေကို ဝါဆိုလပြည့်ကျော် ၄ ရက်၊ ၅ ရက် လောက်ဆိုရင် စတင်ဆွတ်ခူးယူ၍ နေပူလှန်းပြီး စက်ဖြင့် ခြွေလှေ့မှာ ဖြစ်ပါတယ်။ ပေါ်ဦးပေါ်ဖျား ဈေးကွက်က ပဲတစ်တင်းလျှင် သုံးသောင်းကျော်ရောင်းရပြီး အခု ပေါက်ဈေး အနေနဲ့ တစ်တင်းကို နှစ်သောင်းရှစ်ထောင်ရောင်းရပါတယ်။ အထွက်နှုန်းအနေနဲ့ တစ်ဧကကို ၁၀ တင်းနှုန်းလောက် ထွက်ရှိပြီး တစ်ဧကေ အမြတ်ငွေ တစ်သိန်းကျော်လောက် ခန့်မှန်းထားပါတယ်"ဟု ဆင်သေကျေးရွာမှ မိုးပဲတီစိမ်း ငါးဧကေ စိုက်ပျိုးထားသည့် မခင်နွယ်ဝင်းက ပြောသည်။

ကျေးလက်နေတောင်သူများ မိုးဦးတွင် ပဲတီစိမ်း၊ နှမ်း၊ ပြောင်း၊ ငရုတ်သီးနှံမျိုးစုံစိုက်ပျိုးသဖြင့် နေ့စားအလုပ်သမားများ ပေါင်းမြက်သင်ခြင်း၊ ဆေးဖျန်းအလုပ်ဖြင့် နေ့စဉ်လုပ်အားခများရရှိ၍ မိသားစုဝင်ငွေ အဆင်ပြေကြောင်းနှင့် နေ့စားအလုပ်သမားတစ်ဦးလျှင် တစ်နေ့လုပ်အားခ ငွေကျပ် ၂၅၀၀ ရရှိကြောင်း သိရသည်။

**တင်စိုးလွင်**

# ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူမည်

**မန္တလေး ဇူလိုင် ၁၃**

ဝါတွင်းကာလအတွင်း မန္တလေးမြို့ပေါ် ကျောင်းတိုက်အသီးသီးတွင် ဝါဆိုတော်မူကြမည့်သံဃာတော်အပါး ၂၇၀ အား ဆွမ်းကပ်လှူခြင်း၊ ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်စိမ်းများ ဆက်ကပ်လှူဒါန်းခြင်းတို့ကို ဇူလိုင် ၁၇ ရက်တွင် အဖြူရောင်နှလုံးသား ပရဟိတအသင်းက ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလောင်းလှူပွဲကို လမ်း ၃၀×၆၂လမ်းထောင့်တွင် ဖွင့်လှစ်ထားသော အဖြူရောင်နှလုံးသားပရဟိတအသင်းရုံးသို့ ပင့်ဖိတ်၍ ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်သည်။ "အဖြူရောင်နှလုံးသားပရဟိတအသင်းရဲ့ (၆)ကြိမ်မြောက် လှူဒါန်းတာဖြစ်ပြီး အသင်းသူအသင်းသားတွေစုပေါင်းလှူဒါန်းကြတာပါ။ အသင်းရဲ့ လှူဒါန်းတာဖြစ်ပေမယ့် မန္တလေး မြို့သူမြို့သားတွေကိုလည်း ကျွန်မတို့အသင်းနဲ့အတူ ဝိုင်းဝန်းစုပေါင်းလှူဒါန်းနိုင်ပြီး ပါဝင်လှူဒါန်းလိုသူတွေအနေနဲ့ အဆိုပါအသင်းနဲ့ ဆက်သွယ်လှူဒါန်းကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု အသင်းဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့စန်းက ဇူလိုင် ၁၀ရက်တွင် ပြုလုပ်သော အသင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# သမဝါယမအသင်းမှ ချေးငွေပေးအပ်

**ကျောက်တော် ဇူလိုင် ၁၃**

ဆင်းရဲနွမ်းပါးမှု လျှော့ချရန်အထောက်အကူပြုမည့် ရည်ရွယ်ချက်ဖြင့် မြောက်ဦးခရိုင် ကျောက်တော်မြို့နယ်တွင် လယ်ယာလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းများကို ပိုမိုလည်ပတ်နိုင်ရေးအတွက် မြို့နယ်သမဝါယမအသင်းမှ သမဝါယမအသင်းစုများအား Exim Bank မှချေးငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးပွဲကို ဇူလိုင် ၁၁ နံနက် ၉ နာရီက မြို့နယ်သမဝါယမဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနား၌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သမဝါယမဦးစီးမှူး၊ သမဝါယမအသင်းစုဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး ချေးငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ စိုက်ပျိုးစရိတ်ချေးငွေ ၄၉၃၇ ဒသမ ၉၆၇ သိန်းကို အောင်မေတ္တာကျော်အသင်းမှ ဦးကျော်စိန်၊ မွေးမြူရေးချေးငွေ ၆၆၇ ဒသမ ၁၅ သိန်းကို ရွှေညောင်မြေအသင်းမှ ဦးကျော်လှထွန်း၊ စက်မှုလက်မှုချေးငွေ သိန်း ၅၇၀ ကို ယင်းမာမြေအသင်းမှ ဒေါ်မရွှေဌေး၊ သွင်းအားစုချေးငွေ ၁၂၈၉ ဒသမ ၄၀ သိန်းကို ခြေလှမ်းသစ်အသင်းမှ ဦးမောင်ကျော်လှိုင်၊ တိုးမြှင့်ချေးငွေ ၄၆၆၉ ဒသမ ၄၃ သိန်းကို အားသစ်အသင်းမှ ဦးအောင်သိန်းရွှေတို့အား တာဝန်ရှိသူများက ပေးအပ်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# အင်းတော်မြို့၌ အညာနှင်းသီး(သကြားသီး) လှိုင်လှိုင်ထွက်ရှိ

**အင်းတော် ဇူလိုင် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့တွင် အညာနှင်းသီး (သကြားသီး)များ လှိုင်လှိုင်ထွက်ရှိပြီး တစ်နိုင်တစ်ပိုင် မိမိအိမ်ဝင်းအတွင်း အပင်စိုက်ပျိုးထားသူများနှင့် အရောင်းအဝယ်သမားများ အလုပ်ဖြစ်လျက်ရှိကြောင်း သိရသည်။

"အင်းတော်မြို့မှာက နှင်းသီး (သကြားသီး) တစ်ပိဿာကို ငွေကျပ် ၇၀၀မှ ၈၀၀ ပေးဝယ်ရတယ်။ မန္တလေးမှာက တစ်ပိဿာကို ငွေကျပ် ၁၀၀၀ မှ ၁၅၀၀ အထိ အလုံးသေးရင်သေးသလို၊ ကြီးရင်ကြီးသလို မူတည်ပြီး ရောင်းရတယ်။ ဒီနှစ် နှင်းသီးဈေးက မနှစ်က ဈေးလောက်မကောင်းဘူး။ မနှစ်ကဆို တစ်ပိဿာကို ငွေကျပ် ၁၂၀၀ ဝယ်ယူရပြီး ငွေကျပ် ၂၇၀၀ မှ ၂၈၀၀ လောက်ရောင်းရတော့ အမြတ်များများကျန်တာပေါ့။ ဒီနှစ်က နှင်းသီးဈေးမရှိတော့ အမြတ်နည်းတယ်"ဟု နှင်းသီး (သကြားသီး) ရောင်းဝယ်သူတစ်ဦးက ပြောသည်။

အင်းတော်မြို့တွင် နှင်းသီးပင်များကို မိမိတို့၏ အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြသည်။

နှင်းသီးတစ်ပင်လျှင် ပျမ်းမျှ အချိန် ၅၀ မှ ၆၀ ခန့် ထွက်ပြီး အသီးများသော အပင်များမှာ အချိန် ၇၀ မှ ၈၀ ခန့် ထွက်ရှိ၍ အဆိုပါ နှင်းသီးထွက်ရှိချိန်များတွင် မိသားစုအပိုဝင်ငွေများ ရလျက်ရှိကြောင်း သိရသည်။

**(ကျော်မြိုင်)**

# ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာနမှ ကျေးရွာများသို့ ပျိုးပင်များအခမဲ့ဝေငှပေးသွားမည်

**ရေတာရှည် ဇူလိုင် ၁၃**

မြန်မာနိုင်ငံအတွင်းသစ်တောဖုံးလွှမ်းမှု ဧရိယာကျယ်ပြန့်လာစေရေး နှင့် ဂေဟစနစ်ကောင်းမွန်ရေးအတွက် ပဲခူးတိုင်းဒေသကြီး၊ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာနမှ မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းကို နည်းလမ်း ၁၀ မျိုးဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ ယင်းမာ၊ ယူကလစ်၊ ပျဉ်းမ၊ ခရေ၊ စန္ဒကူး၊ စိန်ပန်း၊ တညင်း၊ သင်းဝင် စုစုပေါင်း အပင် ၅၀၂၂၅၀ ကို ဌာနဆိုင်ရာ တပ်ရင်း/တပ်ဖွဲ့၊ ဌာနဆိုင်ရာများက ဘုန်းတော်ကြီးကျောင်းများ၊ ဆေးရုံ၊ ဆေးပေးခန်း၊ စာသင်ကျောင်းများ၌ စိုက်ပျိုးခြင်းအပြင် ကျန်ရှိသော ပျိုးပင်များကို ကျေးလက်တောရွာများတွင် စိုက်ပျိုးနိုင်ရန် ကျွန်းနှင့် အခြားသောသစ်မာ၊ အရိပ်ရပျိုးပင်များအား အခမဲ့ဝေငှပေးပြီး စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် အကူအညီပေးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်ဌေးက ပြောကြားသည်။

"ကျွန်တော်တို့ သစ်တောဦးစီးဌာနက ကျေးရွာတွေမှာသစ်ပင် စိုက်ပျိုးချင်တယ်ဆိုရင် တစ်အိမ်ထောင်ကို ကျွန်းပင် ပေါက်သုံးပင်နှုန်းနဲ့ အခြားအရိပ်ရပျိုးပင်ပေါက် နှစ်ဆယ်ကို ဇူလိုင် ၁၅ ရက်အပြီး အခမဲ့ဝေငှပေးသွားမယ့်အပြင် စိုက်ပျိုးမယ့် ကျေးရွာကိုလည်း ဝန်ထမ်းတွေ စေလွှတ်ပြီးတော့ စနစ်တကျစိုက်ပျိုးပေးသွားမှာပါ"ဟု ဆက်လက်ပြောကြားခဲ့သည်။

**ကိုလွင်(ဆွာ)**

# (၆၉)နှစ်မြောက် အာဇာနည်နေ့အကြိုဟောပြောပွဲ နံရံကပ်စာစောင်ပြသခြင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပြုလုပ်

**ချောင်းဆုံ ဇူလိုင် ၁၃**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၆၉)နှစ်မြောက် အာဇာနည်နေ့ကို ကြိုဆိုသောအားဖြင့် (ထက်၊ လယ်၊မူ) စာသင်ကျောင်းများတွင် ဟောပြောပွဲ ၊နံရံကပ်စာစောင်စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများပြုလုပ်လျက်ရှိရာ ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီက ချောင်းဆုံခြံစု (အမက) ကျောင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ခဲ့သည်။

ကျောင်းသား ကျောင်းသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဦးစီးဌာန ဦးစီးမှူး ဒေါ်မိသူဇာက အာဇာနည်နေ့အကြောင်း သိကောင်းစရာများနှင့် စာဖတ်သည့်အလေ့အထရရှိရေးအကြောင်းကို ဟောပြောခဲ့ပြီး စာဖတ်ဝိုင်း၊ စာဖတ်စွမ်းရည် ပြိုင်ပွဲများပြုလုပ်ခဲ့ကာ စာဖတ်အားကောင်းသော ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများ ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မှတ်တမ်းဓာတ်ပုံများ နံရံကပ်စာစောင်ပြသပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများက ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ငါးသိုင်းချောင်းအထက၌ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ထုတ်ပေး

**ငါးသိုင်းချောင်း ဇူလိုင် ၁၃**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူးဦးစိုးတင့်နှင့် ဒုတိယဦးစီးမှူး ဒေါ်သီတာဦးတို့က ဇူလိုင် ၁၂ ရက်တွင် ငါးသိုင်းချောင်း အထက၌ နဝမတန်း ကျောင်းသား ကျောင်းသူ ၅၆ ဦးအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများ အခမဲ့ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# ပြည်သူ့အကျိုးပြုလုပ်ငန်းများ အမှတ်(၅)ရထားတပ်ခွဲ (လားရှိုး) မှ ဆောင်ရွက်

**လားရှိုး ဇူလိုင် ၁၃**

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်သူ့အကျိုးပြုလုပ်ငန်းများအား နိုင်ငံတစ်ဝန်းရှိ ဒေသအသီးသီးတွင် ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လ ပထမအပတ်က ရထားရဲတပ်ဖွဲ့၊အမှတ် (၁)တပ်ဖွဲ့ခွဲ (မန္တလေး) ကွပ်ကဲမှုအောက်ရှိအမှတ် (၅) တပ်ခွဲ (လားရှိုး) မှတပ်ခွဲမှူးဒုတိယရဲမှူးတင်မောင်ထွန်းဦးစီး၍ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အမှတ် (၉)ရပ်ကွက် နယ်မြေ(၃)ရှိ မြန်မာ့မီးရထား လားရှိုးဘူတာရပ်ဝန်းနှင့် လားရှိုးဘူတာရှေ့တွင် မိုင်းအန္တရာယ်ကင်းရှင်းရေး လူသွားလူလာများသော ဘူတာရှေ့တွင် ချုံနွယ်သစ်ပင်အမှိုက်မြက်များကို မီးရထားရဲတပ်ဖွဲ့ဝင်များ ရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများအား အလျဉ်းသင့်သလို မီးရထားစီးခရီးသည်များ အန္တရာယ်ကင်းရှင်းပြီး ချောမွေ့စွာသွားလာနိုင်ရန် စီစဉ်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အမှတ်(၅) တပ်ခွဲလားရှိုးမှတပ်ခွဲမှူး ဒုတိယရဲမှူးတင်မောင်ထွန်းက ပြောကြားခဲ့သည်။

**စာဏီအောင်(လားရှိုး)**

# ဟားခါးခရိုင် ခွါဖိုးကျေးရွာ၌ ကျေးရွာမြေငှားဂရန်များ ပေးအပ်ပွဲကျင်းပ

**ဟားခါး ဇူလိုင် ၁၃**

ဟားခါးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကျေးရွာမြေငှား ဂရန်များ ပေးအပ်ပွဲကို ဇူလိုင် ၉ ရက်က ထန်တလန်မြို့နယ် လုံဇာ့ရ်ကျေးရွာအုပ်စု ခွါဖိုးကျေးရွာ၌ ကျင်းပရာ ဟားခါးခရိုင် အုပ်ချုပ်ရေးမှူးဦးထူးလွင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးမှူး ဦးရဲရင့်က ကျေးရွာမြေငှားဂရန်များ ထုတ်ပေးခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ ထန်တလန်မြို့နယ် အုပ်ချုပ်ရေးမှူးဦးခင်မင်းက ကျေးရွာမြေငှားဂရန်များ ထုတ်ပေးနိုင်ရေးလုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဟားခါးခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ ထန်တလန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မင်းနှင့် တာဝန်ရှိသူများက အိမ်ထောင်စု ၅၀အတွက် ကျေးရွာမြေငှားဂရန်များကို အိမ်ထောင်ဦးစီးများထံ တစ်ဦးချင်းပေးအပ်ခဲ့ရာ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**ဟားခါး(ပြန်/ဆက်)**

# မြစ်ရေလွှမ်းမိုးမှုကြောင့် သီးနှံစိုက်တောင်သူများ အခက်တွေ့နေ



**မုံရွာ ဇူလိုင် ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် တောင်ဘက်ရေဝင်ရပ်ဖြစ်ကြသည့် ကျေးရွာများတွင် မြစ်ရေလွှမ်းမိုးမှုကြောင့် သီးနှံစိုက်တောင်သူများ အခက်တွေ့နေ၍ ဆုံးရှုံးမှုများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

"၂၀၁၅ ဩဂုတ်လက စံချိန်တင်မြင့်တက်ခဲ့သည့် မြစ်ရေဝင်မှုကြောင့် လူအများ စိုးရိမ်သောက ရောက်နေသည့်ကြားက ယခုလိုမြစ်ရေရုတ်တရက်ဝင်ရောက်မှုကြောင့် သီးနှံစိုက်တောင်သူတွေ အခက်တွေ့ရတာပေါ့။ ကျုပ်တို့တောင်သူတွေက သီးနှံကောင်းမှ စားဝတ်နေရေးက အဆင်ပြေတာပါ။ အခုလို မြစ်ရေကရုတ်တရက်ဝင်တော့ သီးနှံတော်တော်များများ ဆုံးရှုံးမှုတွေနဲ့ ကြုံတွေ့နေရတယ်။ ကျုပ်တို့ဆို ပြောင်းဖူးတွေ မသိမ်းလိုက်ရဘူး၊ အခြားသီးနှံတွေဖြစ်တဲ့ နှမ်း၊ ပဲတီစိမ်း၊ မတ်ပဲစတာတွေရော ရေထဲပါသွားတယ်။ တောင်သူတွေမှာ လက်ဝယ်ရောက်ခါနီးမှ ရေဝင်တော့ ဘာမှမတတ်နိုင်ဘူးပေါ့ဗျာ" ဟု ဦးသက်မိုးထွန်းက ပြောကြားသည်။

ရေဝင်တာ မြေဆီမြေဩဇာ ကောင်းသော်လည်း ယခုလို သီးနှံသိမ်းခါနီး ရေဝင်တော့ သီးနှံစိုက်တောင်သူတွေ တော်တော်များများဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်နေရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**မင်းမင်း(မုံရွာ)**

## လိုင်စင်မဲ့ အနေးယာဉ်များ စည်းကမ်းထိန်းသိမ်းရေးဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၃**
ရန်ကုန်မြို့ တာမွေမြို့နယ်အတွင်း အနေးယာဉ်ဆိုက်ကားများအား စည်းကမ်းထိန်းသိမ်းရေးအတွက် လိုင်စင်များ စိစစ်ခြင်းကို ဇူလိုင် ၁၂ ရက်က မြို့နယ်စည်ပင်သာယာရေးဌာနမှ အုပ်ချုပ်ရေးမှူး ဦးသန်းဦး ကြီးကြပ်သည့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များက မြို့နယ်အတွင်း ဆောင်ရွက်ခဲ့ရာ လိုင်စင်မရှိဘဲ ပြေးဆွဲနေသည့် ဆိုက်ကားများအား အနေးယာဉ်ဌာနခွဲသို့ ပို့ဆောင်အပ်နှံခဲ့ကြောင်း သိရသည်။

စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ခံ ဦးသန်းဦးက လိုင်စင်မရှိဘဲမောင်းတဲ့ အနေးယာဉ်လုပ်သားတွေကို စည်းကမ်းတကျဖြစ်အောင် ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ ယာဉ်စည်းကမ်းနဲ့ပတ်သက်ရင်မည်သည့်ယာဉ်မဆို လိုင်စင်ရှိဖို့လိုအပ်ပါတယ်။ စည်းကမ်းဘောင်ထဲကနေရင် ယာဉ်လည်းအန္တရာယ်ကင်းမယ်။ အသုံးပြုတဲ့သူလည်းစီးပွားရှာရတာ စိတ်ချမ်းသာစွာဆောင်ရွက်နိုင်မယ်" ဟု ပြောကြားပြီးဆက်လက်၍ လိုင်စင်မဲ့များအား စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လှလှ**

## လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲသူများမိတ်ဆက်ခြင်း အခမ်းအနားကျင်းပ

**ကျောက်မဲ ဇူလိုင် ၁၃**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ကျင်းပသည့် လူမှုရေးရာဖြစ်ရပ်များ စီမံခန့်ခွဲမှုဆိုင်ရာ မိတ်ဆက်ခြင်းအခမ်းအနားကို ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့တွင် ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက မေတ္တာမွန်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကြည်မင်းထွန်းက အမှာစကားပြောကြားခဲ့သည်။

လူမှုဝန်ထမ်းဦးစီးဌာန ရုံးချုပ်မှဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သူဇာကလူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းနှင့် ပတ်သက်သည့် လုပ်ငန်းများကို PROJECTOR ဖြင့် ရှင်းလင်းတင်ပြရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြို့နယ်တိုင်း၌ လူမှုဝန်ထမ်းဦးစီးဌာနရုံးများ ဖွင့်လှစ်နိုင်ခြင်းမရှိသေးသဖြင့် ဖြစ်ပေါ်လာနိုင်သည့် ကလေးသူငယ်များနှင့် ပတ်သက်သည့် ညှင်းပန်းနှိပ်စက်မှုများ၊ နစ်နာမှုများနှင့် မိန်းကလေးငယ်များနှင့် ပတ်သက်သည့် မှုခင်းများ၊ နစ်နာမှုများကို မိမိတို့ဦးစီးဌာနမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည့် လူမှုရေးဖြစ်ရပ် စီမံခန့်ခွဲသူများနှင့် ဒေသအာဏာပိုင်များ၊ ဥပဒေ၊ တရားရေးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လူမှုရေးဖြစ်ရပ်များ၊ စီမံခန့်ခွဲမှု လုပ်ငန်းများကို လုပ်ငန်းစီမံချက်အဆင့်ဆင့်ဖြင့် စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါလုပ်ငန်းများကို ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပြီး နောက်ပိုင်းတွင် လူမှုရေးထိခိုက်လွယ်သည့် အခြေအနေတွင်ရှိသည့် သက်ကြီးရွယ်အို၊ အမျိုးသမီး၊ မသန်စွမ်းများသို့ပါ ချဲ့ထွင်ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းနောက် တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးမှုများကို ဒုတိယညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျောက်မဲခရိုင်ပြန်/ဆက်**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ

**ဆိပ်ဖြူ ဇူလိုင် ၁၃**
မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုသည် ဇူလိုင် ၁၁ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ဆိပ်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသဲဖြူခန်းမ၌ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အဆင့်ဌာဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြို့သန့်ရှင်းသာယာလှပရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြို့ပြတွင်နေထိုင်သည့် လူဦးရေထက် ကျေးလက်နေ ပြည်သူက ပိုများပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အလေးထားကာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ခွင့်ပြုရန်ပုံငွေများကို စနစ်တကျစိစစ်၍ ခြိုးခြံချွေတာစွာ သုံးစွဲသွားရန်၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် ဒေသခံပြည်သူများက ပူးပေါင်းပါဝင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းလည်း ထည့်သွင်းပြောကြားခဲ့သည်။

ဒေသခံ ပြည်သူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာရေး၊ တောင်သူသီးနှံပေါ်ချိန်များတွင် လောင်းကစားဝိုင်းများမရှိစေရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားကြရန်တို့ကိုလည်း တိုက်တွန်းပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ လိုက်ပါလာသည့် တိုင်းဒေသကြီး ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး၊ စီမံကိန်းဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူအင်အားဝန်ကြီးတို့က အမှာစကားများ အသီးသီးပြောကြားခဲ့ကြသည်။

တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်လာသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်အေးတို့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ပြန်လည်၍တင်ပြခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးရှိ ဝန်ထမ်းအိမ်ရာများ၊ အခြေခံပညာအထက်တန်းကျောင်း ဆိပ်ဖြူရှိ (ဥသဖရား)နှစ်ထပ်ကျောင်းဆောင်ကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သိရသည်။

**စိုးလင်းနိုင်**(IPRD)

## အင်းစိန်မြို့နယ်စာရေးဆရာအသင်း သတင်းထူးချွန်ဆုချီးမြှင့်မည်

**ရန်ကုန် ဇူလိုင် ၁၃**
အင်းစိန်မြို့နယ် စာရေးဆရာအသင်းမှ ကြီးမှူး၍ ဒုတိယအကြိမ်သတင်းထူးချွန်ဆုချီးမြှင့်ပွဲနှင့် သတင်းစာဆရာအသင်းဝင်များ၏ သားသမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲကို ဩဂုတ် ၇ ရက် မွန်းလွဲ ၁ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

၂၀၁၅ ခုနှစ် ဇွန် ၃၀ ရက်မှ ၂၀၁၆ ခုနှစ် ဇွန် ၃၀ ရက်အထိ သတင်းစာ၊ ဂျာနယ် မဂ္ဂဇင်းများတွင် သတင်းပုဒ်ရေ အများဆုံးဖော်ပြနိုင်သူ ထူးချွန်သတင်းဆု (က)၊ တိုင်းပြည်နှင့် လူမျိုးအကျိုးကို အကောင်းဆုံးထိရောက်အောင် အကျိုးပြုသည့် သတင်းရေးသားဖော်ပြခံရသူ ထူးချွန်သတင်းဆု (ခ)၊ သတင်းနှင့်ဓာတ်ပုံကိုက်ညီ ထင်ဟပ်အောင် ဖော်ပြနိုင်သူ ထူးချွန်သတင်းဓာတ်ပုံဆု (ဂ) အဆင့်လိုက် ထိုက်တန်စွာ ဆုချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ဒုတိယအကြိမ် ထူးချွန်သတင်းဆုများ ပေးအပ်ချီးမြှင့်နိုင်ရန်နှင့် ပညာသင်ထောက်ပံ့ကြေး ပေးအပ်နိုင်ရန် အလှူငွေများလှူဒါန်းလိုပါက မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဖုန်း ၀၁၆၄၇၁၆၃၊ ၀၉၃၀၀၂၃၉၇၀၊ ဒုဥက္ကဋ္ဌ ဖုန်း ၀၉၇၃၁၀၉၂၂၀၊ အတွင်းရေးမှူး ဖုန်း ၀၉၄၂၀၀၇၂၆၈၇ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

**(၆၈၄)**

## စက်မှုနှင့်အသက်မွေးပညာ ရွှေလျားသင်တန်းဖွင့်လှစ်

**လှိုင်သာယာ ဇူလိုင် ၁၃**
စက်မှုဝန်ကြီးဌာန မြန်မာနိုင်ငံ စက်မှုကုန်ထုတ်သူများအသင်းနှင့် လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် စက်မှုနှင့် အသက်မွေးပညာ ရွေ့လျားသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၁ ရက်က လှိုင်သာယာစက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပသည်။

စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က သင်တန်းဖွင့်အမှာစကားပြောကြား၍ လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအုန်းဆိုင်က သင်တန်းဖွင့်လှစ်နိုင်မှုအပေါ် ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ သတင်းတန်းသို့ သင်တန်းသား ၁၃၀ တက်ရောက်ကြောင်း သိရသည်။

**(၃၂၉)**

## ရက် ၁၀၀ စီမံချက်လုပ်ငန်းပြီးစီးမှု လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ



**ပုလော ဇူလိုင် ၁၃**
ရက် ၁၀၀ အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၁ ရက် မွန်းလွဲ ၁၂ နာရီခွဲက ပုလောမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ပြုလုပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် ပုလောမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်က ရက် ၁၀၀ အတွင်း မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ဝန်ကြီးဌာနအလိုက် လုပ်ငန်းတာဝန်များကို အောင်မြင်စေရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာများက မိမိတို့ဌာနအလိုက် ရက် ၁၀၀ အတွင်း လုပ်ငန်းပြီးစီးမှု အခြေအနေများကို ပြန်လည်တင်ပြကာ လိုအပ်သည်များကို ဖြည့်စွက်ညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်**

# သဘာဝဘေးအန္တရာယ်နှင့် နွမ်းပါးသောဖွံ့ဖြိုးဆဲနိုင်ငံများ

## စောနိုင်(အသုံးချဘောဂဗေဒ)

ရာစုနှစ်များစွာကုန်ဆုံးလာပြီးနောက် သက်တမ်းကြီးမြင့်လာနေသောကမ္ဘာကြီးတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများမှာ အကြိမ်အရေအတွက် ပိုမိုစိပ်လာပြီး ထိခိုက်ပျက်စီးမှုများမှာလည်း ပိုမိုပြင်းထန်လာလျက်ရှိနေသည်။ သို့သော် ဖြစ်ပေါ်လာသောနေရာတိုင်း၌ ထိခိုက်ပျက်စီးဆုံးရှုံးမှုများမှာ တူညီသောအခြေအနေများမရှိဘဲ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှု(ချမ်းသာကြွယ်ဝမှု)ပေါ်မူတည်၍ အနည်း၊အများကွာခြားမှုရှိလာသည်။ တူညီသည့် လူ့အဖွဲ့အစည်းအတွင်းရှိ အသက်အရွယ်၊ ကျား၊မအလိုက်မှာပင်လျှင် ထိခိုက်ပျက်စီးမှု ဒီဂရီမှာ မတူညီနိုင်ပေ။ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ရောဂါဝေဒနာခံစားနေရသူများသည် သဘာဝဘေးအန္တရာယ် သက်ရောက်မှုရှိလာသောအခါ အခြားသူများထက်ပို၍ ထိခိုက်လွယ်သူများဖြစ်ကြသည်။ သဘာဝဘေးအန္တရာယ်ကြောင့် အခြေခံအဆောက်အအုံများပျက်စီးခြင်း၊ ထိခိုက် ဒဏ်ရာရရှိခြင်း၊ လူ့အသက်ဆုံးရှုံးမှုများရှိလာခြင်းတို့ ကြုံတွေ့လာသည့်အခါတွင်လည်း များသောအားဖြင့် ချမ်းသာသောတိုင်းပြည်များထက် ဆင်းရဲနွမ်းပါးသော ဖွံ့ဖြိုးဆဲနိုင်ငံများက ပိုမိုခံစားကြရသည်။ ဆင်းရဲနွမ်းပါးသည့်အုပ်စုများက အခြားသူများထက် သဘာဝဘေးအန္တရာယ်ကို ပိုမိုပြင်းထန်စွာခံစားကြရကာ ဆင်းရဲတွင်းမှာလည်း ပိုမိုနက်သွားတတ်ကြသည်။

နိုင်ငံတစ်နိုင်ငံတွင် ဝင်ငွေနှင့်ဥစ္စာဓနကို သဘာဝကျစွာ ခွဲဝေသုံးစွဲနိုင်စွမ်း (ဆင်းရဲခြင်းနှင့်ချမ်းသာကြွယ်ဝခြင်း အခြေအနေနှစ်ရပ်ကြား ကွာဟမှု အလွန်အမင်းကြီးမားနေသည့်အခါ) မရှိသည့်အခါ ဆင်းရဲနွမ်းပါးမှု ပြဿနာခြေခြေမြစ်မြစ်စွဲကပ်တည်ရှိလာသည်။ ထိုနိုင်ငံ၊ ထိုဒေသမျိုးတွင် သဘာဝဘေးအန္တရာယ်ရင်ဆိုင်လာရသောအခါ ဆင်းရဲနွမ်းပါးသည့်အုပ်စုများမှာ ယခင်ကအခြေအနေထက်ပို၍ဆိုးရွားသွားသည်။ ကြိုတင်ကာကွယ်နိုင်စွမ်း အားနည်းမှုကြောင့်လည်းကောင်း၊ ပံ့ပိုးထောက်ကူပေးနိုင်သည့် အရာများနှင့် လုံလောက်သောပြင်ဆင်ထားမှုများ မရှိသောကြောင့်လည်းကောင်း ဘေးအန္တရာယ်ဖြစ်ပွားချိန်နှင့်ဖြစ်ပွားပြီးအလွန် အချိန်များတွင်လည်း ဘက်ပေါင်းစုံ၌ အခက်အခဲများစွာကြုံတွေ့လာရသည်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာကြိုတင်ကာကွယ်မှုများကောင်းမွန်ပြည့်စုံစွာ ပြင်ဆင်ထားရှိသည့် ကြွယ်ဝချမ်းသာသော တိုင်းပြည်များပင်လျှင် လက်တွေ့ကြုံတွေ့လာရချိန်၌ ဘေးအန္တရာယ်၏ ပြင်းထန်အားပေါ်မူတည်၍ ပျက်စီးဆုံးရှုံးမှု အနည်းနှင့်အများရှိလာနိုင်သဖြင့် ကောင်းစွာပြင်ဆင်ထားခြင်းမရှိသော ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ထိခိုက်ပျက်စီးမှုအခြေအနေ မည်သို့ရှိမည်ကို စဉ်းစားမှန်းဆရုံမျှနှင့်ပင် စိုးရိမ်ဖွယ်ကောင်းလှသည်။

ကျွမ်းကျင်သူများ၊ ပညာရှင်များကကမ္ဘာမြေသည် တစ်နေ့တခြား ဘေးအန္တရာယ်များပြားလာသောနေရာ ဖြစ်လာနေပြီး သဘာဝဘေးအန္တရာယ်များမှာ ယခင်ကထက်ပိုမိုဖြစ်ပေါ်ရန်သာရှိသည်ဟု ခန့်မှန်းကြသည်။ ထို့ကြောင့် အနာဂတ်ကာလများတွင် လူသားချင်းစာနာမှုဆိုင်ရာအကူအညီများစွာသည် ဖွံ့ဖြိုးဆဲတိုင်းပြည်များသို့ ပိုမိုဦးတည်သွားနိုင်ရန်သာ ပြင်ဆင်ထားကြရတော့မည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ကြုံတွေ့ပြီးနောက်များပြားလှသော လူ၊တိရစ္ဆာန်သေကျေမှုများ၊ အသက်ရှင်ကျန်ရစ်သူများ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများဖြစ်လာကြသဖြင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်အတူ နောက်ထပ်ဖြစ်လာနိုင်သည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှုများကိုပါ တစ်ပြိုင်နက် လုပ်ဆောင်နေရမည်ဖြစ်သည်။

သဘာဝအန္တရာယ်သက်ရောက်မှုများနှင့် ပတ်သက်၍ ဖွံ့ဖြိုးပြီး ချမ်းသာကြွယ်ဝသည့်နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲဆင်းရဲနွမ်းပါးသည့်နိုင်ငံများ ရင်ဆိုင်ရသောအခြေအနေများကိုနှိုင်းယှဉ်၍ မှန်းဆပုံဖော်ကြည့်သည်။ စက်မှုဖွံ့ဖြိုးပြီးတိုင်းပြည်များတွင် သဘာဝအန္တရာယ်ကြောင့် တန်ဖိုးကြီးမားသော စီးပွားရေးအကျိုးအမြတ်ဆုံးရှုံးမှုများရှိနိုင်သော်လည်း လူ့အသက်များဆုံးရှုံးမှုကို လျှော့ချနိုင်ရန်(သို့မဟုတ်) ဘေးအန္တရာယ်ရှောင်ရှားနိုင်ရန် စနစ်တကျ၊ နေရာတကျပြင်ဆင်ထားသည့် ယန္တရားများနှင့် ကျန်းမာရေးဆိုင်ရာ၊ ဆေးဝါးထောက်ကူပြုနိုင်ရေးဆိုင်ရာ၊ အရေးပေါ်ကယ်ဆယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများရှိနိုင်သည်။ ပျက်စီးဆုံးရှုံးသွားသော ဥစ္စာပစ္စည်းနှင့် အခြေခံအဆောက်အအုံအတွက် အာမခံထားနိုင်သည့် အစီအစဉ်များလည်း စီစဉ်ပြီးသားရှိနိုင်သည်။ ထို့ကြောင့် ရေရှည်ကာလစီးပွားရေးဖွံ့ဖြိုးမှုအတွက် စိုးရိမ်တကြီးဖြစ်စရာများစွာမရှိပေ။ ဖွံ့ဖြိုးဆဲတိုင်းပြည်များတွင်မူ သဘာဝဘေးအန္တရာယ်ကြောင့် နိုင်ငံ၏ ဆောက်ရွက်နေဆဲ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များတွင် နှောင့်နှေးမှု၊ ဟန့်တားမှုများဖြစ်လာနိုင်သည်။ ဘေးအန္တရာယ်ဆိုင်ရာကြိုတင်သတိပေးစနစ်၊ ယန္တရားများမရှိခြင်း သို့မဟုတ် အားနည်းခြင်း၊ အထောက်အကူပေးနိုင်သည့် အခြေခံအဆောက်အအုံနှင့် ပံ့ပိုးပေးနိုင်သည့် အရင်းအမြစ်များ အဆင်သင့်ပြင်ဆင်ထားမှုမရှိသောကြောင့် အရေအတွက်များပြားသော ထိခိုက်ပျက်စီးမှု၊ သေကျေဒဏ်ရာရမှုများကို ရင်ဆိုင်ကြရသည်။ ပုံမှန်သတ်မှတ်လျာထားသော ဖွံ့ဖြိုးမှုအစီအစဉ်များအတွက် အသုံးစရိတ်များ၊ ရန်ပုံငွေများကို အရေးပေါ်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ပြောင်းလဲအသုံးပြုမှုများ ရှိလာနိုင်သဖြင့် မူလအစီအစဉ်များကို ပြည့်ပြည့်ဝဝအကောင်အထည်ဖော်ရန် ခက်ခဲခြင်း၊ ပြည်သူ့အသုံးစရိတ်များကို ထပ်မံတိုးမြှင့်တောင်းခံမှုများ ရှိလာသောကြောင့် ဘတ်ဂျက်လိုငွေများ ပိုမိုကြီးထွားလာနိုင်ခြင်းတို့ပါ ရင်ဆိုင်လာရမှုများရှိလာသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဩဂုတ်လဝန်းကျင်က မြန်မာနိုင်ငံအထက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် ရေကြီးမှု သဘာဝဘေးအန္တရာယ်ကို ကြီးမားစွာရင်ဆိုင်ခဲ့ရ၏။ ယခုလည်း မိုးဦးကာလအစ ဇွန်၊ ဇူလိုင်လမှာပင် ရေကြီးရေလျှံမှုသဘာဝဘေးအန္တရာယ်က စတင်ဖြစ်ပေါ်လာနေသည်။ ပင်လယ်ကမ်းစပ်နှင့်နီးသည့် ရခိုင်ဒေသအပြင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင်ပါ မြစ်ချောင်းများနှင့် နီးသည့်နေရာများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသည်။ မိုးရွာသွန်းမှုများသည့် အချိန်တိုင်း ယခုကဲ့သို့ ဖြစ်လာနေခဲ့သည်ကို သတိထား၍ ထိထိရောက်ရောက်ကြိုတင်ပြင်ဆင်ထားဖို့ လိုအပ်နေပြီဖြစ်သည်။ ဆင်းရဲနွမ်းပါးသည့် လူဦးရေများသော၊ စိုက်ပျိုးရေးကဏ္ဍကို အားကိုးအားထားပြုနေဆဲကျေးလက်တောရွာ၊ နယ်မြို့များတွင် ယခုကဲ့သို့ ရေကြီးရေလျှံဘေးဒုက္ခ မကြာခဏခံစားနေရခြင်းသည် ထိုဒေသရှိနိုင်ငံသူ၊ နိုင်ငံသားများအတွက်သာမက တစ်နိုင်ငံလုံး၏ စီးပွားရေး၊ လူမှုရေးအကျိုးစီးပွားများအတွက်ပါ ဆုံးရှုံးနစ်နာမှုများရှိလာသည်။ နိုင်ငံပြန်လည်တည်ဆောက်ရေး၊ ပြုပြင်ပြောင်းလဲရေးကာလအတွင်း ရှေ့သို့အင်နှင့်အားနှင့် မသွားနိုင်ဘဲ သမင်မွေးရင်းကျားစားရင်း အခြေအနေမျိုးကို ကြုံရသလိုဖြစ်နေသည်။

ရေကြီးရေလျှံမှုအပါအဝင် သဘာဝဘေးအန္တရာယ်အမျိုးမျိုး၏ စီးပွားရေးအဆောက်အအုံတစ်ခုအတွင်း သက်ရောက်နိုင်ခြေများကို လေ့လာရာတွင် လက်တင်အမေရိကနိုင်ငံများနှင့် ကယ်ရီဘီယံကျွန်းနိုင်ငံများတွင် ရင်ဆိုင်ခဲ့ရသော အတွေ့အကြုံများကို ဇယား(၁)တွင်ဖော်ပြထားသည့်အတိုင်း တွေ့ရှိရသည်။

ဇယားတွင် ဖော်ပြထားသကဲ့သို့ သဘာဝဘေးအန္တရာယ်များစွာထဲတွင် မြေငလျင်၊ ဆိုင်ကလုန်း၊ မီးလောင်မှုနှင့် ရေကြီးခြင်းတို့သည် သက်ရောက်မှုကြီးမားသည်ကို တွေ့ရသည်။ ထိုသဘာဝဘေးအန္တရာယ်များ အားလုံးသည် မြန်မာနိုင်ငံနှင့် ရင်းနှီးနေပြီးသားဖြစ်နေသည်။ အထူးသဖြင့် ဆိုင်ကလုန်းနှင့် ရေကြီးခြင်းတို့သည် နှစ်စဉ်နှစ်တိုင်း မေလလောက်မှ အောက်တိုဘာလလောက်အထိ မိုးရာသီကာလအတွင်း မြန်မာနိုင်ငံ၌ မကြာခဏ ကြုံတွေ့ရသည့်အခြေအနေများဖြစ်သဖြင့် သတိပြုမှတ်သားလေ့လာသင့်သည်။ ရေကြီးခြင်းကြောင့် ဖြစ်ပေါ်လာသော သက်ရောက်မှုအရေအတွက်မှာ လေ့လာမှုအရ ခုနစ်ခုသာရှိသည်ဟု တွေ့ရသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံဖြစ်ပြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှု အားနည်းနေသေးသောနိုင်ငံတစ်နိုင်ငံတွင်မူ ထိုအရေအတွက်ထက်ပိုမိုနိုင်သည်။ ယာယီပြောင်းရွှေ့နေထိုင်ရမှု၊ အမြဲတမ်းရွှေ့ပြောင်းနေထိုင်ရမှု၊ စိုက်ပျိုးရေးထုတ်လုပ်မှုများ ဆုံးရှုံးမှုနှင့် လူမှုရေးဖရိုဖရဲဖြစ်မှုများလည်း ကြုံတွေ့လာရနိုင်သည်။

တိုင်းပြည်စီးပွားရေးအတွက်လည်းကောင်း၊ နိုင်ငံသားတို့ နေ့စဉ်စားဝတ်နေမှုအတွက်လည်းကောင်း စိုက်ပျိုးရေးကဏ္ဍကို အဓိကမှီခိုအားထားနေရသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ရေကြီးရေလျှံခြင်း၏ သက်ရောက်မှုအခြေအနေများကို အထူးသတိပြုလေ့လာ၍ ကြိုတင်စီမံဆောင်ရွက်သင့်သည်များကို ပြင်ဆင်ထားရန်လိုသည်။ ဖြစ်ပေါ်လာနိုင်ခြေရှိသော ထိခိုက်ပျက်စီးမှုများအတွက်လည်း ကဏ္ဍအသီးသီးမှ ပညာရှင်များနှင့် ပူးပေါင်း၍ ရေတို၊ ရေရှည် ပြန်လည်ထူထောင်ရေးကိစ္စများကိုလည်း ပြင်ဆင်ထားရန်လိုအပ်မည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်နှင့်သက်ဆိုင်သည့် ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ ခန့်မှန်းချက်၊ သုံးသပ်ချက်များကို လေ့လာခြင်း၊ မိမိနိုင်ငံတည်ရှိမှုအခြေအနေအရ ကိုယ်ပိုင်ခန့်မှန်းချက်တို့ပြုလုပ်၍ ဖြစ်နိုင်ခြေနည်းသော အချိန်အခါ၌လည်း (သေချာပေါက်မမှန်းဆနိုင်သည့်အတွက်) ပြင်ဆင်ထားရမည်။ ဖြစ်နိုင်ခြေများပါကလည်း စနစ်တကျကြိုတင်ပြင်ဆင်၍ အချိန်နှင့်အမျှစောင့်ကြည့်၊ အခါမလပ် လေ့ကျင့်ဆောင်ရွက်နေရမည်ဖြစ်သည်။ ဂျပန်၊ အမေရိကန်၊ တရုတ်နိုင်ငံတို့သည် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေများသည့် နိုင်ငံများဟုဆိုသည်။ မကြာခဏကျရောက်သည်ကိုလည်း ကြားသိနေရသည်။ သို့သော် ကြိုတင်ပြင်ဆင်မှုကောင်းမွန်ခြင်း၊ ကျရောက်ခဲ့ပါကလည်း အချိန်တိုအတွင်း မူလအခြေအနေပြန်လည်ရောက်ရှိစေရန် အလျင်အမြန် ကုစားဆောင်ရွက်နိုင်ခြင်း အခြေအနေများကြောင့် ထိုနိုင်ငံများတွင် နောက်ဆက်တွဲပြဿနာများမှာ ကြီးမားစွာဖြစ်လာခြင်း မရှိပေ။ ဆင်းရဲနွမ်းပါးမှုနှုန်းမြင့်မားနေခြင်း၊ လူမှုရေး၊ စီးပွားရေး အင်စတီကျူးရှင်းများ ပြည့်စုံစွာမရှိသေးခြင်း၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်အတွက် အချိန်ကာလတစ်ခုကို ဖြတ်သန်းနေရသည့်နိုင်ငံတစ်နိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ပိုမိုသတိထားကာ ဂရုစိုက်ကိုင်တွယ်ဆောင်ရွက်သင့်သည်။ အဘယ်ကြောင့်ဆိုသော် သဘာဝဘေးအန္တရာယ်မှတစ်ဆင့် စီးပွားရေးထိခိုက်မှု၊ လူမှုရေးမငြိမ်သက်မှု၊ စားနပ်ရိက္ခာမလုံလောက်မှု၊ အကျင့်ပျက်ခြစားမှု၊ နိုင်ငံရေး မတည်ငြိမ်မှုစသည့်နောက်ဆက်တွဲပြဿနာများပါ ဆက်စပ်ဖြစ်ပေါ်လာနိုင်သောကြောင့် ဖြစ်ပေသည်။ ။

ဇယား(၁)

| သက်ရောက်မှု | မြေငလျင် | ဆိုင်ကလုန်း | ရေကြီးခြင်း | စူနာမီ | မီးတောင်ပေါက်ကွဲခြင်း | မီးလောင်မှု | မိုးခေါင်ရေရှားခြင်းနှင့် ငတ်မွတ်ခေါင်းပါးခြင်း |
| --- | --- | --- | --- | --- | --- | --- | --- |
| ၁-ယာယီရွှေ့ပြောင်းနေထိုင်ရမှု | | | | | | | × |
| ၂-အမြဲတမ်းရွှေ့ပြောင်းနေထိုင်မှု | | | | | | | × |
| ၃-အိမ်ရာအဆောက်အအုံဆုံးရှုံးမှု | × | × | × | × | × | × | |
| ၄-စက်မှုကုန်ထုတ်လုပ်မှုဆုံးရှုံးမှု | × | × | × | × | | × | |
| ၅-ကူးသန်းရောင်းဝယ်မှုများဆုံးရှုံးမှု | × | × | × | × | | × | |
| ၆-စိုက်ပျိုးရေးထုတ်လုပ်မှုများဆုံးရှုံးမှု | | × | × | × | × | × | × |
| ၇-အခြေခံအဆောက်အအုံများပျက်စီးမှု | × | × | | × | | × | |
| ၈-ဈေးကွက်နှင့်ဖြန့်ချိရေးအစီအစဉ်များပျက်ခြင်း | × | × | × | | × | | |
| ၉-သယ်ယူပို့ဆောင်ရေးစနစ်များပြတ်တောက်ခြင်း | × | | | | | | |
| ၁၀-ဆက်သွယ်ရေးများရပ်ဆိုင်းသွားခြင်း | × | × | × | × | | × | |
| ၁၁-အထိတ်တလန့်ဖြစ်ခြင်း | | | × | | | × | |
| ၁၂-လူမှုရေးဖရိုဖရဲဖြစ်ခြင်း | × | × | | | | × | |

ဇာစ်မြစ်။ The impacts of Natural Disasters on Deveolping Economics: Implication for International Development and Disaster Community by Romulo Caballeros Otero and Ricardo Zapata Marti ၏ စာမျက်နှာ ၁၄ ရှိဇယား။(Source: Adapted from Cuny 1983)

**ရေကြီးရေလျှံခြင်းကြောင့် စိုက်ပျိုးမြေ၊ သီးနှံစိုက်ပျိုးမှုနှင့် အခြေခံအဆောက်အအုံများအပေါ် အကျိုးသက်ရောက်မှု**

| အပေါ်ယံမြေမျက်နှာပြင်ပေါ်သက်ရောက်မှု | အခြေခံအဆောက်အအုံများပေါ်သက်ရောက်မှု | သီးနှံစိုက်ပျိုးမှုအပေါ်သက်ရောက်မှု |
| --- | --- | --- |
| -မြေဆီလွှာပျက်သုဉ်းခြင်း<br>-ရေစိမ့်ဝင်မှုပြည့်ဝကာမြေပြိုခြင်း<br>-အနယ်အနှစ်များထိုင်ခြင်း | -အဆောက်အအုံများ၏အောက်ခံအထိုင်များ အားပျော့၍လာခြင်း၊<br>-အခြေခံအဆောက်အအုံများ အောက်ခံအထိုင်များ မြေကြီးထဲသို့ မူလအတိုင်းအတာထက် ပိုမိုနစ်မြုပ်ဝင်သွားခြင်းနှင့် အခြားဖွဲ့စည်းမှုများ ပျက်စီးခြင်း၊ | -စိုက်ပျိုးရမည့်သီးနှံအမျိုးအစားနှင့်သီးနှံရိတ်သိမ်းချိန်ပြောင်းလဲမှုများဖြစ်ပေါ်ခြင်း၊ စိုက်ပျိုးသီးနှံများပျက်စီးခြင်း၊<br>-သီးနှံစိုက်ခင်းများနှင့်သစ်တောများ ဒေသအလိုက် ပျက်စီးခြင်း၊<br>-မြေမျက်နှာသွင်ပြင်အနေအထားပြောင်းလဲမှုများဖြစ်ပေါ်ခြင်း၊ |

ဇာစ်မြစ်။ The impacts of Natural Disasters on Developing Economics : Implication for the International Development and Disaster Community by Romulo Caballeros Otero and Ricardo Zapata Marti ၏ စာမျက်နှာ ၁၅ ရှိ ဇယားမှ ထုတ်နုတ်ဖော်ပြသည်။
(Source : Adapted from Cuny 1983)

# အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူတာအိုဒေသတွင်း ဖြစ်ပျက်နေမှု အခြေအနေများကို တင်ပြနိုင်ရန်တွေ့ဆုံဆွေးနွေး



စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းစေရန်အတွက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ခန့် ကြီးကြပ်ပြီး မြို့မရဲစခန်းမှူးဒုတိယရဲမှူးမြင့်ဝင်းဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များသည် ဆိုင်ကယ်များဖြင့် ရပ်ကွက်၊ ကျေးရွာများနှင့် လူစည်ကားသောနေရာတို့တွင် လှည့်ကင်း၊ ရပ်ကင်းများဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

သတင်းနှင့်ဓာတ်ပုံ- မျိုးဝင်းညို(ကျွန်းလှ)

**ပူတာအို ဇူလိုင် ၁၃**

လွှတ်တော်ကိုယ်စားလှယ်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ တွေ့ဆုံမှုဖြင့် ဒေသအတွင်း ဖြစ်ပျက်နေသည့် အခြေအနေများကို လွှတ်တော်တွင် တင်ပြဆွေးနွေးနိုင်ရန်၊ မဲဆွယ်ကာလအတွင်း ပြည်သူများအား ကတိကဝတ်ပြုခဲ့သည့် အချက်အလက်များအား လွှတ်တော်တွင်မည်သို့ ဆောင်ရွက်ထားရှိမှုအခြေအနေများကို သိရှိနိုင်ရန်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပေါင်းစပ်ညှိနှိုင်းမှုဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီက ကချင်ပြည်နယ် ပူတာအိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

"ပူတာအိုမှာ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ တွေ့ဆုံတာဟာ ပထမဆုံး အကြိမ်ဖြစ်ပါတယ်။ ဩဂုတ်လပိုင်းလောက်မှာ ဌာနဆိုင်ရာများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများတွေ့ဆုံဖို့ စီမံချက်ရေးဆွဲထားပါတယ်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်တော်တို့ အရပ်ဘက်လူမှုအဖွဲ့အစည်းများက အုတ်တစ်ချက် သဲတစ်ပွင့်အနေဖြင့် ကြိုးစားဆောင်ရွက်သွားပါမယ်" ဟု CSOs ညှိနှိုင်းရေးအဖွဲ့တာဝန်ခံ ဦးမင်ဆိုင်းက ပြောသည်။

အခမ်းအနားတွင် သိက္ခာတော်ရဆရာတော် ချန်တန်ဖုန်က အဖွင့်အမှာစကားပြောကြားပြီး ပူတာအိုခရိုင်အတွင်းရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းကိုးဖွဲ့မှ ခေါင်းဆောင်များက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသ၏ လိုအပ်ချက်များနှင့်မဲဆွယ်ကာလအတွင်း ပြည်သူများအား ကတိကဝတ်ပြုခဲ့သည့် အချက်အလက်များကို လွှတ်တော်တွင် မည်သို့ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးမေးမြန်းကြရာ ပူတာအိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးရွှေ၊ မချမ်းဘော့ မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနန်မွန်ထင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးယောဆီတို့က ပြည်သူလူထုအတွက် လွှတ်တော်တွင်တင်ပြဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းလျာထားဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆွေးနွေးမေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပူတာအိုခရိုင်အတွင်းရှိ CSOs ညှိနှိုင်းရေးအဖွဲ့လက်အောက်ရှိ နမ်ရှီး၊ မျှော်လင့်ရာ လူမှုအကျိုးဆောင်အသင်း၊ အမျိုးသမီးဦးဆောင်အဖွဲ့၊ မြစ်ဖျားဒေသ သဘာဝထိန်းသိမ်းရေးအဖွဲ့၊ ဆွတ်ရိန်ဂျာ၊ နမ့်ကျိုပရဟိတဖောင်ဒေးရှင်း၊ နှစ်ခြင်းဇုံနယ်ဖွံ့ဖြိုးရေးအဖွဲ့၊ မချမ်းဘောလူမှုဖွံ့ဖြိုးရေးအဖွဲ့၊ နောင်မွန်(ရဲန်အရား) လူမှုဖွံ့ဖြိုးရေးအဖွဲ့တို့က တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# မြင်းခြံရှိ မဟာဗောဓိတစ်ထောင် ဓာတ်တော်တိုက်စေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံနိုင်ရေးညှိနှိုင်းစည်းဝေး

**မြင်းခြံ ဇူလိုင် ၁၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရိပ်သာအစည်းအဝေးခန်းမ၌ ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီက မဟာဗောဓိတစ်ထောင်ဓာတ်တော်တိုက် စေတီတော် ဘက်စုံပြုပြင်မွမ်းမံရေး၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင်လှူပူဇော်ပွဲ အခမ်းအနား ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ကြောင်း သိရသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မဟာဗောဓိတစ်ထောင် ဓာတ်တော်တိုက်စေတီတော် ဘက်စုံပြုပြင်မွမ်းမံရေး ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် တင်လှူပူဇော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်စိုးက အဖွင့်အမှာစကား ပြောကြားခြင်းနှင့် ရွှေထီးတော်ကြီးနှင့်ပတ်သက်၍ ဆောင်ရွက်ရန်လိုအပ်ချက်များကို ပရိုဂျက်တာဖြင့်ပြသရှင်းလင်းပြောကြားခဲ့ပြီး လုပ်ငန်းအကောင်အထည်ဖော်ရေး ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်က ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများက လုပ်ငန်းတစ်ခုချင်းအလိုက် ရှင်းလင်းတင်ပြခြင်း၊ တက်ရောက်လာသည့် ပုဂ္ဂိုလ်များမှ လိုအပ်သည်များကို ဖြည့်စွက်အကြံပြုဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မဟာဗောဓိတစ်ထောင် ဓာတ်တော်တိုက် စေတီတော်ဘက်စုံပြုပြင်မွမ်းမံရေး၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် တင်လှူပူဇော်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုအဖွဲ့များ၊ မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

# ပြည်သူ့လက်ဝယ်အရောက် စာအုပ်၊စာစောင်များ လိုက်လံငှားရမ်း

**ပေါင် ဇူလိုင် ၁၃**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ ပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရေး၊ ပြည်သူ့လက်ဝယ်အရောက် စာအုပ်စာပေများနှင့် ပိုမိုနီးစပ်စေရေးအတွက် ရည်ရွယ်၍ မြို့နယ်ရုံး ပြည်သူ့စာကြည့်တိုက်မှ စာအုပ်စာစောင်များကို ရက်ကွက်ကျေးရွာအလိုက် လူနေစည်ကားရာ နေရာများတွင် သွားရောက်ငှားရမ်း ပေးလျက်ရှိရာ ဇူလိုင် ၁၂ ရက် မွန်းတည့် ၁၂ နာရီက မွန်ပြည်နယ် ပေါင်မြို့နယ် ပေါင်းရပ်ကွက် ဝင်းခလုံးပိုင်း ဒေါ်စန်းလှနေအိမ်၌ သွားရောက်ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

"ကျွန်မက ဈေးဆိုင်ဖွင့်ထားတယ်ဆိုတော့ စာကြည့်တိုက်ထိသွားပြီး ငှားဖို့က အဆင်မပြေဘူး။ အခုလို ရပ်ကွက်ကျေးရွာအရောက် လာရောက်ငှားရမ်းပေးတော့ ကျွန်မတို့အတွက် အဆင်ပြေတာပေါ့။ အပတ်တိုင်းလာရောက်ငှားရမ်းပေးတဲ့အတွက် ကျွန်မတို့ ဒီအပတ်ငှားတဲ့စာအုပ်ကို နောက်အပတ်မှာ ပြန်လဲပြီး ဖတ်လို့ရတယ်။ တခြား ဂျာနယ်တွေ၊ စာအုပ်စာစောင်တွေ ဖတ်တော့ ဗဟုသုတတွေရလာတယ်။ ကျွန်မအတွက် ဈေးရောင်းဖို့ ကုန်ဈေးနှုန်းအတက်အကျတွေ သိလာတယ်။ အရမ်းကို ကောင်းပါတယ်။ အခုလို လုပ်ပေးတာ ကျွန်မတို့လို ပြည်သူတွေအတွက် အများကြီး အထောက်အကူပြုပါတယ်" ဟု စာအုပ်ငှားသူ မချမ်းမြင့်သူက ပြောသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ (NGO) အဖွဲ့အစည်းများ၊ ပြည်သူလူထုများနှင့်ပူးပေါင်းကာ စာဖတ်ရှိန်မြင့်မားအောင် စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိအောင် မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ စာဖတ်ဝိုင်းများ ပြုလုပ်လျက်ရှိကြောင်း၊ မြို့နယ်ရုံးပြည်သူ့စာကြည့်တိုက်သည် အများပြည်သူများ အသုံးပြုနိုင်သော ကွန်မြူနတီစင်တာအဖြစ် အဆင့်မြှင့်တင်ကာ ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့နယ်အတွင်းရှိ မြို့ပေါ် ရပ်ကွက်(၈)ရပ်ကွက်၊ ကျေးရွာ ၄၉ ရွာများ၊ စာသင်ကျောင်းများတွင် နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေးခြင်းနှင့် အသိပညာပေးဟောပြောပွဲများ၊ နိုင်ငံတော်အစိုးရအဖွဲ့၏လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများ၊ နံရံကပ်စာစောင်များ၊ ပိုစတာများ၊ မြို့နယ်အတွင်း လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ ပြသပေးခြင်းများကို အလှည့်ကျ ဆောင်ရွက်ပေးခြင်း၊ နံရံကပ်စာပေရေချမ်းစင်များကို လူနေစည်ကားရာနေရာများဖြစ်သော မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်ပြည်သူ့ဆေးရုံ၊ မြို့နယ်မော်တော်ယာဉ်ရုံး၊ မြန်မာ့စီးပွားရေးဘဏ်၊ ဇင်းကျိုက်မြို့ ရွှေငါးလက်ဖက်ရည်ဆိုင်၊ ကမ္ဘာအေးကားဂိတ်၊ ကဒုံစီးဆိုင်ကယ်တက္ကဆီဂိတ်၊ ပေါင်းရပ်ကွက် ပြည်သူ့အလင်းစာကြည့်တိုက်နှင့် ကျေးရွာများသို့ ထားရှိဆောင်ရွက်ပေးခြင်း၊ Digital စာကြည့်တိုက်စနစ် (Public Digital Library Service)ဖြင့် စာအုပ်မျိုးစုံကို အလွယ်တကူ ဖတ်ရှုနိုင်ရန်အတွက် ပေါင်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် စက်တစ်လုံး ထားရှိ ဖတ်ရှုစေခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်ရုံးစာကြည့်တိုက်၌ တစ်ပတ်လျှင် ခြောက်ရက် စာအုပ်စာစောင်များ ငှားရမ်းပေးသည့်အပြင် ပြည်သူများကြား ပိုမိုထိရောက်စွာ စာပေဖတ်ရှုနိုင်စေရေး၊ ပြည်သူတို့၏ လိုအပ်ချက်အကြံပြုချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေးအတွက် စာအုပ်၊ စာစောင် ၁၀၀ ကျော်အား ရပ်ကွက်၊ ကျေးရွာအလိုက် လူနေစည်းကားရာ နေရာများတွင် အပတ်စဉ်သွားရောက်ငှားရမ်းပေးလျက်ရှိကြောင်းသိရသည်။

**ကိုဟိန်း (ပေါင်)**



# အားလုံးအကျုံးဝင်ဖွံ့ဖြိုးတိုးတက်မှုအတွက် စီမံကိန်းရေးဆွဲရေးဆရာဖြစ်သင်တန်းဖွင့်လှစ်

**ပခုက္ကူ ဇူလိုင် ၁၃**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် အက်ရှင်အေ့ဒ်မြန်မာ (Actionaid Myanmar)မှ ကူညီပံ့ပိုးသည့် အားလုံးအကျုံးဝင်ဖွံ့ဖြိုးတိုးတက်မှုအတွက် အောက်ခြေမှ စီမံကိန်းရေးဆွဲရေးဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီခွဲက ပခုက္ကူမြို့ မြို့မလမ်းရှိ သာသနာ့ဗိမာန်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ပြောကြားရာတွင် စီမံကိန်းများ ရေးဆွဲရာ၌ ပြည်သူ့အသံ၊ ပြည်သူ့သဘောထားနှင့်အညီ ရေးဆွဲနိုင်ရေးအတွက် အက်ရှင်အေ့ဒ်မြန်မာ၏ အကူအညီဖြင့် သင်တန်းဖွင့်လှစ်ပါကြောင်း၊ ပခုက္ကူမြို့နယ်တွင် ကျေးရွာလက်စွဲစာအုပ်များ ပြုစုထားပြီးဖြစ်ကြောင်း ကျေးရွာလက်စွဲစာအုပ်တွင် ကျေးရွာပြည်သူများ၏ ညှိနှိုင်းဆုံးဖြတ်ချက်ဖြင့် အနာဂတ်တွင် ဆောင်ရွက်နိုင်မည့်လုပ်ငန်းများ၊ မျှော်လင့်ချက်များ ပါဝင်ပြီးဖြစ်ကြောင်း တက်ရောက်လာသည့် သင်တန်းသားအရာရှိများအနေဖြင့်စနစ်တကျသင်ယူပြီး မြို့နယ်အဆင့်ရပ်ကွက်၊ ကျေးရွာအဆင့်သင်တန်းများ ပြန်လည်ပို့ချရမည်ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် အက်ရှင်အေ့ဒ်မြန်မာမှ Country Director Mr. Shihab Uddin Ahmad က ပခုက္ကူခရိုင်အတွင်း ပခုက္ကူမြို့နယ်နှင့် မြိုင်မြို့နယ်တို့တွင် အက်ရှင်အေ့ဒ်မြန်မာက ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ရာတွင် ဖြတ်လမ်းမရှိကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ သင်တန်းသို့ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၅ မြို့နယ်မှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးများ၊ မြို့နယ်စီမံကိန်းရုံးများမှ စီမံကိန်းဦးစီးမှူးများ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးများနှင့် စေတနာဝန်ထမ်းများ စုစုပေါင်း ၈၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာဇူလိုင် ၂၇ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပခုက္ကူမြို့ မြို့မရဲစခန်း ဝန်ထမ်းအိမ်ရာသစ်တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ဝန်ထမ်းမိသားစုများအား ဝန်ထမ်းလိုင်းခန်းများအရောက် ကြည့်ရှုအားပေးခဲ့ပြီး ပခုက္ကူမြို့နယ် ကြက်တန်းကုန်းကျေးရွာ မြစ်ကမ်းပါးပြိုကျမှုအခြေအနေနှင့် ယာယီရေကာတာ တည်ဆောက်မည့်နေရာတို့အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပခုက္ကူခရိုင် ရေစကြိုမြို့သို့ရောက်ရှိပြီး ရေစကြိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမတွင် ရေစကြိုမြို့နယ် လွှတ်တော်သုံးရပ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စများ တွေ့ဆုံဆွေးနွေးပြီး ဗိုလ်ချုပ်ရုပ်တုနှင့် ပန်းခြံတည်ဆောက်ထားနိုင်ရေး မြေနေရာကိစ္စရပ်များနှင့် ချင်းတွင်းမြစ်ဘေးတစ်လျှောက်ရှိ ကမ်းပါးပြိုကျမှုဖြစ်ပွားခဲ့သော ထင်းတန်းရပ် သမန္တပိုရွာ၊ ချစ်သူရွာ၊ ပခန်းငယ်ရွာ၊ နန်းဦးရွာတို့ကို မြစ်ကမ်းတစ်လျှောက် စက်လှေဖြင့် လှည့်လည်ကြည့်ရှုခဲ့ပြီး ဆိပ်ဖြူမြို့နယ်သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

**ပခုက္ကူခရိုင်ပြန်/ဆက်**

# ချင်းတွင်းမြစ်ရေကြီးသဖြင့် ပိတ်ရက်ရှည်မည်ကို ကုန်တင်ကုန်ချ အလုပ်သမားများ စိုးရိမ်နေ

**မုံရွာ ဇူလိုင် ၁၃**

ချင်းတွင်းမြစ်ရေမြင့်တက်သဖြင့် ချင်းတွင်းအထက်ပိုင်းဒေသများသို့ ပြေးဆွဲလျက်ရှိသော ကုန်တင် အမြန်ရေယာဉ်လိုင်းများ ပိတ်ထားပြီဖြစ်ရာ မုံရွာမြို့ ချင်းတွင်းဆိပ်ကမ်းတွင် အလုပ်လုပ်ကိုင်လျက်ရှိသော ကုန်တင်ကုန်ချ အလုပ်သမားများ အလုပ်အကိုင် နည်းပါးလျက်ရှိသောကြောင့် ရေယာဉ်လိုင်းများ ပိတ်ရက်ရှည်မည်ကို စိုးရိမ်လျက်ရှိကြောင်း ကုန်တင်ကုန်ချ လုပ်ကိုင်သူများကပြောသည်။

မုံရွာမြို့ ချင်းတွင်းဆိပ်ကမ်းများတွင် အလုပ်လုပ်ကိုင်လျက်ရှိသော ကုန်တင်ကုန်ချ အလုပ်သမားများသည် ချင်းတွင်းအထက်ပိုင်းဒေသများသို့ထွက်သော ကုန်တင်အမြန်ရေယာဉ်များ ပစ္စည်းများအတင်အချကို မှီခိုလုပ်ကိုင်စားသောက်လျက်ရှိရာ မြစ်ရေကြီးမြင့်ချိန်တွင် ဝင်ငွေရရှိမှုနည်းပါးလျက်ရှိရာ အဆိုပါရေယာဉ်လိုင်းများ ပိတ်ရက်ရှည်ပါက ဝင်ငွေများထိခိုက်မှုရှိပြီး စားဝတ်နေရေးများ အခက်အခဲဖြစ်ပေါ်နိုင်သဖြင့် စိုးရိမ်နေခြင်းဖြစ်ကြောင်း သိရသည်။

"ဒီမှာအလုပ်လုပ်တာ လေးနှစ်လောက်ရှိပါပြီ။ ဒီမှာကအလုပ်ကို အဆိုင်းလိုက် စုပေါင်းပြီးလုပ်ရတယ်။ ပြီးရင် ခွဲဝေပြီးယူရတယ်။ အခုရေကြီးချိန် ရက်ပိုင်းမှာ တစ်ရက်ကို အမြင့်ဆုံးငွေကျပ် ၇၀၀၀ ကနေ ၃၀၀၀၀ လောက်အထိရတဲ့ရက်တွေရှိတယ်။ ကျန်းမာရေးမကောင်းတဲ့ရက်တွေ လုပ်ငန်းခွင်ထိခိုက်မှုတွေဆိုရင်တော့ လူမှုဖူလုံရေးရုံးမှာ ကျန်းမာရေးစောင့်ရှောက်မှုခံယူလို့ရပါတယ်။ ရိုးရိုးကျန်းမာရေးမကောင်းတဲ့ ရက်ကတော့ အလုပ်မဆင်းနိုင်ရင် ဝင်ငွေမရပါဘူး။ အဲဒီရက်တွေဆိုရင်တော့ မိသားစုစားဝတ်နေရေးက အခက်အခဲရှိပါတယ်။ အဲဒါကြောင့် အလုပ်အကိုင်ပါးလည်း အခုလိုအလုပ်လာဆင်းတာပါ။ ချင်းတွင်းအထက်ပိုင်းတွေကိုထွက်တဲ့ ကုန်တင်ရေယာဉ်လိုင်းတွေကို အမှီပြုလုပ်ကိုင်ရတာဖြစ်တဲ့အတွက် ပိတ်ရက်ရှည်မှာကို စိုးရိမ်ပါတယ်"ဟု ဆားလင်းကြီးမြို့နယ် ကျောက်တိုင်ကျေးရွာမှ အလုပ်လာရောက်လုပ်ကိုင်သောကုန်တင်ကုန်ချလုပ်သား ကိုဆန်းဦးက ပြောသည်။

မုံရွာမြို့ ဆိပ်ကမ်းတွင် အလုပ်လုပ်ကိုင်လျက်ရှိသော ကုန်တင်ကုန်ချ လုပ်သားများသည် အဆိုင်းလိုက် အလုပ်လုပ်ကိုင်ကြပြီး ရရှိလာသည့်ဝင်ငွေများကို အချိုးကျခွဲဝေယူခြင်းဖြစ်ကြောင်း သိရသည်။

"လုပ်ငန်းအနေနဲ့ကတော့ မရှားပါဘူး။ ဝင်ငွေကတော့ နည်းတာပေါ့၊ ချင်းတွင်းအထက်လိုင်းတွေ ပိတ်ပေမယ့် အောက်ပိုင်းကတက်လာတဲ့ ငါးပိ၊ ဆား၊ ဘိလပ်မြေ တင်လာတဲ့ သင်္ဘောကြီးတွေက ကုန်တင်ကုန်ချက ရှိနေပါတယ်။ ဝင်ငွေအနေနဲ့ကတော့ တစ်ရက်နဲ့တစ်ရက် မတူပါဘူး။ ကုန်အတင်အချပေါ်မူတည်ပြီး များတဲ့ရက်ရှိသလို နည်းတဲ့ရက်လည်းရှိပါတယ်။

"ရာသီဥတုမကောင်းရင် စက်လှေမပို့နိုင်လို့ အလုပ်မလာနိုင်တဲ့ရက်တွေမှာ ရှိတဲ့လုပ်သားနဲ့ အလုပ်ကိုလုပ်ရတဲ့ရက် တွေမှာတော့ ဝင်ငွေနည်းတာပေါ့။ အလုပ်သမား ၃၀၀ ကျော်လောက်ရှိပါတယ်။ ဟိုတုန်းကတော့ ၇၀၀ ကျော်လောက်ရှိတယ်။ အနောက်ဘက်ကမ်းက အလုပ်သမားတွေက ဝင်ငွေပုံမှန်ရတဲ့ ဝမ်ပေါင်ကြေးနီမိုင်းမှာ ဝင်ပြီးလုပ်ကြတဲ့အတွက် အလုပ်သမားနည်းသွားတာပါ" ဟု လုပ်သားမျှူး ဦးဝင်းမြင့်ဦးက ပြောသည်။




မုံရွာဌာနခွဲ ပြည်တွင်း ကုန်တင်ကုန်ချ အခြေခံအလုပ်သမားအဖွဲ့အစည်းတွင် ကုန်တင်ကုန်ချလုပ်သား ၃၀၀ ကျော်ဖြင့် အဆိုင်းများခွဲပြီး ကုန်တင်ကုန်ချလုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ ချင်းတွင်းအထက်ပိုင်းဒေသများသို့ထွက်ရှိသည့် ကုန်တင်ရေယာဉ်လိုင်းများ မြစ်ရေကြီးမြင့်မှုကြောင့် ခရီးစဉ်များကို ပိတ်သိမ်းထားကြောင်း သိရသည်။

**မင်းဝေ (မုံရွာ)**

# ပြင်ဦးလွင်၌ နဂါးမောက်သီးလှိုင်လှိုင်ပေါ်၍ ပုံမှန်ဝင်ငွေရရှိ

**ပြင်ဦးလွင် ဇူလိုင် ၁၃**

နဂါးမောက်ပင်ကို မြန်မာနိုင်ငံအနှံ့အပြားရှိ မြေအမျိုးအစားများစွာတွင် ကောင်းစွာစိုက်ပျိုးနိုင်သည်။ နဂါးမောက်သီးသည် သွေးတိုးရှိသူများ၊ ဆီးချိုရှိသူများ၊ အသားအရေလှပလိုသူများနှင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် စားသုံးသင့်သောအသီးတစ်မျိုးဖြစ်ပြီး သွေးအတွင်းရှိ သကြားဓာတ်များကို လျှော့ချနိုင်သည့်အပြင် ကင်ဆာဖြစ်စေနိုင်ခြင်းများကိုလည်း ကာကွယ်ပေးနိုင်ကြောင်း သိရသည်။ ယခုအခါ ပြင်ဦးလွင်ဒေသ၌ နဂါးမောက်သီးများ လှိုင်လှိုင်ပေါ်၍ ပုံမှန်ဝင်ငွေရရှိနေသောကြောင့် နဂါးမောက်ခြံပိုင်ရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။



"ဒီဒေသထွက် နဂါးမောက်သီးတွေကို မြို့ပေါ်မှာလည်းရောင်းတယ်။ တခြားဒေသများကိုလည်း ရောင်းတယ်။ မန္တလေးမြို့ကိုလည်း အများဆုံးတင်ပို့ရောင်းချပါတယ်။ စိုက်ပြီး တစ်နှစ်အတွင်း အသီးစတင်ခူးရတော့ အဆင်ပြေတယ်။ အပင်သက်တမ်းက နှစ် ၂၀ ခန့်ရှိတယ်။ နှစ်ရှည်ပင်ဆိုတော့ တစ်ခါစိုက်ထားရင် နှစ်စဉ်ဝင်ငွေရရှိတာပေါ့။ ပြီးခဲ့တဲ့လကတည်းက အသီးစတင် ခူးဆွတ်ရောင်းချနေရတော့ နေ့စဉ်ပုံမှန်ဝင် ငွေရတယ်လေ။ ဒါကြောင့် အဆင်ပြေပါတယ်" ဟု ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး ၁၀ မှ နဂါးမောက်ခြံပိုင်ရှင်တစ်ဦးက ပြောပြသည်။

နဂါးမောက်သီး စိုက်ပျိုးမှုနှင့် ပတ်သက်၍ ၎င်းက ဆက်လက်ပြောကြားရာတွင် "နဂါးမောက်ပင်ကို အစေ့စိုက်ပျိုးခြင်း၊ ကိုင်းဖြတ် စိုက်ပျိုးခြင်းဟူ၍ နှစ်မျိုးရှိတယ်။ ဒီမှာတော့ ကိုင်းဖြတ်စိုက်ပျိုးကြတာများတယ်။ တစ်ဧကကို အပင် ၂၀၀၀ မှ ၃၀၀၀ ခန့် စိုက်ပျိုးကြတယ်။ စိုက်ပြီး ရှစ်လလောက်ကျော်ရင် အသီးစတင်ခူးလို့ရပြီး။ မျိုးကလည်း အနီမျိုးပဲ စိုက်ကြတာများတယ်။ အနီမျိုးက အခွံသာနီတာ အတွင်းသားက အဖြူရောင်ပါ။ နဂါးမောက်စိုက်ပျိုးရာတွင် အပင်တွယ်တက်ရန် ကွန်ကရစ်တိုင်၊ အုတ်တိုင်၊ သစ်သားတိုင်နှင့် ဝါးတိုင်များကို သုံးပြီးစိုက်ကြတယ်။ ကိုင်းဖြတ်ရာမှာလည်း နဂါးမောက်သီးပွင့်ပြီး တစ်နှစ်နှင့် နှစ်နှစ်အကြား ကိုင်းရင့်ချိန်မှ ဖြတ်ရတယ်။ အသီးသီးပြီးချိန်ပေါ့၊ ပျိုးပင်အိတ်လေးတွေနဲ့ မြေဆွေးထည့်ပြီး အမြစ်တက်လာအောင်ပျိုးပြီး စိုက်ကြတယ်။ ဧပြီလမှ ဇူလိုင်လအထိ အများဆုံးပွင့်ပြီး အသီးကင်းမှစ၍ အသီးရင့်မှည့်ချိန် တစ်လမှ တစ်လခွဲခန့်ကြာတယ်။ အရင့်မှည့်ဆုံး အချိန်တွင် အသီးအနီရောင်ပြောင်းသွားပါတယ်။ အသီးမှာရှိတဲ့ ရွက်ဖတ်တွေကလည်း အနီရောင်ပြောင်းတယ်။ တစ်ဧကကို တစ်နှစ်လျှင် အသီးကောင်းရင် နဂါးမောက်သီး ၁၀ တန်လောက်ထိရပါတယ်" ဟု ၎င်းက ပြောသည်။

ပြင်ဦးလွင်ဒေသရှိ နဂါးမောက်ခြံများ၌ နဂါးမောက်သီးများ လှိုင်လှိုင်ပေါ်နေ၍ ဈေးကွက်အတွင်းသို့ တင်ပို့ရောင်းချလျက်ရှိရာ နဂါးမောက်အကြီးအသေး အရွယ်အစားပေါ်မူတည်၍ တစ်လုံးလျှင် ငွေကျပ် ၂၀၀၊ ၃၀၀၊ ၄၀၀၊ ၅၀၀၊ ၇၀၀ ထိ ဈေးရှိနေပြီး နဂါးမောက်ခြံပိုင်ရှင်များ ပုံမှန်ဝင်ငွေရနေသောကြောင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ပန်ဆိုင်း(ကြူကုတ်)မြို့တွင် အာဇာနည်နေ့အကြိုဟောပြောပွဲ၊ စာဖတ်ရှိန်မြှင့်တင်ရေးပွဲနှင့် စာစီစာကုံးပြိုင်ပွဲ၊ ဆုပေးပွဲ ကျင်းပ

**ပန်ဆိုင်း(ကြူကုတ်) ဇူလိုင် ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ပန်ဆိုင်း(ကြူကုတ်)မြို့နယ်ခွဲတွင် လာမည့် (၆၉)နှစ်မြောက် အာဇာနည်နေ့ကို ကြိုဆိုသည့်အနေဖြင့် ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီက ပန်ဆိုင်း(ကြူကုတ်) အခြေခံပညာအထက်တန်းကျောင်းကွင်းပြင်၌ အာဇာနည်နေ့ အကြိုဟောပြောပွဲ၊ စာဖတ်ရှိန်မြှင့်တင်ရေးပွဲနှင့် စာစီစာကုံးပြိုင်ပွဲ၊ ဆုပေးပွဲများ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဆရာမကြီး ဒေါ်ယဉ်ယဉ်မြင့်က အဖွင့်အမှာစကားပြောကြားပြီး စာစီစာကုံးပထမဆုရရှိသူ မနေခြည်အေးဝတ်ရည်ဇွန် (ဒသမတန်း)က ဇူလိုင် ၁၉ မျက်ရည်မိုး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာမကြီးဒေါ်ဥမ္မာကျော်(လယ်ပြ)က အာဇာနည်နေ့အကြောင်း ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးအောင်ကျော်က စာဖတ်ခြင်းအကျိုး၊ ကျောင်းသား၊ ကျောင်းသူများ စာအုပ်စာပေပိုမိုဖတ်ရှုလေ့လာနိုင်ရေးအတွက် လစဉ် စာအုပ်စာစောင်များ အစဉ်ဖြည့်တင်းပေးနေခြင်း၊ လူစုဝေးရာနေရာများတွင် စာပေရေချမ်းစင်များထားပေးခြင်းများအားသွန်ခွန်စိုက်ပြုလုပ် ပေးနေပါကြောင်း အသိပေး ရှင်းလင်းဟောပြောသည်။

စာစီစာကုံးပြိုင်ပွဲကို ဇူလိုင် ၁၁ ရက် မွန်းလွဲ ၂ နာရီက ဇူလိုင် ၁၉ မျက်ရည်မိုး ခေါင်းစဉ်ဖြင့် ကျင်းပကာ ကျောင်းသား၄ဦး၊ ကျောင်းသူ ၁၅ဦး စုစုပေါင်း ၂၀တို့က ဖြေဆိုပြီး ထူးချွန်သူများကို ကျောင်းအုပ်ဆရာမကြီးက ဆုအသီးသီး ချီးမြှင့်ပေးအပ်ခဲ့သည်။ အဆိုပါ ဟောပြောပွဲအခမ်းအနားတွင် ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အင်အား ၅၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ပန်ဆိုင်း ပြန်/ဆက်**

## (၆၉) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြောပွဲနှင့် စားသုံးသူရေးရာ ပညာပေးဟောပြော

**သဲကုန်း ဇူလိုင် ၁၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် လင်းလှဲ့ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၆၉) နှစ်မြောက် အာဇာနည်နေ့အကြိုဟောပြောပွဲ၊ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင် ဓာတ်ပုံပြပွဲနှင့် စားသုံးသူရေးရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၁ ရက် မွန်းလွဲ ၁ နာရီ၌ အဆိုပါ ကျေးရွာရှိ အ-လ-က ကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကျေးရွာအုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးနိုင်လင်းက အာဇာနည်ခေါင်းဆောင်ကြီးများအကြောင်း သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးအောင်သိန်းမှလည်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာများအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးနိုင်လင်းက ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးဦးမြင့်ဇော်က လက်ခံရယူ၍ ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျောင်းသူ ကျောင်းသားများက ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြည်)**


Ocean
SUPERCENTER
BEST VALUE PRODUCTS
AND MORE...
SUPER SAVER
တန်မှတန်
15th ~ 28th July, 2016
Waso Special !!!
SAVE
KARAWEIK
Monk Donated Basket
(Shwe Taung CYC)
1 Ks.15,500 14,400
KYAR NGARR KHINE
Monk Donated Basket
(L Normal CYC)
2 Ks.19,000 17,500
LAW KA NAT
Thingan (Indonesia CYC)
သင်္ကန်း
3 Ks.12,200 11,300
LAW KA NAT
Thingan (Boma-333)
သင်္ကန်း
4 Ks.36,000 33,500
MIKKO
Monk Umbrella Long
5 3,500
YWET HLAY
Monk Slipper (Klip)
6 3,300
QUAKER
Instant Oatmeal
425g
2,350 each Ks.2,600
HOSEN
Rambutan with Pineapple 565g
2,650 each Ks.2,950
PWINT OO
Fried Jew
-Soya Bean Spicy
-with Peanut
100g
550 each Ks.600
YMM
Pickled Tea
Sour & Spicy
206g
2,700 Ks.3,000
ZU ZU
Lentils
300g
1,000 Ks.1,100
RED RUBY
Mung Dal Spit
500g
1,200 Ks.1,350
THUZAR MYAING
Pickled Mango Sweet
95g
550 Ks.650
GOLDEN ELEPHANT
Wheat Noodle 620g
820 Ks.920
Ocean
SUPERCENTER
ရသာထူးခြား
မြန်မာ့ဒေသထွက်
အစားအစာများ ဈေးရောင်းပွဲကြီး
ဇူလိုင် (၁၅) ရက်မှ (၁၉) ရက်နေ့အထိ
ဒေသထွက် အစားအစာ
အမျိုးပေါင်း (၁၅၀) ကျော်
ရှမ်းပြည်တောင်ပိုင်းနှင့် မြောက်ပိုင်း၊ မန္တလေး၊
ပြင်ဦးလွင်၊ မြစ်ဝကျွန်းပေါ်၊ ပျဉ်းမနား၊
ပြည်နှင့် အညာဒေသထွက် မြန်မာ့ရိုးရာ
အစားအစာ များကို မြည်းစမ်းကြည့်ပြီး
ကြိုက်နှစ်သက်ရာကို ရွေးချယ်ဝယ်ယူနိုင်ပါသည်။
ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။
Prices may change without prior notice. While Stocks Last!
BEST VALUE BEST PRODUCTS AND MORE...
ပစ္စည်းလည်းမှန် ဈေးလည်းတန် ...

# လောကချမ်းသာ ထာဝရ အလှူတော် ငွေပဒေသာပင်၊ သားစဉ်မြေးဆက် ဆက်လက်ရှင်သန်နေမည့် အလှူတော်

အသက်အရွယ် အို၊ နာ၊ သေဘေးမှ မလွတ်ကင်းနိုင်သော လူသားများဖြစ်၍ ရောက်လေရာရာအရပ်ရှိ ဘုရားများတွင် ငွေပဒေသာပင် စိုက်ထူလှူဒါန်းမှုမျိုးသည် ဗုဒ္ဓဘာသာဝင်များအတွက် ဒါနမျိုးစေ့ အပင်စိုက်ပျိုးခြင်းဖြစ်ပါသည်။ ထိုအလှူသည် သားစဉ်မြေးဆက် ဆက်လက်ရှင်သန်နေမည့် အလှူတော်ဖြစ်၍ ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်းပင်ဖြစ်ပါသည်။ ထိုကဲ့သို့ ငွေပဒေသာပင် စိုက်ထူခြင်းဖြင့် မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး အဓွန့်ရှည်အောင်ဆောင်ရွက်နိုင်ပြီး ငွေပဒေသာပင်မရှိသော အသီးအပွင့်တို့သည် စေတီဘုရားများအား ပြုပြင်ထိန်းသိမ်းစောင့်ရှောက်မှုအတွက် မှုပန်မှုများ ကင်းဝေးသကဲ့သို့ လှူဒါန်းသူများအတွက်လည်း တူညီသောအကျိုးတရား ခံစားရရှိနိုင်ပါသည်။ ဘုရားဖူးလာရောက်သူများအတွက်လည်း လှူရိုးလှူစဉ် အလှူဒါနမျိုးများအနက် ထူးကဲသော ဒါနတစ်မျိုးဖြစ်ပြီး နောက်တစ်ကြိမ်ဘုရားဖူးလာရောက်ပါက မိမိတို့ လှူဒါန်းမှုကို အမှတ်ရစေ၍ ကုသိုလ်တရား အကျိုးကျေးဇူးများလည်းရနိုင်သဖြင့် ၎င်းအကျိုးကို ရည်ရွယ်က…မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားသော လောကချမ်းသာ အဘယ လာဘမုနိရုပ်ပွားတော်မြတ်ကြီး ကျောက်တော်ကြီးဘုရား ဂေါပကအဖွဲ့မှလည်း ထို ငွေပဒေသာပင်များကို တစ်ပင်လျှင် ကျပ်တစ်သောင်းဖြင့် စိုက်ထူလှူဒါန်းနိုင်ရန် စီစဉ်ထားရှိပြီးဖြစ်ပါသဖြင့် ဘုရားဖူးလာ သူတော်စင်အပေါင်းလည်း မိမိတို့၏ အလှူဒါနကို သားစဉ်မြေးဆက် ဆက်လက်ရှင်သန်နေမည့် အလှူတော်အဖြစ် ပါဝင်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဂေါပကအဖွဲ့ဝင်များဖြစ်သည့် ဦးညွန့်မောင်+ဒေါ်လှမြိုင်မိသားစု၊ ဦးကြည်လှမိသားစု၊ ဦးစိန်လှိုင်+ဒေါ်အေးမြင့်မိသားစု၊ ဦးသိန်းဝင်း+ဒေါ်အေးအေးမြင့်မိသားစု၊ ဦးမောင်မောင်မြင့်အေး+ဒေါက်တာစောယုနွယ် မိသားစု၊ ဦးခင်မောင်ဆက် မိသားစုတို့မှလည်း တစ်ဦးလျှင် ငွေပဒေသာပင် (၁၀)ပင်အတွက် လှူဒါန်းငွေကျပ်တစ်သိန်းစီဖြင့် စတင်လှူဒါန်းခဲ့ပါသည်။

၎င်းငွေများကို မြန်မာ့စီးပွားရေးဘဏ် အင်းစိန်တွင် စာရင်းအမှတ် ( SP 044561) ဖြင့် စာရင်းဖွင့်လှစ်အပ်နှံထားပါပြီး ငွေပဒေသာပင်များမှရရှိသော အသီးအပွင့်များဖြင့်သာ ဘုရားကြီးကိုပြုပြင် ထိန်းသိမ်း စောင့်ရှောက်မည်ဖြစ်ပါသည်။

ဂေါပကအဖွဲ့ရုံး ◆ ဖုန်း - ၆၄၄၈၆၀၊ ၆၄၄၈၅၅၊ ၆၄၄၈၅၇

ဂေါပကအဖွဲ့

---

Parkway Hospitals SINGAPORE

စင်ကာပူနိုင်ငံ Gleneagles ဆေးရုံကြီးမှ
အစာအိမ်အူလမ်းကြောင်းနှင့်အသည်းရောဂါများ၊
အသည်းအစားထိုး အထူးကုဆရာဝန်ကြီးသည်
ယခုလတွင် ဇူလိုင်လ (၁၈)ရက်နေ့နှင့် လစဉ်လတိုင်း လာရောက်ကုသပေးမည်ဖြစ်ပါသည်။

Parkway Hospitals Singapore Representative Office (Myanmar)
Yangon: ၂၄(C)၊ စမ်းလမ်း၊ နဝရတ်ကွန်ဒို၊ အမျိုးသားကစားကွင်းအနီး၊ ဒဂုံမြို့နယ်။
helpline: 09 2611 66664

---

လင်းလွန်းခင်စာပေတိုက်မှ အသစ်ထွက်ရှိသော စာအုပ်များ

**ခင်စောတင်**
**ကောင်းကျိုးတည်ရန် မျှော်လင့်သည်**
ဝေမျှပလုယ် အတွေးအမြင် စာစုများ — တန်ဖိုး - ၂၀၀၀ကျပ်

**တင်နိုင်တိုး**
**ရန်ကုန် မြို့တော်ဝန်များ ၁၇၅၅ မှ ၁၉၈၈ ထိ** — တန်ဖိုး - ၂၅၀၀ကျပ်

**မြေလတ်မောင်မြင့်သူ**
**ရေနည်းငါးတစ်ကောင်၏ ဘဝအားမာန်**
လူငယ်လူရွယ်ဆိုင်ရာအက်ဆေးများ — တန်ဖိုး - ၂၅၀၀ကျပ်

လင်းလွန်းခင်စာပေတိုက်
တိုက် (D)ပထမထပ်၊ လိပ်ကန်ယုန်ခြံရှေ၊ လိပ်ကန်လမ်း၊ မှန်တောင်မြို့နယ်။
ဖုန်း ၀၉- ၂၂၀၁၇၄၀၊ ၀၉-၂၅၅၅၅၀၈၆၃၊ ၀၉-၄၂၀၁၄၅၂၃၁

---

**ဆန်လိုနေပြီလား**
အိမ်စားဖို့ ဆန်လိုနေပြီဆိုရင်
မြန်မြန်လေးဖုန်းဆက်လိုက်ပါဗျိုး
09-43334111 ☎01-682844
09-43334222 ☎01-682944
စိတ်ကောင်းကြည်လင် ချန်စီယံပေါ်ဆန်းမွှေး

---

**ဝန်ထမ်းအလိုရှိသည်**
၁။ သန့်ရှင်းရေး၊ အဝတ်လျှော်၊ ထမင်းဟင်းချက်နိုင်သည့်သူ အလိုရှိသည်။
၂။ သန့်ရှင်းရေးနှင့် အဝတ်လျှော်သာလုပ်ဆောင်သည့်သူလည်း အလိုရှိသည်။
ကိုရီးယားလူမျိုးအိမ်
၉ မိုင်၊ Ocean
ဆက်သွယ်ရန်ဖုန်း-၀၉၄၂၇၇၄၃၀၀၇

---


**ကောင်းဆက်** သဘာဝဆေးဒိန်ချဉ်နှင့် ပေါင်းတင်ခြင်း
ကောင်းဆက်မှ Special Promotion စတင်လိုက်ပါပြီ။ Promotion ကာလကိုတော့ 10-7-2016 မှ 10-9-2016 အထိ၊ အစီအစဉ်ကတော့ facebook Page [Kaung Sat] မှ Like Promotion Post ကို Share, Screenshot ရိုက်ပြီး ပင်ရင်းဆိုင်မှာ ပေါင်းတင်၍ 50% Discount ရယူလိုက်ပါ။
ပင်ရင်း — အမှတ် — 202 ၊3-A ၊ ဘုန်းကြီးလမ်းနှင့်အနော်ရထာလမ်းထောင့်၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။ဖုန်း—09-73201034,09-253531272,09-787445800

---





---

ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHINICAL CAR PARKING










TRW (BRNo.200904356H)
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

---




---

ဇီဝမျိုးစုံမျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ကြော်ငြာ

SIS Education Services
"Teaching for society"

UK Teaching Qualifications in Myanmar

**Diploma in TESOL**

London Teacher Training College (UK) နှင့် SIS Education Services တို့ ပူးပေါင်းဖွင့်လှစ်သော နိုင်ငံတကာအသိအမှတ်ပြုအင်္ဂလိပ်စာသင်ကြားရေး Diploma ဖြစ်ပါသည်။ Teacher Training အတွေ့အကြုံ ၁၅ နှစ်ကျော်ရှိ TESOL Certified Trainer ကိုယ်တိုင်သင်ကြားပါမည်။

အမှတ် ၂၁၊ (၄)လွှာ၊ ရွှမ်းကုန်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။ Ph: 09421008412

## ချောက်မြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ

ချောက်မြို့နယ်အသင်း(ရန်ကုန်)၏ အဠမအကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ၁၇-၇-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီ ရန်ကုန်မြို့၊ ရွှေတိဂုံဘုရား၊ အလယ်ပစ္စယံ၊ အာဇာနည်လမ်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ပါသည်။

ချောက်မြို့နယ်သူ/သားများ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ကြွရောက်ကြည်ညိုလှူဒါန်းကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ အလှူငွေနှင့် အလှူဝတ္ထုများ လှူဒါန်းလိုပါက ဒေါက်တာ ဦးမောင်မောင်မြင့် (၀၉-၅၁၁၉၃၉၉)၊ ဒုတိယဗိုလ်မှူးကြီးတင်မောင်(ငြိမ်း) ၀၉-၇၃၂၁၇၃၀၂၊ ဦးအောင်ကြည်မိုး (၀၉-၂၆၁၆၂၁၂၀၉)၊ ဦးမြငွေ (၀၉၅၁၄၁၇၀၈)၊ ဦးမြင့်ဦး (၀၉၉၇၃၄၂၅၃၃၅)၊ ဒေါ်တင်တင်ခိုင်(၀၉-၅၁၄၀၈၀၀) တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ပါသည်။ (နေ့လယ်စာထမင်းဖြင့် ဧည့်ခံကျွေးမွေးပါမည်။)

**ချောက်မြို့နယ်အသင်း(ရန်ကုန်)**
**အလုပ်အမှုဆောင်အဖွဲ့**

## နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော် ဆိုင်ခန်းများ မဲနှိုက်မည်


ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်ကျင်းပသော နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲကို ဇူလိုင်လ ၂၉ ရက်မှ ၃၁ရက် အထိ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန(PPD) ဗဟိုပုံနှိပ်စက်ရုံ ဝင်းတွင် သုံးရက်တိုင် ကျင်းပမည်ဖြစ်ပါသည်။ စာအုပ်ဆိုင် ဖွင့်လှစ်ရောင်းချရန် စာရင်းပေးသွင်းထားသူများအနေဖြင့် (၁၅-၇-၂၀၁၆) (သောကြာနေ့) နေ့လယ် (၁း၀၀) နာရီတွင် ဗဟိုပုံနှိပ်စက်ရုံဝင်း၌ ဆိုင်ခန်းနေရာများ မဲနှိုက်ရွေးချယ် ပေးမည်ဖြစ်ပါသဖြင့် ဆိုင်ခန်းခ တစ်ခန်းလျှင် (၃၀၀၀၀/-)ကျပ် တစ်ပါတည်း ယူဆောင်လာပါရန် အကြောင်းကြားအပ်ပါသည်။

**မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်း၊ ဖုန်း ၀၉-၃၀၀၀၂၃၁၁**

CALIFORNIA UNITEC
Institute of Engineering

Edinburgh Napier UNIVERSITY

edexcel
Approved Centre No. 93845



15th July 2016 တွင်ဖွင့်လှစ်မည့် တန်းခွဲသစ် အတွက် ကျောင်းသူ/ကျောင်းသားများအားစတင် လက်ခံနေပါပြီ။

**BTEC HND Higher National Diploma in Civil Engineering and B.E (Hons) Civil Engineering**

- ကမ္ဘာ့အဆင့်မီ အရည်အသွေးပြည့်ဝသော Civil Engineer ဖြစ်လိုသူများအတွက် BTEC HND Civil Engineering Course များကို အင်္ဂလန်နိုင်ငံမှ Pearson - Edexcel သင်ရိုးညွှန်းတမ်းအတိုင်း တိကျစွာသင်ယူနိုင်ရန် နိုင်ငံခြားတက္ကသိုလ်ကြီးများ (အမေရိကန်၊အင်္ဂလန်၊နယူးဇီလန်၊ဂျာမနီ၊ဂျပန်၊စင်္ကာပူ၊ထိုင်း) မှ Ph.D, Master of Engineering ဘွဲ့ရ ဆရာများကိုယ်တိုင် နိုင်ငံခြားတက္ကသိုလ်ကြီးများမှ သင်ကြားပုံ နည်းစနစ်များအတိုင်း စာတွေ့လက်တွေ့ (Practical & Site Visits) များဖြင့် နိုင်ငံတကာအဆင့်မီ စနစ်တကျ English- Myanmar (၂)ဘာသာဖြင့် သင်ကြားပေးနေပါသည်။
- ၁၀တန်းအောင်၊ GCE "O"Level အောင်၊ တက္ကသိုလ်ပထမနှစ် → Civil Engineering Foundation Course
- GCE "A"Level, တက္ကသိုလ်ဒုတိယနှစ်အောင်၊ GTC/GTU ဒုတိယနှစ်အောင် → HND (Level 4) → HND (Level 5)
- HND Higher National Diploma → B.E (Hons) Civil Engineering (Edinburgh Napier University – UK)

Block C နှင့် D ကြား၊ 3F (တတိယထပ်)၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

09 250 555 558, 09 250 555 559, 09 255 71 72 30, 09 255 71 72 40, 09 421 00 55 44 www.californiaunitec.com www.facebook.com/californiaunitec

HOUSING LIVING & LIFESTYLE EXPO

၂၀၁၆ နှစ်လည် အကြီးမားဆုံး အိမ်ရာနှင့်လူသုံးကုန်စည်ပြပွဲကြီး

**MID-YEAR GIANT SALE EXPO**

HOUSING LIVING & LIFESTYLE EXPO

၄.၈.၁၆ မှ ၇.၈.၁၆ ပြခန်းစုံစမ်းရန် SMART GROUP Ph:01-656875, 667473, 09-73014777 တပ်မတော်ခန်းမ၊ ရန်ကုန်မြို့

Armstrong
ဈေးဝယ်စင်တာကြီးများ၊ ဆိုင်ခန်း၊ ရုံးခန်း၊ စားသောက်ဆိုင် များအတွက် အထူး အသင့်တော်ဆုံး
Heavy duty flooring




BUY! Commercial Flooring 5 Sudes → GET FREE 1Box

30 Box Only

Marketed by: Home Distribution Group

Building – N , Room No. (33,34) သီရိရတနာ လက်ကားဈေး၊ သုဓမ္မာလမ်း၊ အောင်မင်္ဂလာ အဝေးပြေး ကားဝင်းအနီး၊မြောက်ဥက္ကလာပ၊ 09 79 700 70 88, 09 79 700 70 99

ကံ့ကော်ရိပ်
**အဋ္ဌမတန်း**

၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်
ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်
စစ်ဆေးခဲ့သော
မေးခွန်းဟောင်းနှင့်စံပြအဖြေများ

| | |
|---|---|
| မြန်မာစာ | ဦးထွန်းသန်း (ပါမောက္ခ-ငြိမ်း) |
| အင်္ဂလိပ်စာ | UTA (ရန်ကုန်တက္ကသိုလ်) |
| သင်္ချာ | Dr.TW(Maths.) |
| ပထဝီ | ဒေါက်တာမမြင့် (ရန်ကုန်တက္ကသိုလ်) |
| သမိုင်း | ခင်စုမေ (သမိုင်းဌာန) |
| သိပ္ပံ | ဒေါက်တာနီ |

[၃၄] ခုံ

စာမေးပွဲမေးခွန်းများကို အခန်းတစ်ခုချင်းစီအလိုက် စုစည်းပြီး တိကျရှင်းလင်းသော အဖြေများကို အမှတ်ပေးစည်းမျဉ်းနှင့်အညီ ပြုစုထားပါသည်။

ဧကရီစာပေ C/၃၄၊ နေကြာသာယာကုန်းလမ်း၊ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့။ ၀၉၇၃၀၅၁၁၁၄၊၀၉၅၁၂၈၆၇၀၊၀၉၅၅၀၁၁၅၄/ အမြို့မြို့အနယ်နယ်တွင်ဝယ်ယူရရှိနိုင်ပါသည်။

ဇူလိုင်လ ၂၃ ရက်နေ့ မှ ၂၄ ရက်နေ့ထိ
ဩဂုတ်လ ၈ ရက်နေ့ မှ ၉ ရက်နေ့ထိ

SAKURA HOSPITAL
Best Health Myanmar

အမေရိကန်နှလုံးအထူးကုဆရာဝန်များဦးစီးသည့် **Best health Myanmar Cardiovascular Group** ၏ အဖွဲ့ဝင်များဖြစ်သော နိုင်ငံခြားမှနှလုံးနှင့်သွေးကြောအထူးကုဆရာဝန်ကြီးများသည် နှလုံးသွေးကြောကျဉ်းခြင်း၊ပိတ်ခြင်းနှင့် အခြားနှလုံးရောဂါများ၊ နှလုံးခုန်နှေးသူများ၊ မမှန်သူများအတွက် နှလုံးခုန်စက်ထည့်ပေးခြင်း၊ သွေးကြောဆိုင်ရာ စစ်ဆေးစမ်းသပ်ကုသမှုများ၊ သွေးကြောမကြီးနံရံဖောင်းခြင်း၊ဦးခေါင်းသို့သွားသောသွေးကြောပိတ်ခြင်း၊ခြေထောက်သွေးကြောပိတ်ရောဂါများ၊ခြေထောက်သွေးကြောထုံးခြင်း၊ သွေးပြန်ကြောပိတ်ခြင်း၊ ဆီးချိုကြောင့်ခြေထောက်အနာဖြစ်ခြင်းနှင့်အနာမကျက်ခြင်းများ၊ ကျောက်ကပ်ဆေးရန်ပြုလုပ်ထားသည့် သွေးကြောများပိတ်ခြင်းကိုပြန်လည်ဖွင့်ပေးခြင်းစသည့်ကုသမှုအမျိုးမျိုး ကို **တစ်လလျှင် သုံးကြိမ်လာရောက်၍** ကုသပေးလျက်ရှိကြောင်းသတင်းကောင်းပါးအပ်ပါသည်။

လူဦးရေကန့်သတ်ချက်ရှိပါသည်။

အမှတ်(၂၃)၊ ရှင်စောပုလမ်း၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း:- 09-262 100 103, 09-262 100 104 ,01-512 668
Email: sakuraunique@gmail.com , bhmm7788@gmail.com

## မိုးရာသီ အထူးပရိုမိုးရှင်း ပြည်ပခရီးစဉ်များ

Mr. Myanmar Travels and Tours

Singapore 750 USD | Korea 1360 USD | Japan 1990 USD

| | | | |
|---|---|---|---|
| 5D4N Bangkok | - 520 USD | 7D6N China | - 1350 USD |
| 5D4N Chiangmai | - 590 USD | 5D4N HongKong | - 1260 USD |
| 4D3N Vietnam | - 470 USD | 6D5N Dubai | - 1550 USD |
| 5D4N Malaysia | - 590 USD | 8D7N Russia | - 2800 USD |
| 5D4N Penang-LKW | - 830 USD | 9D8N Australia | - 3450 USD |
| 6D5N Bali island | - 1100 USD | 10D9N England | - 5100 USD |

GIORDANO Special Present
*** For Selected Trips Only ***

Tel: 09972897722, 09972897733, 09799753144, 09799753155

## အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ရွှေပြင်သာ/ငွေဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

## ဗျာပိုသား တူးတူးခြားခြားခါနှစ်ရီးစဉ်များ
Ph: 09425334456, 09493223965, 0949578205

## UNIQUE STAR TRAVELS & TOURS

| | | |
|---|---|---|
| ဇန်ကောက် ခရီးစဉ် | July: 15, 30 / Aug: 13, 27 / Sep: 12, 19 | (200 $ / 300 $ / 400 $) |
| ဗီယက်နမ် ခရီးစဉ် | July: 15, 28 / Aug: 13, 27 / Sep: 12, 26 | (200 $ / 300 $ / 400 $) |
| စင်ကာပူ ခရီးစဉ် | July: 16, 29 / Aug: 12, 26 / Sep: 12, 26 | (400 $ / 500 $) |
| စင်ကာပူ+မလေးရှား | July: 27 / Aug: 20 / Sep: 26 | (700 $ / 900 $) |
| ဗီယက်နမ်+ကမ္ဘောဒီးယား | July: 23 / Aug: 20 / Sep: 26 | (500 $ / 600 $ / 700 $) |
| ဇန်ကောက်+ဖူးခက် | July: 15, 30 / Aug: 13, 27 / Sep: 12, 19 | (400 $ / 500 $ / 600 $) |

No.(70/A), Kabaaye Pagoda Rd, Bahan Tsp, Yangon. Ph: 860 4964, 860 4965, 860 4966. 708 353, 705 723, 09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166, 09514 8079

## NELC
Don't Worry, Just Speak!



* တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ အတွက်
Communicative English Classes
- Intro
- Level -1,2,3
- Listening /Speaking -1 & 2
- Grammar
- IELTS Foundation

Enroll Now!

စသည့် English Language အတန်းများကို NELC တွင်တက်ရောက်နိုင်ပါသည်။

မြေနီကုန်း - 526311, 523680 ဗိုလ်အောင်ကျော် - 01 256516~7 မန္တလေး - 09 91023900
ပြင်ဦးလွင် - 09 400306019 လားရှိုး - 082 26611 တာချီလိတ် - 084 52572

## ODYSSEY TRAVELS & TOURS
09 73070193, 09 73187799

ခရီးသွားသည့် အသက်

## ရွှေလမ်းခရီး ... မှ July 8,15,17,18
Ph: 09401589907, 095124678, 098627170

## ဈေးပေါပေါနဲ့ခရီးသွားချင်ပါသလား?
BUDGET AIRLINES SPECIALIST ကို ဆက်သွယ်လိုက်ပါ။

SL, AK, FD, DD, TR, 3K, VJ အစရှိသည့် လေယာဉ်လက်မှတ်များ ဝယ်ယူရရှိနိုင်ပါပြီ။

လေယာဉ်ပျံလက်မှတ် ကိုယ်စားလှယ်(စ်)
Columbus Travels & Tours
T: 01-229245, 01-378535
T: 09-792323561~62, 09-977808930

## Home
Since 1996

ဝါဆိုပွဲတော် ကာလအထူး

၁ ကျင်းဝယ် → ၁ ကျင်း လက်ဆောင်
Buy Floor → Get Wall

READY MADE FLOOR
ပါကေးအစားထိုး ကြမ်းခင်း

ဝယ်ယူသည့်ကျင်းအလိုက် လက်ဆောင်ပစ္စည်းများကို စီစဉ်ထားပါသည်

** Selected items only
** Terms & conditions applied

Branch Showroom > No.11, မင်းကြီးလမ်း၊ အင်းစိန်ဈေးရုံဘေး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ 09 79 700 7074, 09 79 700 7084

## FAME HerbalSleep®
Herbal sedative
သဘာဝအိပ်ဆေး
TMR 011160 (1117)
ISO 9001 : 2015, ISO 14001 : 2015, OHSAS 18001 : 2007, GMP Certified, Organic Certified

## FAME HerbalFresh®
Mental refreshment
စိတ်ကြည်ဆေး
TMR 011255 (1117)
ISO 9001 : 2015, ISO 14001 : 2015, OHSAS 18001 : 2007, GMP Certified, Organic Certified

## အောင်နိုင်သူ မဟာစိန် ကုမ္ပဏီလီမိတက်
Winner Super Diamond Pile Co., Ltd.
W.S.D Group

# W.S.D Pile



Licence No.PL-12

လူကြီးမင်းတို့၏ အဆောက်အဦးများနှင့် စက်ရုံများတွင် ပိုင်ရိုက်ခြင်း၊ Bored Pile, လုပ်ငန်းများ ဆောင်ရွက်လိုပါက ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။



Add: အမှတ်(၅၆)၊ မြေညီထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph: 01-381964, 09-73131288, 09-73150482, 09-250499988
Off: Ph- 09-250 288811, Email: wsdmyanmar@gmail.com

Add: အမှတ်(ဘီ-၁၀)၊(၃၃)လမ်း၊(၈၁-၈၂)လမ်းကြား၊ မန္တလေး။
Ph: 09-265820507

# မြန်မာနိုင်ငံအနေနှင့် အပြည်ပြည်ဆိုင်ရာဥပဒေ အခြေခံမှုများနှင့်အညီ ငြိမ်းချမ်းစွာဖြေရှင်းရန် ကြိုးပမ်းမှုများအားလုံးကို ထောက်ခံ

စာမျက်နှာ - ၉



## ညောင်တုန်းမြို့ ရေဘေးကာကွယ်ရေးအတွက် တာပြုပြင်မြှင့်တင်ခြင်းပြီးစီး

**ညောင်တုန်း ဇူလိုင် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၌ မြို့ပတ်တာပြုပြင်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း ဇန်နဝါရီ ၂ ရက် ညနေက (၉)လမ်းနှင့်(၁၁)လမ်းကြား မြို့ပတ်မြစ်ကမ်းထိန်းတာ၏ဘေးကပ်လျက် ကမ်းပါးအိကျမှုဖြစ်ပွားခဲ့ပြီး အလျားပေ ၄၅၀ ခန့်၊ အနက် ၁၅ ပေခန့်နိမ့်ကျခဲ့သည့်နေရာအား ဆည်မြောင်းနှင့်ရေအသုံးချမှုဦးစီးဌာန တည်ဆောက်ရေး (၉)က ဇန်နဝါရီလအတွင်း ကမ်းအိကမ်းလျှောပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယခုအခါ အားလုံးပြီးစီးသွားပြီဖြစ်သည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**

## ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ရတနာပုံနှင့် ရန်ကုန်တို့ ဆီမီးတက်

**ရန်ကုန် ဇူလိုင် ၁၃**

၂၀၁၆ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပရာ ရတနာပုံအသင်းနှင့် ရန်ကုန်အသင်းတို့ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားသည်။

**(သုဝဏ္ဏကွင်း)**
**ရတနာပုံ-သုံးဂိုး**
**မြဝတီ-တစ်ဂိုး**

MNL ထိပ်သီးကလပ် ရတနာပုံအသင်းသည် တိုက်စစ်မှူး ဝင်းနိုင်စိုး၏ ဟက်ထရစ်ဖြင့် ပထမတန်းကလပ် မြဝတီကိုအနိုင်ယူကာ **စာမျက်နှာ ၄ ကော်လံ ၁ သို့ ○**

## အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲ စတုတ္ထနေ့ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၃**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၆ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲအုပ်စု စတုတ္ထနေ့ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပသည်။

အမျိုးသမီးပြိုင်ပွဲတွင် ထိုင်းကလပ် နာခွန်အသင်းက မြန်မာကလပ် W.F.C အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ထိုင်းကလပ် ဗန်ကောက်အသင်းနှင့် လက်ရှိချန်ပီယံ ဗီယက်နမ်ကလပ် ထိုင်ဆွန်နမ်အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။ **စာမျက်နှာ ၄ ကော်လံ ၃ သို့ ●**

## ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေတက်မည်

**နေပြည်တော် ဇူလိုင် ၁၃**

ဇူလိုင် ၂၀ ရက်မှ ဇူလိုင် ၂၄ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၄၀ ပေခန့်မှ ၂၀ ဒသမ ၈၀ ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၁၄-၂၀၁၅ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံ ရေစစ်မျဉ်းအထက် အမြင့်ပေ ၂၂ ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက်အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတိပေးအကြောင်းကြားထားသည်။

**(ကြေးမုံ)**

## နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၃**

၂၀၁၆ ခုနှစ် အဌမအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းများ၌ ဆက်လက်ကျင်းပခဲ့သည်။

နံနက်ပိုင်းပွဲစဉ်များအဖြစ် ယနေ့နံနက် ၇ နာရီခွဲတွင် လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ အုပ်စု(ဂ)မှ ပြန်ကြားရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြန်ကြားရေးဝန်ကြီးဌာနအသင်းမှ တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၄)၌ အုပ်စု(ဂ)မှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် နေပြည်တော်စည်ပင်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းမှ ၁၁ ဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❂**



ပြန်ကြားရေးအသင်းအတွက် အနိုင်ဂိုးသွင်းယူပေးခဲ့သည့် တိုက်စစ်မှူး စောဝေယံ။
ဓာတ်ပုံ-အား/ကာ

